မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

အတွဲ (၅၂)
အမှတ် (၁၆၁)

Established in 1914

Myanma Alinn Daily

၁၃၇၄ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၃ ရက်

၂၀၁၃ ခုနှစ်၊ မတ် ၁၀ ရက်၊ တနင်္ဂနွေနေ့။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် နယူးဇီလန်နိုင်ငံနှင့် ဩစတြေးလျဓနသဟာယနိုင်ငံများသို့ တရားဝင် ချစ်ကြည်ရေးခရီးများ သွားရောက်မည်

နေပြည်တော် မတ် ၁၀

နယူးဇီလန်နိုင်ငံဝန်ကြီးချုပ် မစ္စတာ ဂျွန်ကီးနှင့် ဩစတြေးလျဓနသဟာယနိုင်ငံဘုရင်ခံချုပ် မစ္စကွင်တင်း ဘရိုက်စ်တို့၏ ဖိတ်ကြားချက်အရ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် နယူးဇီလန်နိုင်ငံနှင့် ဩစတြေးလျဓနသဟာယနိုင်ငံများသို့ မကြာမီကာလအတွင်း တရားဝင်ချစ်ကြည်ရေးခရီးများ သွားရောက်မည်ဖြစ်သည်။

(သတင်းစဉ်)

နွေရာသီကာလတွင် ပြည်သူလူထုအတွက် လျှပ်စစ်ဓာတ်အားပြတ်တောက်မှုမရှိစေရေး သောက်ရေခပ်(၂) ရေအားလျှပ်စစ်စက်ရုံမှ ၈၀ မဂ္ဂါဝပ်ကို ကွန်ရက်အတွင်းပို့လွှတ်

ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုး ခပေါင်း-ရဲနွယ်ရေအားလျှပ်စစ်စီမံကိန်းလုပ်ငန်းများ ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

နေပြည်တော် မတ် ၉

လျှပ်စစ်စွမ်းအားဝန်ကြီးဌာနသည် မတ်လအတွင်း ကျင်းပမည့် တက္ကသိုလ်ဝင်စာမေးပွဲအတွက် မတ် ၁ ရက်မှ စတင်ပြီး နေ့စဉ် ညနေ ၅ နာရီမှ နောက်တစ်နေ့နံနက် ၅ နာရီအထိ ပြည်သူလူထု လျှပ်စစ်ဓာတ်အားပြတ်တောက်မှုမရှိအောင် အထူးအလေးထား ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ ထိုသို့ ဆောင်ရွက်ရာတွင် လက်ရှိလည်ပတ်လျက်ရှိသော သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်များအပြင် ဓာတ်အားပေးစက် ခြောက်လုံးကို ထပ်မံလည်ပတ်ဓာတ်အားထုတ်လုပ်ဖြန့်ဖြူးခြင်းနှင့် ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံများအား ဟန်ချက်ညီမောင်းနှင်ဓာတ်အားထုတ်လုပ်၍ ပြည်သူလူထုအား ဓာတ်အားဖြန့်ဖြူးပေးလျက်ရှိသည်။

ထို့အပြင် လျှပ်စစ်စွမ်းအားဝန်ကြီးဌာနသည် ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံများ၌ ယခုနှစ်အတွင်း သိုလှောင်ရရှိထားသော ရေပမာဏကို စနစ်တကျသုံးစွဲ၍ ဓာတ်အားပေးစက်များလည်ပတ်ပြီး ဓာတ်အားထုတ်လုပ်ကာ နွေရာသီကာလတစ်လျှောက် ပြည်သူလူထု ဓာတ်အားပြတ်တောက်မှုမရှိစေရေးအတွက် ဓာတ်အားဖြန့်ဖြူးပေးနိုင်ရေး အလေးထားရည်မှန်း ဆောင်ရွက်လျက်ရှိသည်။ ထိုသို့ ဓာတ်အားပြတ်တောက်မှုမရှိအောင် ဓာတ်အားထုတ်လုပ်ဖြန့်ဖြူးနိုင်ရေးအတွက် ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံများရှိ စက်များကြံ့ခိုင်ကောင်းမွန်ပြီး လျှပ်စစ်ဓာတ်အားကို ပြည့်ဝစွာ လည်ပတ်ထုတ်လုပ်နိုင်ရေးသည် အရေးကြီးသော လုပ်ငန်းစဉ်တစ်ရပ်ဖြစ်သည်။

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးသည် ရေအားလျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးခင်မောင်ဝင်း လိုက်ပါလျက် မတ် ၈ ရက် နံနက်ပိုင်းတွင် ပဲခူးတိုင်းဒေသကြီး အုတ်တွင်းမြို့၏ အနောက်ဘက် ၁၅မိုင်ခန့်အကွာ ခပေါင်းချောင်းပေါ်တွင် စက်တပ်ဆင်အင်အား ၃၀ မဂ္ဂါဝပ်မှ နှစ်စဉ်ပျမ်းမျှလျှပ်စစ်ဓာတ်အား ကီလိုဝပ်နာရီသန်းပေါင်း ၁၂၀ ထုတ်လုပ်ဖြန့်ဖြူးပေးလျက်ရှိသည့် ခပေါင်းရေအားလျှပ်စစ်ဓာတ်အားပေး စက်ရုံသို့ရောက်ရှိပြီး ရေယူအဆောက်အအုံ (Power Intake)၊ ပင်မတမံအတွင်း ရေဝင်ရောက်မှု၊ ရေသိုလှောင်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် စက်ရုံရှင်းလင်းဆောင်၌ စက်ရုံမှူးနှင့် တာဝန်ရှိသူများအား ပြည်ထောင်စုဝန်ကြီးက နွေရာသီကာလတစ်လျှောက် ပြည်သူလူထုဓာတ်အားပြတ်တောက်မှုမရှိစေရေးအတွက် ဓာတ်အားဖြန့်ဖြူးပေးနိုင်ရန် ရေလှောင်တမံအတွင်းရှိ

စာမျက်နှာ ၃ ကော်လံ ၅ ❐

ပစ်ကပ်ထရပ်ကားများ အခွန်သက်သာစွာ တင်သွင်းနိုင်ပြီ

သတင်း-မောင်နွေသစ်

ပစ်ကပ်ထရပ်ကားများ တင်သွင်းရာတွင် လူစီးယာဉ်အုပ်စုမှ လုပ်ငန်းသုံးယာဉ်အုပ်စုသို့ ပြောင်းလဲတင်သွင်းခွင့်ပြုလိုက်သဖြင့် ပစ်ကပ်ထရပ်ကားများကို သက်သာသော အခွန်နှုန်းထားဖြင့် တင်သွင်းနိုင်ပြီဖြစ်ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ အရာရှိတစ်ဦးက မြန်မာ့အလင်းသို့ ပြောကြားသည်။

"ပစ်ကပ်ထရပ်ကား (Pick-up truck)ကားများကို ယခင်က လူစီးယာဉ်အုပ်စုထဲမှာပါတဲ့အတွက် အခွန်ကို ၈၀ ရာခိုင်နှုန်းသတ်မှတ်ကောက်ခံပါတယ်။ ဒါပေမယ့် အချို့ပစ်ကပ်တွေက အိမ်သုံးဈေးနှုန်းမြင့်ကားတွေမဟုတ်ဘဲ လုပ်ငန်းသုံးယာဉ်တွေဖြစ်နေတဲ့အတွက် ကညနနဲ့ ညှိနှိုင်းပြီး လုပ်ငန်းသုံးယာဉ်အုပ်စုထဲကို ထည့်ပေးလိုက်ပါတယ်။ ဒီလိုအုပ်စုပြောင်း ထည့်ပေးလိုက်တဲ့ အတွက်ကြောင့် ပစ်ကပ်ထရပ်ကားတွေ တင်သွင်းရာမှာလည်း လုပ်ငန်းသုံးဆိုင်ရာ ယာဉ်တွေ တင်သွင်းတဲ့ အခွန်နှုန်းထားအတိုင်း ငါးရာခိုင်နှုန်းသာ ကောက်ခံမှာ ဖြစ်ပါတယ်" ဟု စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်မင်းနိုင်က ပြောကြားသည်။

မတ် ၁ ရက်မှစပြီး ပစ်ကပ်ထရပ်ကားများကို တင်သွင်းရာတွင် စီးပွားရေးလုပ်ငန်းသုံးယာဉ်များတင်သွင်းသည့် အခွန်နှုန်းထားအတိုင်းငါးရာခိုင်နှုန်းသာ ကောက်ခံပေးလျက်ရှိကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။ ပစ်ကပ်ထရပ်ကားများ အခွန်နှုန်းထားများ သက်သာစွာ တင်သွင်းနိုင်မည်ဖြစ်သော်လည်း တံခါးပေါက်နှစ်ပေါက်ပါ ပစ်ကပ်ကားများသာ ငါးရာခိုင်နှုန်းဖြင့် တင်သွင်းခွင့်ပြုလိမ့်မည်ဖြစ်ကြောင်း၊ တံခါးပေါက်လေးပေါက်ပါ ကားများမပါဝင်ကြောင်း သိရသည်။

စာမျက်နှာ ၇ ကော်လံ ၆ ◆

အင်္ဂါဂြိုဟ်ပေါ် နေမုန်တိုင်းကျရောက်မှု ကျူရီရိုစီတီယာဉ်လေ့လာမည်

အာကာဟိန်း

အင်္ဂါဂြိုဟ်မျက်နှာပြင်ပေါ်တွင် ရောက်ရှိလေ့လာနေသော ကျူရီရိုစီတီလေ့လာရေးယာဉ်သည် နေမုန်တိုင်းများတိုက်ခတ်နိုင်သည့် အခြေအနေရှိသဖြင့် လေ့လာရန် စောင့်ဆိုင်းလျက်ရှိကြောင်း နာဆာမှ သတင်းထုတ်ပြန်သည်။

အင်္ဂါဂြိုဟ်မျက်နှာပြင်ပေါ်သို့ နေဂြိုဟ်မှ ထွက်ပေါ်လာသော ရောင်ခြည်တန်းများ ဖြာထွက်ကျရောက်မှုအခြေအနေကို လေ့လာရန် ကျူရီရိုစီတီလေ့လာရေးယာဉ်က စောင့်ဆိုင်းကာ လေ့လာမှုများပြုလုပ်ရန် အသင့်ရှိနေပြီဖြစ်သည်။

နေမုန်တိုင်းမှရောင်ခြည်များသည် ကမ္ဘာဂြိုဟ်ပေါ်သို့ တစ်နာရီလျှင် မိုင်ပေါင်းသန်းချီနှုန်းဖြင့် ကျရောက်ရန်ရှိနေရာ အင်္ဂါဂြိုဟ်မျက်နှာပြင်ပေါ်သို့ ပြန့်နှံ့ရောက်ရှိလာမည့် အနေအထားနှင့် အကျိုးသက်ရောက်မှုကို ကျူရီရိုစီတီလေ့လာရေးယာဉ်က စောင့်ကြည့်လေ့လာမည်ဖြစ်သည်။ (ရိုက်တာ)

ယနေ့

မာတိကာ

သမ္မတကြီးနှင့်အဖွဲ့၏ ဂျပန် ချစ်ကြည်ရေး ခရီးစဉ်သည် မြန်မာပြည်သူများ အတွက် ကံကောင်းခြင်းများကို သယ်ဆောင်ပေးသည့် ခရီးစဉ်တစ်ခုဖြစ် (ခေါင်းကြီး) စာ-၂

ပုပ်ရဟန်းမင်းသစ် ရွေးချယ်ပွဲ မတ် ၁၂ ရက်တွင် ကျင်းပမည် စာ-၄

ရွှန်းနေ မန်ယူတွင် ဆက်ရှိမည် စာ-၁၃

မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

ဤခရီးမှသည်. . .

နိုင်ငံတော်သမ္မတကြီး ဦးသိန်းစိန် ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ၂၀၁၃ ခုနှစ် ဖေဖော်ဝါရီ ၂၅ ရက်မှ မတ် ၈ ရက်အထိ ဥရောပနိုင်ငံများဖြစ်သည့် နော်ဝေ၊ ဖင်လန်၊ ဩစတြီးယား၊ ဘယ်လ်ဂျီယံနှင့် အီတလီ နိုင်ငံများသို့ သွားရောက်ခဲ့ပါသည်။ ဤခရီးစဉ်သည်ကား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သမ္မတတစ်ဦးအနေဖြင့် နှစ်ပေါင်းများစွာ ဥရောပနိုင်ငံများနှင့် မြန်မာနိုင်ငံတို့အကြား အဆက်အသွယ်ပြတ်တောက်ခဲ့ပြီးနောက် သွားရောက်လည်ပတ်ခဲ့သည့် သမိုင်းဝင်ချစ်ကြည်ရေး ခရီးစဉ်တစ်ခုဖြစ်ပါသည်။

သမ္မတကြီးနှင့်အဖွဲ့သည် ဤသို့ ဥရောပနိုင်ငံများခရီးကို အောင်အောင်မြင်မြင် သွားရောက်ခဲ့ခြင်းဖြင့် မြန်မာနိုင်ငံနှင့် အီးယူ (ဥရောပနိုင်ငံများ)အကြား ဆက်ဆံမှုများ တစ်ဆင့်ပြီး တစ်ဆင့် တိုးတက်လာမည်မှာ သေချာပါသည်။ ဥရောပနိုင်ငံများအနေဖြင့် မြန်မာနိုင်ငံနှင့် ယခုကဲ့သို့ အပြုသဘောဆောင် ဆက်ဆံလာခြင်း၏ အဓိက အကြောင်းရင်းတစ်ရပ်မှာ မြန်မာနိုင်ငံအတွင်း ဖြစ်ပေါ်တိုးတက်လျက်ရှိသော နိုင်ငံရေးပြုပြင်ပြောင်းလဲမှု (Political Reform) ကြောင့်ပင်ဖြစ်ပါသည်။ အမှန်အားဖြင့်လည်း ကျွန်ုပ်တို့နိုင်ငံအတွင်း တိုင်းရင်းသားလူမျိုးစုအားလုံး ပါဝင်နိုင်သည့် နိုင်ငံရေးပြုပြင်ပြောင်းလဲမှုများ ဖော်ဆောင်လျက်ရှိပါသည်။ လွန်ခဲ့သည့်နှစ်နှစ်တာကာလအတွင်း နိုင်ငံတော်အစိုးရအနေဖြင့် ပြည်သူကိုအကျိုးဖြစ်ထွန်းစေမည့် ပြုပြင်ပြောင်းလဲမှုများစွာ ပြုလုပ်ပေးနိုင်ခဲ့ပါသည်။ ထို့ကြောင့်လည်း မြန်မာနိုင်ငံနှင့် ကမ္ဘာ့နိုင်ငံအများအပြားနှင့် ဆက်ဆံရေးသည်လည်း တစ်မုဟုတ်ခြင်း တိုးတက်ပြောင်းလဲလာခဲ့ပါသည်။

မြန်မာနိုင်ငံအနေဖြင့် လွန်ခဲ့သည့် ဆယ်စုနှစ် နှစ်ခုအတွင်း အာရှအာဆီယံနိုင်ငံများနှင့်သာ အဓိကထိတွေ့ဆက်ဆံနိုင်ခဲ့ပါသည်။ ယခုအခါ အီးယူ (ဥရောပ)၊ ဗြိတိန်၊ အမေရိကန်စသော ကမ္ဘာ့ထိပ်သီးနိုင်ငံများနှင့် ထိတွေ့ဆက်ဆံလာနိုင်ခဲ့ပြီဖြစ်၍ လွန်ခဲ့သည့် ဆယ်စုနှစ်များက အထီးကျန်မှုများသည် အဆုံးသတ်သွားပြီဟု ဆိုရမည်ဖြစ်ပါသည်။

ဤခရီးစဉ်အတွင်း ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အနေဖြင့် မြန်မာနိုင်ငံအပေါ် ခေတ်အဆက်ဆက်က တင်ရှိနေခဲ့သော ကြွေးမြီများကို ဖြေလျှော့နိုင်ခဲ့ခြင်း၊ စီးပွားရေးအကူအညီ၊ နည်းပညာအကူအညီ၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဆွဲဆောင်ခြင်း စသော အကြောင်းအရာများနှင့်စပ်လျဉ်း၍ ဆွေးနွေးခြင်း၊ ကတိကဝတ်ပြုခြင်းတို့ကို ပြုလုပ်နိုင်ခဲ့ကြောင်း သိရပါသည်။

နိုင်ငံတစ်နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးသည် ငွေကြေးနှင့် နည်းပညာအကူအညီများ ရယူဆောင်ရွက်ရန် အဓိကကျပါသည်။ မြန်မာနိုင်ငံနှင့် ဥရောပနိုင်ငံများအကြား ဤသို့ လက်ပွန်းတတီး ဆက်ဆံမှုတိုးတက်လာခြင်းကြောင့် ထိုအကူအညီများ တဖြည်းဖြည်းတိုးတက်ရရှိလာမည်ဟု ယုံကြည်မိပါသည်။ ဤသို့ ကမ္ဘာ့နိုင်ငံအများအပြားနှင့် ဆက်ဆံရေးတိုးတက်ကောင်းမွန်လာခြင်းကပင် မြန်မာပြည်သူတစ်ရပ်လုံးအတွက် အနာဂတ်ကာလတွင် ရှေ့လျှောက် တိုးတက်ဖွံ့ဖြိုးရန်သာရှိပါတော့သည်။ ထို့ကြောင့် သမ္မတကြီးနှင့်အဖွဲ့၏ ဤချစ်ကြည်ရေးခရီးစဉ်သည် မြန်မာပြည်သူများအတွက် ကံကောင်းခြင်းများကို သယ်ဆောင်ပေးသည့် ခရီးစဉ်တစ်ခုဖြစ်ပါကြောင်း။ ။

ပြည်တွင်းသတင်း

လယ်ယာကဏ္ဍကို အခြားနိုင်ငံများနှင့်ရင်ပေါင်တန်းနိုင်ရန် ဘက်စုံထောင့်စုံကြိုးစား

နေပြည်တော် မတ် ၉

လက်မှုလယ်ယာမှ စက်မှုလယ်ယာစနစ်ကို အရှိန်အဟုန်မြင့်တင်နိုင်ရေး ခေတ်မီစက်ကိရိယာများ ကိုင်တွယ်မောင်းနှင်အသုံးပြုနိုင်မည့် စက်မောင်းပညာရှင် လူသားအရင်းအမြစ်များ မွေးထုတ်ပေးရန် လိုအပ်ချက်ကိုလည်း စက်မှုလယ်ယာဦးစီးဌာနအနေဖြင့် လေ့ကျင့်ရေးသင်တန်းများ စဉ်ဆက်မပြတ် ဖွင့်လှစ်၍ ကျွမ်းကျင်စက်မောင်းဝန်ထမ်းများကို မွေးထုတ်ပေးလျက်ရှိသည်။

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်သည် မတ် ၇ ရက် နံနက် ၉နာရီတွင် မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ် စက်မှုလယ်ယာဦးစီးဌာန ဗဟိုသင်တန်းကျောင်းသို့ ရောက်ရှိပြီး စပါးရိတ်သိမ်းခြွေလှေ့ စက်မောင်းနှင်ထိန်းသိမ်းမှု သင်တန်း အမှတ်စဉ်(၁/၂၀၁၃)မှ သင်တန်းသား ၁၀၀၊ လယ်ယာသုံးစက်ကိရိယာ မောင်းနှင်ထိန်းသိမ်းမှု သင်တန်း အမှတ်စဉ် (၆/၂၀၁၂)မှ သင်တန်းသား ၁၃၄ ဦး စုစုပေါင်း သင်တန်းသား ၂၃၄ ဦးကို တွေ့ဆုံမှာကြားပြီး လက်တွေ့ လေ့ကျင့်ဆောင်ရွက်နေမှုများ၊ **(အောက်ပုံ)** သင်တန်းခန်းမအနီးရှိ ဟင်းသီးဟင်းရွက် စိုက်ခင်းများကို ကြည့်ရှုအားပေးသည်။

ဆက်လက်၍ ဝမ်းတွင်းမြို့နယ် ရွှေတောင်သုတေသနမျိုးစေ့ထုတ်ခြံသို့ရောက်ရှိပြီး သုတေသနခန်းမ၌ စပါးသီးနှံ၊ ဝါသီးနှံ၊ နေကြာသီးနှံများအား မျိုးစေ့ထုတ်စိုက်ပျိုးခြင်းကို စီးပွားဖြစ် ဧက ၅၀၀ တစ်ဆက်တစ်စပ်တည်း အကောင်အထည်ဖော်နေမှုအခြေအနေနှင့် မြေလွတ်မကျန်စိုက်ပျိုးနိုင်ရေး၊ စက်မှုလယ်ယာတိုးချဲ့ဖော်ထုတ်နေမှုများကို ပညာရှင်များနှင့် ဆည်မြောင်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးစိုးညွန့်တို့က ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက နိုင်ငံ့ဝန်ထမ်းပညာရှင်များအနေဖြင့် လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးတာဝန်ကို ယခုထက် ပိုမိုအလုပ်အကျွေးပြုနိုင်ရေး၊ နိုင်ငံတော်၏ လယ်ယာကဏ္ဍကို အခြားနိုင်ငံများနှင့် ရင်ပေါင်တန်းနိုင်ရန် ဘက်စုံ၊ ထောင့်စုံ ကြိုးစားရန် ဆွေးနွေးမှာကြားသည်။

ထို့နောက် သုတေသနခန်းမရှေ့တွင် ခင်းကျင်းပြသထားသော စပ်မျိုးစပါး မျိုးစေ့နမူနာ၊ စပ်မျိုးနေကြာ၊ စပ်မျိုးဝါတို့၏ မျိုးစေ့နမူနာများ၊ ဆန်များနှင့် အပင်နမူနာများ၊ တောင်သူများ စိုက်ပျိုးရာသီချိန်အမီ ဖြန့်ဖြူးရန် ခေတ်မီမျိုးစေ့သန့်စင်စက်ဖြင့် ပုလဲသွယ်စပ်မျိုးစပါးမျိုးစေ့များကို စနစ်တကျ စစ်ဆေးသန့်စင်ခြင်း၊ စနစ်တကျ ထုပ်ပိုးခြင်းလုပ်ငန်းများ၊ တစ်ဆက်တစ်စပ်တည်း ဝါသီးနှံမျိုးစေ့ထုတ်စိုက်ခင်း၊ နေကြာမျိုးစေ့ထုတ်စိုက်ခင်းနှင့် စိမ်းစိုဖြစ်ထွန်းပွင့်ဖူးအောင်မြင်နေသည့် ပုလဲသွယ်အဖိုလိုင်း၊အမလိုင်း စိုက်ကွင်းကြီးများကို ကြည့်ရှုစစ်ဆေးသည်။

ညနေ ၃ နာရီတွင် မန္တလေးမြို့ ဆင်ဖြူကန်ရှိ ဂရိတ်ဝေါကုမ္ပဏီ၏ Tissue Culture ပျိုးဥယျာဉ်သို့ ရောက်ရှိပြီး တစ်ရှူးနည်းပညာဖြင့် ကျွန်းသစ်၊ ယူကလစ်၊ ငှက်ပျော၊ ကြက်ဆူသီးနှံပင်များကို စီးပွားဖြစ် သိပ္ပံနည်းကျ ပျိုးပေါင်များဖြင့် ပျိုးထောင်ထားရှိမှုများ၊ ဖြစ်ထွန်းအောင်မြင်နေသော တောင်သူပညာပေး တစ်ရှူးယူကလစ်၊ တစ်ရှူးငှက်ပျော၊ တစ်ရှူးကြက်ဆူ စိုက်ခင်းများကို လှည့်လည်ကြည့်ရှုအားပေးကာ ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်၏ လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုအပေါ် ပုဂ္ဂလိကအပိုင်းမှ ယခုကဲ့သို့ နိုးကြားစွာ ပူးပေါင်းနေမှုအပေါ် ပညာရှင်များက ကူညီဆောင်ရွက်ပေးသွားကြရန် ဆွေးနွေးမှာကြားခဲ့သည်။ **(သတင်းစဉ်)**

ထင်သာမြင်သာ ပြုပြင်စရာ

သီရိပစ္စယာ(၄)လမ်း လမ်းမီးများထိန်ထိန်လင်း

ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေတွင် FIT ခရီးသွားဧည့်သည်များ အများဆုံး သွားလာအသုံးပြုနေသည့် သီရိပစ္စယာ(၄)လမ်းတွင် လမ်းမီးများ မရှိခြင်းကြောင့် ခရီးသွားဧည့်သည်များအတွက် ယာဉ်မတော်တဆ အန္တရာယ်ဖြစ်စေနိုင်သောကြောင့် ဒေသခံပြည်သူများ စိုးရိမ်နေရကြောင်းကို ဖေဖော်ဝါရီ ၁ ရက်ထုတ် မြန်မာ့အလင်းသတင်းစာ ထင်သာမြင်သာ ပြုပြင်စရာကဏ္ဍတွင် ဖော်ပြခဲ့သည်။

ယင်းသို့ဖော်ပြခဲ့ရာ ဖေဖော်ဝါရီ ၂၅ ရက်မှ စတင်၍ မြို့နယ်စည်ပင်သာယာရေးအဖွဲ့က အဆိုပါလမ်းတွင် မီးကြိုးလိုင်းများသွယ်တန်းခြင်းနှင့် ၈၅ ဝပ်ရှိ မီးကွေးမီးစလောင်းများတပ်ဆင်ခြင်းများ ဆောင်ရွက်ခဲ့ပြီးနောက် ဖေဖော်ဝါရီ ၂၇ ရက်တွင် လမ်းမီးများ စတင်အသုံးပြုနေပြီဖြစ်သည်။ မြို့နယ်စည်ပင်သာယာရေးအဖွဲ့သည် သီရိပစ္စယာ (၄)လမ်းအပြင် ခရီးသွားဧည့်သည် အချို့အသွားအလာရှိသည့် သီရိပစ္စယာ ၂ လမ်းနှင့် ၅ လမ်း၊ အနော်ရထာလမ်းနှင့် အဓိကကျသော မြို့တွင်းလမ်းအချို့တွင်လည်း အသုံးပြုနိုင်ရန် သွယ်တန်းတပ်ဆင်ထားပြီးဖြစ်ကြောင်း၊ ပုဂံမြို့သစ်တွင်လည်း အဓိကကျသော လမ်းများတွင် မီးလင်းနိုင်ရန် ဆောင်ရွက်နေပြီဖြစ်ကြောင်း သိရသည်။

ယခုကဲ့သို့ လမ်းမီးများဆောင်ရွက်ပေးခြင်းကြောင့် နိုင်ငံခြားခရီးသည်များ ယာဉ်အန္တရာယ်ကင်းရှင်းရေးအတွက် အထောက်အကူပြုနိုင်ကြောင်း၊ ဒေသခံပြည်သူများလည်း ဝမ်းသာလျက်ရှိကြောင်း၊ ပြည်သူကိုဗဟိုပြု အများပြည်သူအကျိုးကို လိုလား၍ ဖော်ပြပေးခဲ့သော မြန်မာ့အလင်းသတင်းစာနှင့် အများပြည်သူတို့၏ ဆန္ဒကို ဌာနဆိုင်ရာတို့က အလေးထားဆောင်ရွက်ပေးမှုကို ဝမ်းသာကြည်နူးမိပါကြောင်း အဆိုပါလမ်း၌ အမှတ်တရပစ္စည်းရောင်းဝယ်ရေး လုပ်ငန်းလုပ်ကိုင်သူ တစ်ဦးက ပြောပြသည်။ **(ညောင်ဦး ရဲသူရ)**

မြန်မာတိုင်းရင်းဆေး သေတ္တာများပေးအပ်

နောင်ချို မတ် ၉

ရှမ်းပြည်နယ်(မြောက်ပိုင်း) နောင်ချိုမြို့နယ် ကျေးရွာအုပ်စုများသို့ အရေးပေါ်သုံး မြန်မာတိုင်းရင်းဆေးသေတ္တာ ၇၉ သေတ္တာပေးအပ်ပွဲကို မတ် ၅ ရက် နံနက် ၁၀ နာရီက မြို့နယ်အုပ်ချုပ်ရေးရုံးခန်းမ၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမိုးထက်က တိုင်းရင်းဆေးသေတ္တာများ အသုံးပြုမှုများကို ရှင်းလင်းပြောကြားပြီးနောက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများထံ အရေးပေါ်သုံး မြန်မာတိုင်းရင်းဆေးသေတ္တာ ၇၉ သေတ္တာကို ပေးအပ်ခဲ့ကြောင်း သိရသည်။ **(ဝဇြာ)**

ပြည်တွင်းသတင်း

ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး သက်နိုင်ဝင်းအား
UNHCR မှ အရှေ့တောင်အာရှဒေသညှိနှိုင်းရေးမှူးနှင့် ဗြိတိန်သံအမတ်ကြီးတို့ သီးခြားစီတွေ့ဆုံ

နေပြည်တော် မတ် ၉

နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးသက်နိုင်ဝင်းအား ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး (UNHCR)မှ အရှေ့တောင်အာရှဒေသညှိနှိုင်းရေးမှူး Mr. James Lynch ဦးဆောင်သောအဖွဲ့သည် မတ် ၇ ရက် မွန်းလွဲ ၂ နာရီတွင် လည်းကောင်း၊ မြန်မာနိုင်ငံဆိုင်ရာ ဗြိတိန်နိုင်ငံ သံအမတ်ကြီး H. E. Mr. Andrew Heyn သည် ညနေ ၃ နာရီတွင်လည်းကောင်း အဆိုပါ ဝန်ကြီးရုံး၌ သီးခြားစီ လာရောက်တွေ့ဆုံသည်။ **(ယာပုံ)**

ပူးပေါင်းဆောင်ရွက်

ထိုသို့တွေ့ဆုံရာတွင် (UNHCR) နှင့် နယ်စပ်ရေးရာဝန်ကြီးဌာနတို့ ပူးပေါင်း ဆောင်ရွက်လျက်ရှိသည့် စီမံကိန်းလုပ်ငန်းများ အခြေအနေနှင့် ဆက်လက် ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များကို ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံနှင့်ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှုကဏ္ဍများတွင် တိုးမြှင့်ဆောင်ရွက်ရေးကိစ္စရပ်များနှင့်စပ်လျဉ်း၍ဆွေးနွေး

နေပြည်တော် မတ် ၉

သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းအား ဟောင်ကောင် Trade Development Council (HKTDC) ဥက္ကဋ္ဌ Mr. Fred Lam ဦးဆောင်သော အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် ယမန်နေ့ နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ မြန်မာအင်တာနေရှင်နယ် ကွန်ဗင်းရှင်းစင်တာ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံ၏ ဒီမိုကရေစီစနစ် ဖြစ်ထွန်းဖော်ဆောင်နေမှု အခြေအနေများနှင့် ဈေးကွက်စီးပွားရေးစနစ် ဖော်ဆောင်နေမှု အခြေအနေများကို ရှင်းလင်းပြောကြားပြီး မြန်မာနိုင်ငံနှင့် ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှုကဏ္ဍများတွင် တိုးမြှင့်ဆောင်ရွက်ရေး ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြရန်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသူ ကိုယ်စားလှယ်များက သိရှိလိုသည်များကို မေးမြန်းကြရာ ပြည်ထောင်စုဝန်ကြီးနှင့် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်ချိုချိုဝင်းတို့က ရှင်းလင်းဆွေးနွေးခဲ့ကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာလင်းအောင်၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာပွင့်ဆန်း၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥက္ကဋ္ဌ ဦးသန်းညိန်း၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်အဖွဲ့ဝင် ဒေါ်မြသူဇာနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ဟောင်ကောင် Trade Development Council (HKTDC)မှ စီးပွားရေးလုပ်ငန်းရှင် ၁၇၅ ဦးတို့ တက်ရောက်ခဲ့ကြသည်။ **(ဝဲပုံ)**

(သတင်းစဉ်)



❐ *ရှေ့ဖုံးမှ*

သိုလှောင်ရေပမာဏကို စနစ်တကျ ထိန်းသိမ်းပြီး ဓာတ်အားပေးစက်များကို သတ်မှတ်ညွှန်ကြားချက်အတိုင်း ထိန်းချုပ်မောင်းနှင်ရေး၊ စက်စွမ်းအားပြည့် မောင်းနှင်နိုင်ရေးအတွက် ဓာတ်အားပေးစက်များ ကြံ့ခိုင်ရေးကို စဉ်ဆက်မပြတ်ထိန်းသိမ်းဆောင်ရွက်သွားကြရေးတို့ကို အသေးစိတ် မှာကြားပြီးဓာတ်အားပေးစက်ရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

မွန်းလွဲပိုင်းတွင် ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် မြို့ချောင်းကျေးရွာအနီးရှိ စက်တပ်ဆင်အင်အား ၂၅ မဂ္ဂါဝပ်မှ တစ်နှစ်လျှင် လျှပ်စစ်ဓာတ်အား ကီလိုဝပ်နာရီ သန်းပေါင်း ၁၂၃ သန်းကို နိုင်ငံတော်ဓာတ်အား ကွန်ရက်စနစ်အတွင်းသို့ ထုတ်လုပ် မောင်းနှင်ပေးလျက်ရှိသော ဓာတ်အားပေးစက်ရုံတစ်ရုံဖြစ်သည့် ရဲနွယ်ရေအားလျှပ်စစ် ဓာတ်အားပေးစက်ရုံသို့ရောက်ရှိပြီး တမံအတွင်း ရေဝင်ရောက်မှု၊ ရေသိုလှောင်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် စက်ရုံရှင်းလင်းဆောင်၌ ပြည်ထောင်စုဝန်ကြီးက စက်ရုံမှူးနှင့် တာဝန်ရှိသူများအား တွေ့ဆုံ၍ စက်ရုံရှိဝန်ထမ်းများ၏ ပညာရေး၊ ကျန်းမာရေးနှင့် သက်သာချောင်ချိရေး ကိစ္စရပ်များကို ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့သည်။

ယခုအခါ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအောက်ရှိ ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ ၁၉ ရုံမှ လျှပ်စစ်စက်တပ်ဆင်အား ၂၇၈၀ မဂ္ဂါဝပ်မှ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ဖြန့်ဖြူးပေးလျက်ရှိသည့်အပြင် မကြာမီကာလတွင် ဖွင့်လှစ်မည့် သောက်ရေခပ်(၂) ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံမှ နွေရာသီကာလတွင် ပြည်သူလူထု လျှပ်စစ်ဓာတ်အား ပြတ်တောက်မှုမရှိစေရေးအတွက် လျှပ်စစ်တပ်ဆင်အင်အား ၈၀ မဂ္ဂါဝပ်ကို နိုင်ငံတော်ဓာတ်အားကွန်ရက်အတွင်းသို့ ပို့လွှတ်ဖြန့်ဖြူးပေးလျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

▲ *ကျောဖုံးမှ*

Integrated Service Limited (GIS) အမှုဆောင်ဒါရိုက်တာ ဦးမင်းကွန် ထောနှင့် Ultra Drilling Services Co., Wll. President Mr. John David LaPrade တို့က လည်းကောင်း လက်မှတ်ရေးထိုးခဲ့ကြသည်။

ယခု ပူးတွဲဆောင်ရွက်ကြမည့် အဆင့်မြင့် တွင်းကောက်တူးဖော်ခြင်းနည်းလမ်း Ultra Short Radius Horizontal Drilling (USRHD) Method သည် ရေနံအထွက်နှုန်း လျော့နည်းလာသည့် ရေနံတွင်းများ၏ ပုံမှန်ထုတ်ယူလျက်ရှိသော သဲကြောများမှပင် ရေနံပိုမိုတိုးတက် ထုတ်ယူရရှိနိုင်သည့် ခေတ်မီအဆင့်မြင့် နည်းပညာတစ်ခုဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

နိုက်ထရိုဂျင်အရည် အခမဲ့ထုတ်ယူနိုင်ကြောင်း အသိပေးကြေညာ

မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာနသည် နိုင်ငံတော်၏စားနပ်ရိက္ခာ ဖူလုံရေး (Food Security)နှင့် ပြည်သူအများ ကျန်းမာကြံ့ခိုင်ပြီး ဉာဏ်ရည်ဖွံ့ဖြိုးရန် အသား၊ ငါးနှင့် ဥများပိုမိုထုတ်လုပ်၍ သားငါးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အင်တိုက်အားတိုက် ဆောင်ရွက်လျက်ရှိပါသည်။ အသား၊ ငါးမျိုးမြှင့်တင်ရေး ဆောင်ရွက်ရန်အတွက် မျိုးပွားရာတွင် မျိုးရည်ခဲချောင်းများ ရေရှည်ထိန်းသိမ်းသိုလှောင်နိုင်သည့် နိုက်ထရိုဂျင်အရည်အား မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာနတွင် မည်သည့်အသား၊ ငါးမျိုးပွားရန်အတွက်ဖြစ်ကြောင်းဖော်ပြ၍ မည်သူမဆို အခမဲ့လာရောက်ထုတ်ယူနိုင်ကြောင်း အသိပေးအပ်ပါသည်။

မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန

View Point ညောင်ချောင်းသာကမ်းခြေအပန်းဖြေခရီးစဉ်

ကျန်းမာရေးအတွက်ပဲဖြစ်ဖြစ်၊ စိတ်အပန်းဖြေဖို့အတွက်ပဲဖြစ်ဖြစ်၊
အပျော်အပါးအတွက်ပဲဖြစ်ဖြစ်၊ အချိန်၊ လူ၊ ငွေကုန်သက်သာ ညောင်ချောင်းသာ
ရန်ကုန်မြို့တွင်း အိမ်အရောက်လက်မှတ်ပို့ ဝန်ဆောင်မှု
နေ့စဉ် ရန်ကုန်မှ နေ့ချင်းပြန်၊ စရိတ်ငြိမ်း ၁၅၀၀၀
လူဦးရေကန့်သတ်ထားပါသည်။ ဖုန်း-၀၉-၇၃၁၆၁၆၄၅





လုံခြုံရေးဝန်ထမ်း (၁၅)ဦး အလိုရှိသည်
(ပြည်တွင်း၌သာခန့်ထားမည်)

စက်ရုံနှင့် အရောင်းဆိုင်ခန်းအတွက် အသက်(၂၀)နှင့် (၃၀)ကြား လုံခြုံရေးဝန်ထမ်းများ အလိုရှိသည်။ လျှောက်ထားသူသည် ကျန်းမာရေးကောင်းမွန်၍ ကိုယ်အလေးချိန် ပေါင် ၁၂၀နှင့် အရပ် ၅ပေ၊ ၄လက်မ အထက်ရှိရမည်။ ပညာအရည်အချင်း ၁၀တန်းနှင့်အထက် ဘွဲ့ရများ လျှောက်ထားနိုင်သည်။ ကျန်းမာရေးအတွက် ဆေးစစ်ခြင်းခံယူနိုင်ရမည်။ လုံခြုံရေးမှူးမှ သင်တန်းပို့ချခြင်းကို သင်ကြားနိုင်ရမည်။ နေရေး၊ စားရေး ကုမ္ပဏီမှ တာဝန်ယူမည်။

(စိတ်ဝင်စားသူများ CV Form နှင့်အတူ တစ်လအတွင်း ရိုက်ထားသော ၄×၆ ဓာတ်ပုံနှစ်ပုံ၊ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ၊ ပညာရေးအတွက် ထောက်ခံစာ၊ ပြစ်မှုကင်းရှင်းကြောင်း ထောက်ခံစာ၊ အလုပ်သမားမှတ်ပုံတင်မိတ္တူ၊ မျှော်မှန်းလစာ၊ ဆက်သွယ်ရန်လိပ်စာ၊ ဖုန်းနံပါတ်နှင့်အတူ ၂၄-၃-၂၀၁၃ရက် နောက်ဆုံးထားပြီး စာတိုက်သေတ္တာအမှတ် ၆၄၂၊ ရန်ကုန်မြို့သို့ ပေးပို့လျှောက်ထားနိုင်ပါသည်။

နိုင်ငံတကာသတင်း

ဘင်လာဒင်၏သမက် နယူးယောက်မြို့တွင် တရားရင်ဆိုင်နေရ

နယူးယောက် မတ် ၉

အိုစမာဘင်လာဒင်၏ သမက်ဖြစ်သူကို နယူးယောက်မြို့တွင် အမေရိကန် နိုင်ငံသားများအား သတ်ဖြတ်မှု၌ ကျူးလွန်ပါဝင်သည်ဟု စွဲချက်တင်ကာ ရုံးတင်တရားစွဲဆိုလျက်ရှိကြောင်း အင်တာနက်သတင်းတစ်ရပ်တွင် မတ် ၉ ရက်က ဖော်ပြသည်။

အိုစမာဘင်လာဒင်၏ သမက်ဖြစ်သူ စစ်သွေးကြွတစ်ဦးဖြစ်သည့် စူလာမန်အဘူဂါအိတ်ချ်ကို တူရကီနိုင်ငံအတွင်း ဦးစွာဖမ်းဆီးရမိခဲ့ခြင်းဖြစ်သည်။ တူရကီအစိုးရက ဂျော်ဒန်နိုင်ငံသို့ လွှဲအပ်ခဲ့ပြီး ဂျော်ဒန်အာဏာပိုင်များနှင့်အက်ဖ်ဘီအိုင်တို့က ၎င်းအား နယူးယောက်သို့ တရားခံလွှဲပြောင်း ခေါ်ဆောင်ခဲ့ခြင်းဖြစ်သည်။ **(အောက်ပုံ)**

စူလာမန်သည် ၂၀၀၁ ခုနှစ် စက်တင်ဘာ ၁၁ ရက်က ကမ္ဘာ့ကုန်သွယ်ရေးအဆောက်အအုံကို အယ်လ်ခိုင်ဒါတို့ လေယာဉ်စီးနင်းတိုက်ခိုက်ခဲ့သည့် ကိစ္စတွင် ပါဝင်ပတ်သက်ခဲ့ကြောင်း၊ ထိုအဆောက်အအုံ တိုက်ခိုက်ခံရမှုဖြစ်ပွားပြီးနောက် အယ်လ်ခိုင်ဒါတို့ ထုတ်ပြန်သော ဗီဒီယိုမှတ်တမ်းများတွင် ၎င်းပါဝင်ခဲ့ကြောင်း သိရသည်။ ထို့အပြင် အယ်လ်ခိုင်ဒါခေါင်းဆောင်ပိုင်းတွင် ထိပ်သီးအဆင့်ရှိသူဟုလည်းဆိုသည်။ **(ရိုက်တာ)**

ဗင်နီဇွဲလားဒုတိယသမ္မတအား ယာယီသမ္မတခန့်အပ်

ကာရာကာ့စ် မတ် ၉

ဗင်နီဇွဲလားနိုင်ငံတွင် ဟူဂိုချာဗက်ဇ်၏ ဈာပနအခမ်းအနားကို နိုင်ငံတော်ဈာပန အခမ်းအနားအဖြစ် သဂြိုဟ်ခဲ့ပြီးနောက် နာရီပိုင်းအကြာ ဗင်နီဇွဲလားနိုင်ငံ၏ ဒုတိယသမ္မတဟောင်း နီကိုလပ်စ်မာဒူရိုက ဗင်နီဇွဲလားယာယီသမ္မတအဖြစ်ကျမ်းသစ္စာကျိန်ဆိုခဲ့ကြောင်း မတ် ၉ ရက်က သတင်းထုတ်ပြန်သည်။ အဆိုပါသမ္မတ ကျမ်းသစ္စာကျိန်ဆိုပွဲအခမ်းအနားကို ကာရာကာ့စ်မြို့၌ ဗင်နီဇွဲလားအမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ကာဘယ်လိုက ကြီးမှူးကျင်းပခဲ့ခြင်းဖြစ်သည်။ မတ် ၅ ရက်က ကွယ်လွန်သွားသည့် ဟူဂိုချာဗက်ဇ်သည် ကင်ဆာရောဂါကို အချိန်ကြာမြင့်စွာခံ စားနေခဲ့ရသူဖြစ်သည်။ ဟူဂိုချာဗက်ဇ်၏ ကင်ဆာရောဂါဆိုးရွားစွာခံစားနေရသည့်အချိန်ကပင် ဗင်နီဇွဲလားသမ္မတအဖြစ် မစ္စတာမာဒူရိုအား ရွေးချယ်ထားခြင်းဖြစ်သည်။ **(အပေါ်ပုံ)**မစ္စတာ မာဒူရိုအား သမ္မတအဖြစ်ရွေးချယ်ခဲ့ခြင်းကို အဓိကအတိုက်အခံသမားများက ကန့်ကွက်ခဲ့ကြသည်။

ကန့်ကွက်ခဲ့

မစ္စတာမာဒူရိုကို သမ္မတအဖြစ် ရွေးချယ်ခဲ့ခြင်းသည် အခြေခံဥပဒေသနှင့်ညီညွတ်ခြင်းမရှိဟုဆိုကာ ကန့်ကွက်ခဲ့ကြခြင်းဖြစ်သည်။ **(ပရက်စ်တီဗွီ)**

ကမ္ဘာ့ထိပ်တန်း ဒိန်းမတ်စားသောက်ဆိုင်၌ လူဒါဇင်ပေါင်းများစွာ အစာအဆိပ်သင့်မှုဖြစ်ပွား

ကိုပင်ဟေဂင် မတ် ၉

ကမ္ဘာ့အကောင်းဆုံးစားသောက်ဆိုင်ဟု အမည်တပ်ထားသော ဒိန်းမတ်စားသောက်ဆိုင်တစ်ဆိုင်၌ လူ ၆၀ ထက်မနည်း အစာအဆိပ်သင့်မှုဖြစ်ပေါ်ခဲ့ကြောင်း မတ် ၉ ရက်ကဘီဘီစီ သတင်းတစ်ရပ်တွင် ဖော်ပြသည်။ ဒိန်းမတ်နိုင်ငံ ကိုပင်ဟေဂင်မြို့တွင် နိုမာအမည်ရှိ စားသောက်ဆိုင်၌ ဖေဖော်ဝါရီအတွင်းက ညနေစာစားသုံးသူများသည် အော့အန်ခြင်းနှင့် ဝမ်းလျှောခြင်း ဝေဒနာများခံစားရပြီး ငါးရက်တာနေမကောင်းဖြစ်ခဲ့ကြောင်း ကျန်းမာရေးအရာရှိများက ပြောကြားခဲ့သည်။

အဆိုပါဖြစ်ပွားမှုနှင့် ပတ်သက်ပြီး ရှင်းလင်းစွာမသိရသေးကြောင်း၊ သို့သော်လည်း ယင်းသတင်းအရင်းမြစ်ကို မကျန်းမမာဖြစ်နေသော စားဖိုဆောင်အလုပ်သမားတစ်ဦးထံမှ ရရှိခဲ့ခြင်းဖြစ်နိုင်ကြောင်း သတင်းထုတ်ပြန်ရေးသမားများက ပြောကြားသည်။

၂၀၁၁-၂၀၁၂ အတွင်း ကမ္ဘာ့အကောင်းဆုံးစားသောက်ဆိုင် ၅၀ ၏ စာရင်းတွင် ထိပ်ဆုံး၌ ဖော်ပြခံခဲ့ရသော နိုမာစားသောက်ဆိုင်က ယင်းကိစ္စနှင့်ပတ်သက်ပြီး တောင်းပန်ခဲ့သည်ဟုဆိုသည်။

ဒိန်းမတ်တိရစ္ဆာန်ဆေးကုသရေးနှင့်အစားအစာထိန်းချုပ်ရေး အရာရှိများက ၎င်းတို့၏ စစ်ဆေးတွေ့ရှိမှုများကို မတ် ၈ ရက်က ထုတ်ပြန်ပေးခဲ့သည်။ ယင်းစားသောက်ဆိုင်ကို ၂၀၀၄ ခုနှစ်က ဖွင့်လှစ်ခဲ့သည်။ **(ရိုက်တာ)**

ပုပ်ရဟန်းမင်းသစ်ရွေးချယ်ပွဲ မတ် ၁၂ ရက်တွင် ကျင်းပမည်

ဗာတီကန် မတ် ၉

ရိုမန်ကက်သလစ်ဘုန်းတော်ကြီးများသည် လာမည့် မတ် ၁၂ ရက်တွင် ဗာတီကန်၌ ပုပ်ရဟန်းမင်းအသစ်ရွေးချယ်တင်မြှောက်ခြင်းကို ကျင်းပမည်ဖြစ်ကြောင်း ကြေညာသည်။

ပုပ်ရဟန်းမင်းကြီး ဘင်နီဒစ် ၁၆ သည် ရှစ်နှစ်နီးပါးကြာ တာဝန်ထမ်းဆောင်ခဲ့ပြီးနောက် ပြီးခဲ့သည့်လက ရာထူးမှနုတ်ထွက်ခဲ့သည်။ ယင်းကဲ့သို့ ရာထူးမှ နုတ်ထွက်ခြင်းသည် နှစ်ပေါင်း ၆၀၀ အတွင်း ပထမဆုံး အကြိမ်ဖြစ်သည်။ အသက် ၈၅ နှစ်ရှိ ပုပ်ရဟန်းမင်းကြီး ဘင်နီဒစ်သည် ကျန်းမာရေးအခြေအနေကြောင့် ရာထူးမှ နုတ်ထွက်ခဲ့ရခြင်းဖြစ်သည်။ **(ဘီဘီစီ)**

ကင်ညာရွေးကောက်ပွဲ ဒုဝန်ကြီးချုပ် အနိုင်ရဖွယ်ရှိ

နိုင်ရိုဘီ မတ် ၉

ကင်ညာဒုတိယဝန်ကြီးချုပ် ယူဟူရုကင်ယက်တာသည် ကင်ညာသမ္မတရွေးကောက်ပွဲတွင် အနိုင်ရရှိနိုင်ကြောင်း ဘီဘီစီသတင်းတစ်ရပ်တွင် ရေးသားဖော်ပြသည်။ **(အောက်ပုံ)**

မစ္စတာ ကင်ယက်တာသည် ၅၀ ဒသမ ၀၃ ရာခိုင်နှုန်းဖြင့် အနိုင်ရရှိခဲ့ကြောင်း မဲရေတွက်သူများက ပြောကြားသည်။ သို့သော်လည်း တရားဝင်ရလဒ်ကိုမူ ကင်ညာရွေးကောက်ပွဲကော်မရှင်ရုံးက ထုတ်ပြန်ကြေညာထားခြင်းမရှိသေးပေ။ မစ္စတာကင်ယက်တာသည် ဆန္ဒမဲပေးခွင့်ရှိသူ ၁၂၃၃၈၆၆၇ ဦးအနက် ၆၁၇၃၄၃၃ ဦးဖြင့် အနိုင်ရရှိခဲ့သည်ဟုဆိုသည်။ မတ် ၉ ရက် စောစောပိုင်းက မြို့တော်နိုင်ရိုဘီတွင် ကင်ယက်တာကို ထောက်ခံသူများက ကားများဖြင့် လှည့်လည်အောင်ပွဲခံခဲ့သည်။ မစ္စတာကင်ယက်တာအနိုင်ရလျှင် ၎င်းအနေဖြင့် အနောက်နိုင်ငံများနှင့် ခက်ခဲသော ဆက်ဆံရေးကို ရင်ဆိုင်ရဖွယ်ရှိသည်။ ၎င်းသည် ဇူလိုင်လက ဟာဂျူး၌ လူသားချင်းစာနာမှုကင်းမဲ့သော ရာဇဝတ်မှုများဖြင့် တရားရင်ဆိုင်နေရသူဖြစ်သည်။ ၎င်းသည် ၂၀၀၇ ခုနှစ် ရွေးကောက်ပွဲတွင် လူ ၁၀၀၀ ကျော် သေစေမှုတွင် အကြမ်းဖက်အားပေးအားမြှောက်ပြုသူအဖြစ် စွပ်စွဲခံထားရသည်။ **(ဘီဘီစီ)**

တင်မောင်လွင် - စုစည်းသည်

ကမ္ဘာကျော် အဆင့်မြင့်ကိုရီးယား ဂျင်ဆင်းကို ရရန် (၆) နှစ်စောင့်ရပါသည်။
မြန်မာ့ရတနာ ဆေးဖက်ဝင် သနပ်ခါးကို ရရန် အနည်းဆုံး (၃) နှစ်ကြာပါသည်။

ကျွန်တော်က ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာနရဲ့ အင်ဂျင်နီယာဝန်ထမ်းတစ်ဦး ဖြစ်ပါတယ်။ ကျွန်တော်တို့တာဝန်တွေက သောင်ခုံမှု၊ နေပူ၊ လေကြမ်းကြမ်းတွေနဲ့တော့ ရှောင်လွှဲလို့မရပါဘူး။ အလုပ်ဝင်ပြီးသိပ်မကြာခင်မှာပဲ ကျွန်တော်တို့ဝန်ထမ်းသစ်တွေမှာ နေလောင်ဒဏ်ကြောင့် အသားတွေမည်းကုန်ပါတယ်။ကျွန်တော်အရင်က Peeling Cream တွေ Whitening Cream တွေ အမြဲသုံးခဲ့တော့ ခုလိုနေဒဏ်ခံရတဲ့အခါမှာ တခြားသူတွေထက်ပိုသိသာပါတယ်။ နေပူထဲမှာနေရတဲ့အခါ မျက်နှာ၊ နားရွက်နဲ့ လည်ပင်းတွေမှာ နီရဲလာပြီး ညနေအလုပ်ပြီးလို့ မျက်နှာသစ်တဲ့အခါအသားအရေတွေကညိုညစ်ညစ်ဖြစ်နေပါတယ်။ လုပ်ဖော်ကိုင်ဖက်သူငယ်ချင်းတစ်ယောက်ကတော့ အရေပြားပါးသူဖြစ်တဲ့အတွက် အရေပြားတွေခြောက်၊ အရေးအကြောင်းတွေထင်ပြီး ဆားဝက်ခြံတွေ ထွက်လာပါတယ်။ ရုံးကအန်တီကြီးတစ်ယောက်က ကျွန်တော်တို့အတွက် ကျောက်ပျဉ်တွေ၊ သနပ်ခါးတုံးတွေ ဝယ်လာပေးပါတယ်။ သနပ်ခါးသွေးရတာပျင်းတာကြောင့် လိမ်းတစ်ရက် မလိမ်းတစ်ရက်ဆိုတော့ ထိရောက်မှုမရှိလှပါဘူး။ နောက်မှအရာရှိကြီးတစ်ဦးရဲ့ဇနီးက အကြံပေးသောကြောင့် ရွှေပြည်နန်း **ရှင်မတောင်သနပ်ခါးနဲ့ သဘာဝအသားဖြူသနပ်ခါး**ကို ဝယ်လိမ်းဖြစ်ပါတယ်။ နေပူထဲထွက်သည့်အခါ ရွှေပြည်နန်း ရှင်မတောင်သနပ်ခါးကို ထူထူလေးလိမ်းပြီး အင်္ကျီလက်ရှည်ဝတ်၊ ဦးထုပ်ဆောင်းထားလိုက်ပါတယ်။ ညနေအလုပ်ပြီးလို့ မျက်နှာသစ်လိုက်တဲ့အခါ မျက်နှာမှာ နေဒဏ်ကြောင့် ညိုမည်းနေတာမျိုးမဖြစ်တော့ဘဲ ကြည်လင်နေပါတယ်။ ညဘက် အိပ်ယာဝင်ခါနီးမှာတော့ သဘာဝအသားဖြူသနပ်ခါးကို ခပ်ကျဲကျဲလေး လိမ်းအိပ်ပါတယ်။ တဖြည်းဖြည်းနဲ့ အသားပြန်ဖြူလာပါတယ်။ အခုဆိုရင် နေပူထဲထွက်ခါနီးတိုင်း သူငယ်ချင်းတွေက ကျွန်တော့်အခန်းကိုရောက်လာပြီး ရွှေပြည်နန်းသနပ်ခါးလိမ်းကြပါတယ်။ သုံးရလွယ်ကူတဲ့ ရွှေပြည်နန်းကြောင့် ကျောက်ပျဉ်တွေ သနပ်ခါးတုံးတွေလည်းမလိုတော့ပါဘူး။ Peeling Cream တွေ Whitening Cream တွေလည်းမဝယ်ရတော့လို့ အကုန်အကျလည်းသက်သာသွားပါတယ်။ **မြန်မာ့သနပ်ခါးကို နိုင်ငံခြားတိုင်းပြည်တွေကတောင် နှစ်သက်လာပြီး ဆုတံဆိပ်တွေချီးမြှင့်ခြင်းခံခဲ့ရတဲ့အတွက် ရွှေပြည်နန်းက နိုင်ငံ့ဂုဏ်ဆောင်နိုင်ခဲ့ပါပြီ။**

ထပ်ဆင့်ဆောက်ခံအပ်ပါသည်။ ဦးကိုကိုနိုင် (ဒု-ဦးစီးမှူး) ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာန၊ ပြည်စရိုက်ရုံး၊ ရွှေတောင်မြို့နယ်၊ ပဲခူးတိုင်း။

ဦးကိုကိုနိုင်၏ပေးစာတွင် ဖော်ပြထားသော အကြောင်းအရာအချက်အလက်များမှာ မှန်ကန်သော ဖြစ်ရပ်များဖြစ်ပါကြောင်းနှင့် ကျွန်ုပ်ကိုယ်တိုင်သိရှိခဲ့သော မျက်မြင်ကိုယ်တွေ့အကြောင်းအရာများဖြစ်ပါကြောင်း ထပ်ဆင့်ထောက်ခံအပ်ပါသည်။

ဒေါ်သန်းသန်းဆွေ (ဌာနခွဲစာရေး) ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာန၊ ပြည်စရိုက်ရုံး၊ ရွှေတောင်မြို့နယ်၊ ပဲခူးတိုင်း။

ဖိတ်ခေါ်အပ်ပါသည်။

(ရွှေပြည်နန်း သနပ်ခါးသုံးစွဲခြင်းကြောင့် ရရှိသောအကျိုးကျေးဇူးများနှင့် ပတ်သက်၍ ကိုယ်တိုင်ကြုံတွေ့ရသော ဖြစ်ရပ်များကို အခြေခံပြီး (စာမျက်နှာ အကန့်အသတ်မရှိ) နေရပ်လိပ်စာ အပြည့်အစုံ၊ ဆက်သွယ်ရန်ဖုန်းနံပါတ်တို့ဖြင့် အမှတ်-၂၈ (H)၊ အင်းယားမြိုင်လမ်း၊ ရွှေတောင်ကြား(၁)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့သို့ လိပ်မူပြီးရေးသားပေးပို့နိုင်ပါကြောင်း လေးစားစွာဖြင့် ဖိတ်ခေါ်အပ်ပါသည်)

ရွှေပြည်နန်းမှရရှိထားသော နိုင်ငံတကာအသိအမှတ်ပြုဆုတံဆိပ်နှင့် အရည်အသွေးဆိုင်ရာလက်မှတ်များ

Halal Certificate

BFAD Philippines

FDA (Thailand)

မြန်မာနိုင်ငံရဲ့ အကောင်းဆုံးထဲကတစ်ခု

ဆီးရီးယားအကျပ်အတည်းမှ နောက်ဆုံးဖြစ်ပေါ်ပြောင်းလဲမှု

တိုး - ရေးသားသည်

လွန်ခဲ့သည့် နှစ်နှစ်နီးပါးခန့်က စတင်ခဲ့သည့် အုံကြွမှုကြောင့် ယခုအခါ ဆီးရီးယား ပြည်သူ ၇၀၀၀၀ ခန့် သေဆုံးကြရပြီး ထောင်ပေါင်းများစွာသော ပြည်သူတို့မှာ အိမ်နီးချင်းနိုင်ငံများသို့ ဒုက္ခသည်များအဖြစ် ထွက်ပြေးရောက်ရှိခိုလှုံ လျက်ရှိသည်။ ဒီကြားထဲတွင် ဆီးရီးယားသမ္မတ အာဆတ်၏ အစိုးရတပ်များနှင့် သူပုန်များအကြား တိုက်ပွဲများကလည်း အပြင်းအထန် ဆက်လက်ဖြစ်ပွားလျက်ရှိသည်။

ထိုစဉ် ဂိုလန်ကုန်းမြင့်အနီး ကုလသမဂ္ဂတပ်ချင်းခွဲခြားရေး အကဲဖြတ်တပ်ဖွဲ့(ယူအင်န်ဒီအိုအက်ဖ်) ယာဉ်တန်းတစ်တန်းကို လက်နက်ကိုင်သူပုန်တပ်ဖွဲ့တစ်ဖွဲ့က မတ် ၆ ရက်တွင် ဖမ်းဆီးခေါ်ဆောင်သွားကြောင်း သိရသည်။ ၎င်းတို့၏ နယ်စပ်မြို့မှ ဆီးရီးယားအစိုးရတပ်များ ဆုတ်ခွာပေးရန်လည်း အဆိုပါသူပုန်တို့က တောင်းဆိုလိုက်သည်။ ကုလသမဂ္ဂ ယူအင်န်ဒီအိုအက်ဖ်တံဆိပ် သံချပ်ကာကားဖြူသုံးစီးရှေ့တွင် လက်နက်ကိုင်သူပုန်များက မတ်တတ်ရပ်လျက် သမ္မတအာဆတ်၏ အစိုးရတပ်များ ဂိုလန်ကုန်းမြင့်အနီးရှိ ဂျမ်လာကျေးရွာမှ ရုပ်သိမ်းမသွားမချင်း ကုလသမဂ္ဂ ယူအင်ဒီအိုအက်ဖ် တပ်ဖွဲ့ဝင်များကို ဖမ်းဆီးထားမည်ဖြစ်ကြောင်း သူပုန်တစ်ဦးက ပြောကြားလိုက်သည်ကို ဗီဒီယိုထုတ်လွှင့်ကြေညာလိုက်သည်။ ရှုဟာဒါအယ်ယာမောက် တပ်ဟူသော ထိုသူပုန်တပ်ဖွဲ့ဝင်က သမ္မတအာဆတ်၏ အစိုးရတပ်များ ၂၄ နာရီအတွင်း ရုပ်သိမ်းမပေးလျှင် ဖမ်းထားသူများကို ဓားစာခံအကျဉ်းသားများအဖြစ် သတ်မှတ်မည်ဖြစ်ကြောင်း ပြောကြားသည်။

လွန်ခဲ့သည့် နှစ်ရက်အတွင်း အဆိုပါကျေးရွာနှင့် ပတ်ဝန်းကျင်တစ်ဝိုက်တွင် တိုက်ပွဲများပြင်းထန်စွာ ဖြစ်ပွားခဲ့သည်။ သူပုန်တို့က အစိုးရတပ်ကင်းစခန်းနှင့် ရွာအတွင်းရှိ စစ်ဆေးရေးဂိတ် သုံးလေးခုကို တိုက်ခိုက်ခဲ့သည်။ ဆီးရီးယားနိုင်ငံ၌ လွန်ခဲ့သည့် နှစ်နှစ်နီးပါးက စတင်သည့် ပြည်သူအုံကြွမှုများ ဖြစ်ပေါ်ပြီးနောက် ဤအဖြစ်မျိုး ပထမဆုံးအကြိမ် ကြုံရခြင်းဖြစ်သည်။ ထို့ကြောင့် ယူအင်န်ဒီအိုအက်ဖ် တပ်ဖွဲ့ဝင်များကို သူပုန်တို့ ဖမ်းဆီးခြင်းနှင့်ပတ်သက်၍ ဆီးရီးယားနိုင်ငံ ဒမတ်စကတ်မြို့တော် အခြေစိုက်သည့် ကုလသမဂ္ဂ၏ ပြောရေးဆိုခွင့်ရှိသူက တစ်စုံတစ်ရာ ဝေဖန်ပြောကြားရန် ငြင်းဆိုသည်။ ကုလသမဂ္ဂ တပ်ချင်းခွဲခြားရေး အကဲဖြတ်တပ်ဖွဲ့ (ယူအင်န်ဒီအိုအက်ဖ်) အား ဆီးရီးယားနှင့်အစ္စရေးကြား အပစ်အခတ်ရပ်စဲခြင်းကို အကောင်အထည်ဖော် ကြီးကြပ်အကဲခတ်ရန် ဖွဲ့စည်းခြင်းဖြစ်သည်။

ဂိုလန်ကုန်းမြင့် စစ်မဲ့ဇုန်မှ ယူအင်န်ဒီအိုအက်ဖ်တပ်ဖွဲ့ဝင် ၂၁ ဦးအား ဆီးရီးယားသူပုန်တို့ ဖမ်းဆီးသွားခြင်းကို ကုလသမဂ္ဂ လုံခြုံရေးကောင်စီက မတ် ၆ ရက်တွင် ပြင်းထန်စွာ ပြစ်တင်ရှုတ်ချလိုက်ပြီး ချက်ချင်းပြန်လွှတ်ရန် တောင်းဆိုလိုက်သည်။ ကုလသမဂ္ဂ လုံခြုံရေးကောင်စီဝင် ၁၅ နိုင်ငံစလုံးက ကြေညာချက်တစ်စောင်ထုတ်ပြန်ကာ သတင်းထောက်များအား ဖတ်ပြရာ၌ ဖမ်းဆီးထားသော ကုလသမဂ္ဂငြိမ်းချမ်းရေးထိန်းသိမ်းသူများဖြစ်သည့် ယူအင်န်ဒီအိုအက်ဖ်အဖွဲ့ဝင် ၂၁ဦးကို ခြွင်းချက်မရှိ ချက်ချင်းပြန်လွှတ်ရန် တောင်းဆိုလိုက်သည်။ ၎င်းတပ်ဖွဲ့ဝင်များ လွတ်လပ်စွာ တာဝန်ထမ်းဆောင်နိုင်ရန်နှင့် ၎င်းတို့၏ လုံခြုံရေးကို အပြည့်အဝ အာမခံရန် သက်ဆိုင်ရာပါတီအဖွဲ့ အစည်းအားလုံးက သဘောရိုးဖြင့် ကုလသမဂ္ဂနှင့် ပူးပေါင်းဆောင်ရွက်ရန်လည်း တိုက်တွန်းလိုက်သည်။

ကုလသမဂ္ဂ လုံခြုံရေးကောင်စီ၏ ယခုလအတွက် သဘာပတိတာဝန်ယူသည့် ရုရှားနိုင်ငံ သံအမတ် ဗစ်တာလီချာကင်က လုံခြုံရေးကောင်စီ၏ ကြေညာချက်ကိုဖတ်ပြရာ၌ ဖမ်းဆီးသူ လက်နက်ကိုင်အုပ်စုက တောင်းဆိုချက်အချို့ကို တောင်းဆိုထားကြောင်း ဖော်ပြသော်လည်း အသေးစိတ်ဖော်ပြခြင်းမပြုပေ။ ယခု ဖမ်းဆီးသူ သူပုန်များနှင့် ကုလသမဂ္ဂတပ်ချင်းခွဲခြားရေး အကဲဖြတ်တပ်ဖွဲ့ (ယူအင်န်ဒီအိုအက်ဖ်)တို့ အကြား တစ်စုံတစ်ရာ တိုက်ပွဲဖြစ်ပွားခြင်းလည်းမရှိကြောင်း၊ မိမိအထင်တွင် ဆီးရီးယားပဋိပက္ခကို အချိန်ဆွဲရန် သူပုန်တို့က ကြိုးပမ်းခြင်းဖြစ်ကြောင်း ရှင်းလင်းပြောပြသည်။

ဆီးရီးယားနိုင်ငံပိုင် ဂိုလန်ကုန်းမြင့်ကို ၁၉၆၇ ခုနှစ် ခြောက်ရက်ကြာ အာရပ်-အစ္စရေးစစ်ပွဲ အတွင်းက အစ္စရေးတို့ သိမ်းပိုက်ခဲ့ခြင်းဖြစ်သည်။ ဂိုလန်ကုန်းမြင့်ဒေသတွင် အစ္စရေးနှင့် ဆီးရီးယားတို့ တိုက်ခိုက်ပြီးနောက် ၁၉၇၄ ခုနှစ် မေလတွင် ကုလသမဂ္ဂ တပ်ချင်းခွဲခြားရေး အကဲဖြတ်တပ်ဖွဲ့ (ယူအင်န်ဒီအိုအက်ဖ်)ကို ကုလသမဂ္ဂ လုံခြုံရေးကောင်စီက ဖွဲ့စည်းထူထောင်ပေးခဲ့ခြင်းဖြစ်သည်။

ဂိုလန်ကုန်းမြင့်၌ မကြုံစဖူး ယင်းသို့ ယူအင်န်ဒီအိုအက်ဖ်တပ်ဖွဲ့ဝင် ၂၁ ဦးကို ဆီးရီးယားသူပုန်အုပ်စုတစ်စုက ဖမ်းဆီးခြင်းအပေါ် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဘန်ကီမွန်းက မတ် ၆ ရက်တွင် ပြစ်တင်ရှုတ်ချလိုက်ပြီး ခြွင်းချက်မရှိ ချက်ချင်းပြန်လွှတ်ပေးရန် တောင်းဆိုလိုက်သည်။ အစ္စရေးနှင့် ဆီးရီးယားအကြား တပ်ချင်းခွဲခြားရေး သဘောတူညီချက်ကိုအကဲဖြတ်ရန် ယူအင်န်ဒီအိုအက်ဖ်သို့ အာဏာလွှဲအပ်ပေးထားကြောင်း ဆီးရီးယားမှ ပါတီအဖွဲ့အစည်းအားလုံးကိုလည်း ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဘန်ကီမွန်းက သတိပေးလိုက်သည်။ ယခုအခါ ကုလသမဂ္ဂတာဝန်ရှိသူများနှင့် ဆီးရီးယားလက်နက်ကိုင်သူပုန်များအကြား ဆက်သွယ်ဆောင်ရွက်နေပြီဟု သိရသည်။

ထိုအတောအတွင်း အီဂျစ်နိုင်ငံခြားရေးဝန်ကြီး သဘာပတိအဖြစ်ဆောင်ရွက်သည့် အာရပ်အဖွဲ့ချုပ် (အေအယ်လ်) နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးပိတ်ပွဲတွင် အဖွဲ့ချုပ်၌ ဆီးရီးယားအစိုးရ၏ နေရာတွင် ဆီးရီးယားအတိုက်အခံ ညွန့်ပေါင်းအဖွဲ့က ဝင်ရောက် အစားထိုးပါဝင်ရန် နိုင်ငံခြားရေးဝန်ကြီးများက မတ် ၆ ရက်တွင် ဆုံးဖြတ်ဖိတ်ခေါ်လိုက်သည်ကို တွေ့ရသည်။ ယင်းကို ဆီးရီးယားနိုင်ငံရေးအကျပ်အတည်းမှ ဖြစ်ပေါ်ပြောင်းလဲမှုတစ်ရပ်အဖြစ်ရှုမြင်နိုင်ပါသည်။

နိုင်ငံတကာသတင်း

အိမ်ဖြူတော်အကြံပေးကို စီအိုင်အေညွှန်မှူးခန့်မည်

အိမ်ဖြူတော် ထိပ်တန်းအကြံပေး ဂျွန်ဘရင်နန်အား လာမည့်စီအိုင်အေညွှန်ကြားရေးမှူး ခန့်အပ်ရန် အမေရိကန် ဆီးနိတ်လွှတ်တော်က အတည်ပြုလိုက်ပြီဖြစ်သည်။

ဘရင်နန်အား ရီပတ်ဘလီကင်အမတ် ဆန်ရန်းပေါလ်နှင့်အပြိုင် ဆန္ဒမဲပေးရွေးချယ်ခဲ့ရာတွင် ဘရင်နန်က ၆၃-၃၄ ဖြင့် အနိုင်ရရှိသွားခဲ့သည်။ ဘရင်နန်သည် အမေရိကန်နိုင်ငံ မောင်းသူမဲ့လေယာဉ်များ အသုံးပြုတိုက်ခိုက်ခြင်းအပေါ် ထောက်ခံအားပေးသူတစ်ဦး ဖြစ်သည်။

အဆိုပါ မဲခွဲဆုံးဖြတ်မှုကို သမ္မတအိုဘားမားကလည်း ကြိုဆိုထောက်ခံလိုက်သည်။ ဘရင်နန်အနေဖြင့် အမေရိကန်နိုင်ငံအား ပိုမိုလုံခြုံမှုပေးနိုင်လိမ့်မည်ဖြစ်ကြောင်းလည်း အိုဘားမားက ချီးကျူးစကားပြောကြားခဲ့သည်။ ဂျွန်သည် စီအိုင်အေထောက်လှမ်းရေး အေဂျင်စီအတွေ့အကြုံ ၂၅ နှစ် ရှိသူဖြစ်သည်။

လုံခြုံရေးကောင်စီ မြောက်ကိုရီးယားကို အရေးယူ

ကုလသမဂ္ဂလုံခြုံရေးကောင်စီက မြောက်ကိုရီးယားခေါင်းဆောင်ပိုင်းနှင့် စီးပွားရေးကို ပစ်မှတ်ထားလျက် အရေးယူပိတ်ဆို့မှုအသစ်များ ပြုလုပ်ရန် သဘောတူလိုက်သည်။ ယင်းမှာ ပြုံယမ်းက မကြာမီက နျူကလီးယားစမ်းသပ်မှု ပြုလုပ်ခဲ့ပြီးနောက် အရေးယူပိတ်ဆို့မှုများ ထပ်မံပြုလုပ်ရန် သဘောတူလိုက်ခြင်းဖြစ်သည်။

အမေရိကန်နှင့် တရုတ်တို့က မူကြမ်းရေးဆွဲတင်ပြခဲ့မှုကို ကုလသမဂ္ဂလုံခြုံရေးကောင်စီက ယင်းမူကြမ်းကို အတည်ပြုရန် မတ် ၇ ရက်က သဘောတူလိုက်သည်။ ယင်းအရေးယူမှုတွင် ဘဏ္ဍာရေးဆိုင်ရာ အရေးယူပိတ်ဆို့မှုနှင့် ထိပ်ပိုင်းခေါင်းဆောင်များကို နာမည်ဆိုးစာရင်းသွင်းခြင်းတို့လည်း ပါဝင်သည်။ ပြုံယမ်းက နျူကလီးယားစမ်းသပ်မှုများ ထပ်မံပြုလုပ်လျှင်သော်လည်းကောင်း၊ ဒုံးပျံများ ပစ်လွှတ်လျှင်သော်လည်းကောင်း ထိရောက်သောအစီအမံများဖြင့် အရေးယူသွားနိုင်ကြောင်း ၎င်းက ဆုံးဖြတ်ချက်တွင် ဖော်ပြသည်။

အီရန်ကော်ဇော နိုင်ငံ ၇၀ သို့ တင်ပို့

အမေရိကန်က အီရန်ကိုအရေးယူပိတ်ဆို့ထားအောင် ဖန်တီးနေသော်လည်း ပါရှန်ကော်ဇောများကို နိုင်ငံပေါင်း ၇၀ သို့ တင်ပို့ရောင်းချလျက်ရှိကြောင်း အီရန်စီးပွားရေးလုပ်ငန်းရှင်တစ်ဦးက ပြောကြားသည်။

အီရန်ကော်ဇော ၄၅ ရာခိုင်နှုန်းကို အာရှနိုင်ငံများသို့လည်းကောင်း၊ ၄၃ ရာခိုင်နှုန်းကို ဥရောပနိုင်ငံများသို့လည်းကောင်း၊ ကျန်နှစ်ရာခိုင်နှုန်းကို အခြားနိုင်ငံများသို့လည်းကောင်း တင်ပို့ရောင်းချလျက်ရှိကြောင်း အီရန်အမျိုးသား ကော်ဇောဌာနဉက္ကဋ္ဌ မိုဟာမက်ဘာကွာအကွာအလီခါနီက ပြောသည်။

အီရန်လက်ရှိပြက္ခဒိန်နှစ် ပထမခုနစ်လအတွင်း အီရန်ကော်ဇောတင်ပို့ရာမှ အမေရိကန် ဒေါ်လာ သန်း ၄၀၀ အထိရရှိကြောင်း ၎င်းက ထပ်လောင်းပြောကြားသည်။ အီရန်နိုင်ငံ၏ လူဦးရေ ၁၀ ရာခိုင်နှုန်းရှိ လူပေါင်းရှစ်သန်းတို့လည်း ကော်ဇောလုပ်ငန်းများဖြင့် အသက်မွေးဝမ်းကျောင်းလျက်ရှိသည်။

မြင့်မောင်စိုး – စုစည်းသည်

အအိပ်အနေနည်းသူများ နှလုံးခုန် ရုတ်တရက်ရပ်တန့်ခြင်းများ ပိုဖြစ်ပွားနိုင်

အအိပ်အနေနည်းပါးကာ တော်တော်နှင့် အိပ်မပျော်ဖြစ်တတ်သူများတွင် ရုတ်တရက် နှလုံးခုန်ရပ်ခြင်း အန္တရာယ်ကြီးမားကြောင်း သုတေသနအဖွဲ့တစ်ဖွဲ့ကဆိုသည်။

လူပေါင်း ၅၀၀၀၀ ထက်မနည်းကို ၁၁ နှစ်ကြာ သုတေသနပြုခဲ့သည့် နော်ဝေပညာရှင်အဖွဲ့က ယူရိုပီယံ နှလုံးကျန်းမာရေးဂျာနယ်တွင် ယင်းကဲ့သို့ရေးသားဖော်ပြခဲ့ခြင်းဖြစ်သည်။

နော်ဝေသိပ္ပံနှင့် နည်းပညာ တက္ကသိုလ်မှ သိပ္ပံပညာရှင်များက ဆယ်စုနှစ်ကြာ သုတေသနပြုချက်အရ အိပ်မပျော်ခြင်း၊ အိပ်စက်မှုနည်းပါးခြင်းတို့ ညပေါင်းများစွာ ခံစားနေရသူများသည် ပုံမှန်နှလုံးခုန်မှု ချို့ယွင်းရန် များစွာအလေးသာလျက်ရှိကြောင်း တွေ့ရှိဖော်ထုတ်ခဲ့သည်။

အအိပ်အနေနည်းပါးခြင်းသည် ရုတ်တရက် နှလုံးခုန်ရပ်တန့်စေခြင်းနှင့် နှလုံးကျန်းမာရေးဆိုင်ရာတို့အပေါ် သက်ရောက်မှုရှိသည့်အချက်ကို ကျိန်းသေအတည်ပြုနိုင်ရေးအတွက် ယခုထက်ပိုမိုသော သုတေသနများစွာ ဆောင်ရွက်ရဦးမည်ဖြစ်ကြောင်း ပါရဂူပညာရှင်များက ပြောကြားသည်။

အဆိုပါ နော်ဝေသိပ္ပံနှင့် နည်းပညာတက္ကသိုလ်မှ ပညာရှင်တို့သည် နှလုံးရုတ်တရက် ရပ်တန့်ခြင်းဝေဒနာ မရှိသေးဟု သိရှိထားသူ အသက် ၂၀ နှင့် ၈၉ နှစ်ကြား လူပေါင်း ၅၀၀၀၀ ကျော်ကို စမ်းသပ်စောင့်ကြည့်ကာ ၁၁ နှစ်ကြာ သုတေသနပြုခဲ့ခြင်းဖြစ်သည်။

အိပ်စက်မှု ပျက်ယွင်းကြသူများတွင် နှလုံးကြွက်သားများလုပ်ဆောင်ပုံ မကြာခဏဆိုသလိုပင် ဖောက်ပြန်ယိုယွင်းမှုဖြစ်ကြောင်း ၊မည်သို့ ဖောက်ပြန်မှုဖြစ်သည်ကိုမူ နှလုံးသွေးလည်ပတ်စီးဆင်းမှုတွင် အားနည်းခြင်း သို့မဟုတ် တန့်နေခြင်းကြောင့် ဖြစ်ရကြောင်း ၎င်းအဖွဲ့က ဆိုသည်။

နှလုံးရုတ်တရက် ရပ်တန့်ခြင်းဝေဒနာခံစားရသူပေါင်းမှာ ယူနိုက်တက်ကင်းဒမ်း တစ်နိုင်ငံတည်းတွင်ပင် ၇၅၀၀၀ ကျော်ရှိပြီး ဝေဒနာရှင်အများစုမှာ ဆေးကုသမှု ခံယူထားကြခြင်းမရှိကြောင်း သိရသည်။

ထိုဝေဒနာ ခံစားရသူများသည် အသက်ရှူမွန်းကျပ်ခြင်းနှင့် မောပန်းနွမ်းလျခြင်း ဝေဒနာများခံစားရနိုင်သည်။ ညစဉ်ညတိုင်းလိုပင် အိပ်ပျော်ရန် ခက်ခဲနေသူများနှင့် နှစ်နှစ်ခြိုက်ခြိုက် မအိပ်စက်နိုင်ကြသူများသည် ကောင်းစွာ အိပ်ရေးဝဝအိပ်ရသူများထက် ရုတ်တရက် နှလုံးခုန်ရပ်မှုဝေဒနာသုံးဆခန့် ပိုများနေသည်ကို သုတေသနပြုချက်အရ တွေ့ရှိရကြောင်း၊ သို့သော်လည်း ယင်းကဲ့သို့ အအိပ်နည်းခြင်းနှင့် နှလုံးခုန်ရပ်ခြင်းဝေဒနာတို့ ဆက်စပ်မှုဇာစ်မြစ်ကို သိပ္ပံနည်းကျ ရှင်းလင်းစွာ မဖော်ထုတ်နိုင်သေးကြောင်း နော်ဝေပညာရှင်များက ပြောကြားခဲ့သည်။

သုတကျော် -ရေးသားသည်

ကြော်ငြာဆိုင်းဘုတ် လျှောက်လွှာခေါ်ယူခြင်း

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီသည် ရန်ကုန်မြို့တော်အား သန့်ရှင်းသပ်ရပ်မှု ရှိစေရေးအတွက် ကြော်ငြာဆိုင်းဘုတ်များကိုလည်း စနစ်တကျ စိုက်ထူထားရှိစေရေး ဆောင်ရွက်လျက်ရှိပါသည်။ ကြော်ငြာဆိုင်းဘုတ်များနှင့်ပတ်သက်၍ မြို့နယ်များအတွင်း ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက သတ်မှတ်ထားသည့်နေရာများ၌ ကြော်ငြာလိုသည့်လုပ်ငန်းများကို ဖော်ပြ၍ လျှောက်ထားနိုင်ပါသည်။ ကြော်ငြာဆိုင်းဘုတ် လျှောက်ထားလိုသူများသည် မြို့တော်ခန်းမရှိ စီမံရေးရာဌာန၊ လုပ်ငန်းရေးရာဌာနခွဲ၊ ကြော်ငြာဌာနစိတ်တွင် ၁၁-၃-၂၀၁၃ရက်မှ ၂၀-၃-၂၀၁၃ရက် အထိ ရုံးချိန်အတွင်း လာရောက်ဆက်သွယ် လျှောက်ထားနိုင်ပါကြောင်း ကြော်ငြာအပ်ပါသည်။ (အသေးစိတ်အချက်အလက်များကို စီမံရေးရာဌာန၊ ကြော်ငြာသင်ပုန်းတွင် ကြည့်ရှုနိုင်ပါသည်။)

စီမံရေးရာဌာန

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ဆောင်းပါးနှင့်ပြည်တွင်းသတင်း

တက္ကသိုလ်ဝင်စာမေးပွဲကိုဘယ်လို ဖြေမလဲ

အငြိမ်းစားကျောင်းအုပ်ဆရာကြီး-ဦးလှကျော်

၂၀၁၃ ခုနှစ် မတ် ၁၃ ရက်တွင် တက္ကသိုလ်ဝင်စာမေးပွဲကိုစတင်၍ဖြေဆိုကြရတော့မည်ဖြစ်သည်။ ထိုစာမေးပွဲသည် အခြေခံပညာရေး၏ နောက်ဆုံးစာမေးပွဲဖြစ်သည်။ တစ်နည်းအားဖြင့် စာဖြေသူ၏ ဘဝတစ်ဆစ်ချိုးချိန်ဖြစ်၍ အလွန်အရေးကြီးသော စာမေးပွဲလည်းဖြစ်သည်။ ထို့အပြင် စာဖြေသူ၏မိဘနှင့်ဆရာတို့ကလည်း ထိုစာမေးပွဲကို တစ်နှစ်တည်း တစ်ကြိမ်တည်းအောင်မြင်ကြစေလိုပါသည်။

ထိုအရေးကြီးလှသော စာမေးပွဲအောင်မြင်ရန်အတွက် အောင်ရန်နှင့် ဆောင်ရန်တို့ကို တင်ပြမည် ဖြစ်သည်။ အမှန်ဆိုရသော် ကျောင်းမှန်မှန်တက်၍ စာမှန်မှန်ကျက်သော စာဖြေသူသည် (နင်လားဟဲ့ စာမေးပွဲ) ဟုကြုံးဝါး၍ ချက်ချင်းပင်ဖြေဆိုကြမည်။ ကျောင်းတက်မမှန်သော၊ စာကျက်မမှန်သော စာသင်သားတို့မှာမူ ကြောက်ဒူးတုန်ကာ ကြောက်နေမည်မှာ မဆန်းပါ။

စာသင်သားတိုင်း ဖြေဆိုရမည့် စာမေးပွဲကို နှစ်ချင်းပေါက်အောင်မြင်ရမည်၊ အောင်စိတ်ကိုဆောင်အောင်ရမည်ဟု ကြုံးဝါးထားရမည်။ ဤကား အဓိကအခြေခံ စိတ်ဓာတ်တည်း၊ အောင်မြင်လိုစိတ်ရှိက မုချအောင်ရမည်။ အောင်မြင်အောင်ကြိုးစားရမည်ဖြစ်ပါသည်။

စာမေးပွဲအောင်ရန် နည်းလမ်းများကားအဘယ်နည်း။ ဦးစွာပထမ ပြဋ္ဌာန်းထားသော သင်ခန်းစာများကို ကျေညက်နေအောင်ကျက်ထားရမည်။ ပြဋ္ဌာန်းစာအုပ်ပါ သင်ခန်းစာများကို ပြန်လည်ကျက်မှတ်ရမည်။ ဆရာများပြန်လည်သင်ကြားရေးကို ဝါယမစိုက်ကာ သင်ကြားသည့်အခါတိုင်း တက်ရောက်နာယူရမည်။ ဆရာသည်မိမိတပည့် စာမေးပွဲအောင်ရေးအတွက် အားသွန်ခွန်စိုက် ကြိုးစားနေမည့်သူဖြစ်ပါသည်။ တွက်ချက်သည့် ပုစ္ဆာ၊ ကျက်မှတ်ရမည့်စာ၊ ဆွဲရမည့်ပုံ စသည်တို့ကို အပ်ကျမပ်ကျ၊ သေချာကျနအောင် သင်ကြားပေးသည်။ ဒုတိယအချက်မှာ မေးခွန်းဟောင်းများကို ရွေးချယ်ကာ လေ့လာရမည်။ စာမေးပွဲနီးချိန်တွင် အလျှိုလျှိုထွက်ပေါ်လာသော တစ်ကြိုမေးခွန်း၊ ခန့်မှန်းမေးခွန်းများကို လျစ်လျူရှုရပါမည်။ စာမေးပွဲအောင်ရန်ဖြတ်လမ်းမရှိပါ။ အချောင်လည်း မအောင်နိုင်ပါ။ မိမိ၏ ကြိုးစားမှုနှင့် ဆရာ၏ သင်ကြားမှုဖြင့်သာ အောင်နိုင်ပါသည်။

ဆရာ သင်ကြားပို့ချလိုက်သော သင်ခန်းစာများကို စာသင်သား အချင်းချင်းဆွေးနွေးခြင်း (discussion) ဖြင့် ကျက်မှတ်ရန်ဖြစ်သည်။ စာသင်သားတစ်ဦးတည်း ကျက်မှတ်နေခြင်းထက် အချင်းချင်း စုပေါင်းကျက်မှတ်ဆွေးနွေးခြင်းက ပိုမိုထိရောက်သည်။ တစ်ဦးမသိသည်ကို တစ်ဦးသင်ပြခြင်း၊ ရှင်းပြခြင်း၊ တစ်ဦးက ပြန်လည်ဆွေးနွေး၊ အပြန်အလှန် ဆွေးနွေးပါက စာကျက်ရလွယ်ပါသည်။ ပိုမိုထိရောက်၍ ပျော်စရာလည်းကောင်းသည်။ ယခုခေတ် စာကျက်ဝိုင်းဟု ဆိုရပါမည်။ သင်္ချာကိုလည်း စုပေါင်းတွက်ခြင်းဖြင့် အလွယ်တကူ နားလည်တတ်မြောက်နိုင်သည်။

စာမေးပွဲတည်းဟူသော ပညာရေးတိုက်ပွဲကို အောင်မြင်အောင်တိုက်ရန် နည်းလမ်းကောင်းများ၊ နည်းစနစ်များကို ရှာဖွေရပေမည်။ အနာနဲ့ဆေးတည့်အောင်ပေး၊ ပျောက်ရေးမခက်ပါ ဆိုသကဲ့သို့ မေးခွန်းနှင့်အဖြေတည့်အောင်ရေး၊ အောင်ရေးမခက်ပါ။ နည်းစနစ်မှာ အခြားမဟုတ်၊ မေးခွန်း၏ လှည့်ကွက်၊ မေးခွန်း၏ ဆိုလိုရင်းကို သိရန် ဆင်ခြင်ဉာဏ်ဖြင့် စဉ်းစားရန် လိုပါသည်။ **မေးခွန်းကို စိတ်အေးတည်ငြိမ်စွာ ဖတ်ပါ။ မေးခွန်းများကို အနည်းဆုံးသုံးကြိမ်ဖတ်ပါ။ ဘာမေးသည်ကို အသေအချာ သိအောင် စဉ်းစားပါ။ တိကျသော အဖြေကို ရှာပါ။ နာနာကျက်ထားသော သင်ခန်းစာထဲမှ ထုတ်နုတ်၍ စီကာရီကာဖြင့် စဉ်းစားပါ။ လှည့်ထားသောမေးခွန်းဖြစ်ပါက ပို၍ ဂရုစိုက်ပါ။ ရိုးစင်းသော မေးခွန်းနှင့် မတူပါ။ အထူးစဉ်းစားရမည်။**

ဖြေဆိုသည့်အခါ လွယ်သောအပုဒ်မှ စဖြေပါ။ အထူးသဖြင့် တွက်ချက်ရသော သင်္ချာ၊ ရူပဗေဒဘာသာရပ်များကိုလည်း မေးခွန်းတွင်ပေးထားသော ကိန်းဂဏန်းများကို အကူးမှားပါက အဖြေမထွက်နိုင်ဘဲ ဖြစ်တတ်သည်။ **အထူးသတိပြုရန်မှာ တွက်၍ အဖြေမထွက်သော အပုဒ်ကို ထပ်ခါထပ်ခါ တွက်ခြင်းဖြင့် အချိန်ကုန်မခံပါနှင့်။** အခြားရနိုင်လွယ်ကူသော အပုဒ်ကို ဆက်တွက်ပါ။ မေးထားသည့် ပုစ္ဆာများကို အပုဒ်စေ့ဖြေနိုင်အောင် ကြိုးစားပါ။ တစ်ဝက်တစ်ပျက် တွက်နိုင်ပါက ခြစ်မပျက်ပါနှင့်။ တွက်ချက်မှုအဆင့်ဆင့်အမှတ်ပေးပါသည်။

စာမေးပွဲမေးခွန်း ထုတ်သူသည် မေးခွန်းကို ပြဋ္ဌာန်းစာအုပ်ထဲမှ ထုတ်ထားခြင်းဖြစ်ရာ ပြဋ္ဌာန်းစာအုပ်တစ်အုပ်လုံး ကျေညက်ပါက ပူပင်စရာမလိုပါ။ ဖြေနိုင်ရမည်။ မမေးသေးသော မေးခွန်း၊ မမေးနိုင်သော မေးခွန်း၊ မေးပြီးသော မေးခွန်းဟူ၍ မရှိပါ။ မေးခွန်းထုတ်သူက ကြိုက်ရာမေးပါစေ၊ ပြဋ္ဌာန်းစာအုပ်ကို ပိုင်ထားလျှင် ကြောက်စရာ မရှိပါ။ အားလုံးဖြေနိုင်ရမည်။

ပုံဆွဲရသည့် ပထဝီ၊ ဇီဝဗေဒ၊ စသော မေးခွန်းများအတွက် ပုံများကို သေချာကျနစွာ ဆွဲပါ။ ပုံများကို အမှတ်ပေးပါသည်။ အပုဒ်စေ့အောင်ဖြေပါ။ မိမိဖြေဆိုနေသော ဘာသာရပ်အတွက် မည်သည့်အပိုင်းကို အရေးပေးရမည်။ မည်သည့်အပိုင်းကို ပါဝင်အောင် ရေးရမည်ကို သတိထားစဉ်းစားပါ။ မလိုအပ်သော အကြောင်းအရာများကို မစဉ်းစားဘဲ ရေးနေပါက အချိန်ကုန်ပြီး အမှတ်မရနိုင်သည်ကို အထူးသတိပြုရမည်။ **မိမိဖြေဆိုသော အပုဒ်ကို တိကျပြည့်စုံအောင်ဖြေပါ။ အချက်အလက်ပေါ်လွင်အောင် ရေးပါ။ စာစစ်သူက အဖြေလွှာကို စစ်သည့်အခါ အမှတ်ပေးစည်းမျဉ်းတွင် ပါသည့် အချက်ကို အမှတ်ပေးပါသည်။**

မေးခွန်းကို အပုဒ်စေ့ဖြေရမည်။ တစ်ပုဒ်လျှော့ဖြေလျှင် အမှတ်လျှော့မည်ဖြစ်သည်။ ဖြေဆိုရာတွင် လက်ရေးကို မကြီး၊ မသေး၊ အကွာအဝေး၊ မကျယ်၊ မကျဉ်းရေးပါ။ သေးလွန်းက စာစစ်အိုကြီးများက စိတ်မရှည်ပါ။ လက်ရေးကို ပန်းချီဆန်ဆန် လှအောင်ရေးဖို့ မလိုပါ။ ပီသ၊ သပ်ရပ်၊ ရှင်းလင်းအောင်ရေးက စာစစ်သူက အမှတ်ပေးရန် လွယ်ကူပါသည်။ ဖြေပြီးသော အဖြေများကို (အချိန်ရလျှင်) အကြမ်းဖျင်းတစ်ခေါက် ပြန်ဖတ်ပါ။ စာကျန်များကို ဖြည့်စွက်ပါ။

စာမေးပွဲဖြေခါနီးမှ ညမအိပ်၊ နေ့မနားဘဲ ကျက်မှတ်နေပါက စာမေးပွဲဖြေချိန်တွင် ဖျားနာနေမည်ကို အထူးသတိပြုပါ။ ဆေးရုံတွင် ဖြေကြရသော စာဖြေသူများကို နှစ်စဉ် တွေ့ရပါသည်။ ဖျားနာနေ၍ စာဖြေရလျှင် တစ်ပန်းရှုံးပါသည်။ ဦးနှောက် အသုံးပြုရသော စာဖြေသူများအဖို့ မလွယ်ကူပါ။ စာဖြေချိန်တွင် ကျန်းမာ၍ ဦးနှောက်ကြည်လင်ကာ လန်းဆန်းတက်ကြွနေရမည်။ **ထို့ကြောင့် စာမေးပွဲနီးသော အချိန်တွင် ကျန်းမာရေးကို ဂရုစိုက်ရမည်။ အိပ်ရေးပျက် မခံဘဲ စာမှန်မှန်ကျက်ဖို့ လိုအပ်သည်။ အိပ်ရေးဝအောင် အိပ်ပါ။**

စာမေးပွဲဖြေချိန်တွင် ကိုယ်ရောစိတ်ပါ ကျန်းမာနေရမည်ကို နှလုံးသွင်းပါ။ ကျက်ထားသော စာများကို ဖြေနိုင်ဖို့ အဆင်သင့်ပြင်ဆင်ထားရမည်။ နိုင်ငံတော်အစိုးရကလည်း စာဖြေချိန်ကာလအတွင်း လျှပ်စစ်ဓာတ်အား ပိုမိုပြည့်စုံအောင် ဖြန့်ဖြူးပေးမည်ဟု ကြေညာထားပါသည်။

စာမေးပွဲဖြေချိန်တွင် အလွန်သစ်လွင်သော အင်္ကျီအဝတ်အစားများကို ဝတ်ရန်မလိုပါ။ အလွန်ကျပ်သော အင်္ကျီလက်ကွေး၍ ဆန့်၍မရသော အင်္ကျီကို လုံးဝမဝတ်ပါနှင့်။ စာဖြေရာတွင် သက်သောင့်သက်သာ အဝတ်များကို ဝတ်သွားပါ။ **စာမေးပွဲအချိန်စာရင်းကို စာကြည့်စားပွဲပေါ်တွင် ထားပါ။ ဘယ်နေ့ ဘယ်ဘာသာဖြေရမည် သတိပြုပါ။ ဖြေရမည့်ဘာသာနှင့် နေ့လွဲမှားပြီး စာကျက်သွားပါက အခက်အခဲတွေ၊ စိတ်အနှောင့်အယှက်တွေ ဖြစ်မည်။ စာဖြေသွားရာတွင် စာရေးကိရိယာများ အစုံအလင်ယူသွားပါ။ ဘောပင်ကိုလည်း အနည်းဆုံး သုံးချောင်းလောက် ဆောင်ထားသင့်သည်။** စာဖြေခန်းတွင် လိုအပ်သောပစ္စည်းမပါခဲ့ပါက ဌားရမ်းနေရမည်ကို သတိပြုပါ။ စာဖြေချိန်မတိုင်မီ စာဖြေဌာနသို့ မိနစ် ၃၀ ကြို၍ ရောက်ရန်လိုသည်။ စာဖြေချိန်နီးမှ ကမန်းကတန်းရောက်လာပါက စိတ်ရောကိုယ်ပါ ပူပင်သောက ရောက်ရပါမည်။ မိမိနေအိမ်နှင့် စာစစ်ဌာန အကွာအဝေးကို သတိပြုပြီး စောစောထွက်ရန် လိုအပ်သည်။ သွားရောက်ရာတွင် ကားစောင့်ရခြင်း၊ မီးပွိုင့်မိခြင်းရှိသည်ကို သတိပြုရမည်။ ကိုယ်ပိုင်ကားဖြင့်သွားရလျှင်လည်း လမ်းခရီးတွင် ကြန့်ကြာမည့်အချိန်ကို တွက်ဆသွားပါ။ လိုင်းကားစီးရလျှင်လည်း ကားပျက်နေပါက တက္ကစီနှင့်သွားရန် ငွေဆောင်သွားပါ။ မိမိဖြေရမည့် အခန်းနားမှာနေပါ။

အရေးကြီးဆုံးမှာ ပထမနေ့တွင် ဖြေဆိုခွင့်ကတ်ပြားကို မမေ့ပါနှင့်။ စာဖြေချိန်နီးမှ ကတ်ပြားပြန်ယူရလျှင် ၉ နာရီခွဲကျော်လွန်က ခွင့်ပြုမည်မဟုတ်ပါ။ မိမိဖြေရမည့် စာရေးစားပွဲနှင့် ထိုင်ခုံလှုပ်ပါက စာရေးရန်အဆင်မပြေ၍ သက်ဆိုင်ရာ လက်ထောက်ကြီးကြပ်ရေးမှူးကို အကူအညီတောင်းပါ။ (စာဖြေသူ၏ အခွင့်အရေးဖြစ်ပါသည်။) မိမိဖြေနေသော အခန်းသည် အလွန်မှောင်နေလျှင် တင်ပြရမည်။ တစ်ခါတစ်ရံ ပြတင်းပေါက်ဖွင့်ထားပါက မျက်နှာပေါ်နှင့် စာရေးစားပွဲပေါ်သို့ နေရောင်ထိုးနေလျှင်လည်း အကာအရံရအောင် ချက်ချင်းတင်ပြပါ။ အားနာရန် မလိုပါ။

အဖြေလွှာပေါ်တွင် ခုံနံပါတ်ကို မှန်အောင်ရေးပါ။ မေးခွန်းရသောအခါ စိတ်အေးအေးထားပြီးဖတ်ပါ။ မေးခွန်းဖတ်ရန် အချိန်ရပါသည်။ အလောတကြီး ကမန်းကတန်း၊ ဖုတ်ပူမီးတိုက် အလျင်စလို မဖတ်ပါနှင့်။

စာတွေ ကျက်ထား၍ ဖြေနိုင်အောင်ကြိုးစားရမည်။ မေးခွန်းကို နားလည်အောင် ထပ်ကာထပ်ကာ ဖတ်ပါ။ အဖြေကို စဉ်းစားပြီး မနှေးမမြန်ရေးပါ။

သင်္ချာဖြေရမည့်နေ့ မတိုင်မီညတွင် အိပ်ရေးဝအောင် အိပ်ပါ။ ညလုံးပေါက် တွက်ချက်နေပါက နံနက်အိပ်ရာထလျှင် ဦးနှောက်မကြည်လင်ဘဲ စာဖြေခန်းတွင် လုံးဝစဉ်းစား၍ မရဘဲ ဖြစ်နေတတ်ပါသည်။

စာဖြေရန် စည်းကမ်းချက်များကို လိုက်နာပါ။ ခိုးချခြင်း၊ စကားပြောခြင်း၊ လက်ဟန်ခြေဟန်ဖြင့်ပြခြင်းများကို ရှောင်ပါ။ မိမိထံမှ ခိုးချရန် အကူအညီတောင်းပါက မပေးပါနှင့်။ မိမိကိုယ်တိုင်လည်း ကိုယ်စွမ်း ဉာဏ်စွမ်း ရှိသလောက်သာ ဖြေဆိုရန် လိုအပ်သည်။ ခိုးချရန် စာရွက်စာတမ်းများကို လုံးဝမယူသွားပါနှင့်။ ခိုးချ၍ မိသွားပါက စာဖြေခွင့်ကို တစ်နှစ်သို့မဟုတ် နှစ်နှစ် ပယ်ခြင်းခံရမည်ဖြစ်သည်။

မေးခွန်းသည် အချိန်ကိုက်မေးထား၍ အချိန်ကိုသတိပြုရမည်။ ဥပမာ-မေးခွန်းခြောက်ပုဒ် သုံးနာရီခွင့်ပြုထား၍ တစ်ပုဒ်လျှင် မိနစ် ၃၀ သာရမည်။ မေးခွန်းတစ်ပုဒ်ကို စဉ်းစားချိန်၊ ရေးချိန်၊ ပြန်ဖတ်ချိန် မိနစ် ၃၀ သာရ၍ အချိန်ကို ချင့်ချိန်၍ဖြေပါ။ ဥပမာ-မေးခွန်းတစ်ပုဒ်ကို ၄၅ မိနစ်ဖြေနေပါက အခြားမေးခွန်းအတွက် ၁၅ မိနစ်လျော့သွားမည်။ တိကျနီးစပ်သည့် အဖြေကို ပေးထားသော အချိန်အတွင်းပြီးအောင်ဖြေရန်ကြိုးစားပါ။ သို့မှသာ အပုဒ်စေ့ ဖြေနိုင်မည်။

စာဖြေချိန်ခြောက်ရက်အတွင်း အစားအသောက်၊ အနေအထိုင်၊ အသွားအလာကို အထူးသတိပြုရန် အရေးကြီးသည်။ သတင်းစာများတွင် ဖော်ပြခဲ့သော ပါမောက္ခများ ရေးသားသော ဘာသာရပ်ဆိုင်ရာ တက္ကသိုလ်စာမေးပွဲအတွက် ဘာသာစုံ သိကောင်းစရာများကို ဖတ်ဖြစ်အောင်ဖတ်ပါ။ တပည့်များအတွက် အကျိုးရှိပါသည်။

စာဖြေသူ တပည့်တို့သည် ပြဋ္ဌာန်းထားသော သင်ရိုးနှင့် စာမေးပွဲဖြေနည်းများကို ကျေကျေညက်ညက်ကုန်ကုန်စင်စင် ထဲထဲဝင်ဝင်အောင် သိထားပြီးဖြစ်၍ စာမေးပွဲအောင်ရန်မှာ မြေကြီးလက်ခတ်မလွဲနိုင်ပေ။

ချစ်သောစာသင်သားတပည့်များ တက္ကသိုလ်ဝင်စာမေးပွဲကြီးကို အောင်မြင်စွာ ဖြေဆိုနိုင်ပြီး ဂုဏ်ထူးများလည်းရပါစေဟု မေတ္တာရေလောင်းလိုက်ပါသည်။

အောင်ပါစေသတည်း. . .

အောင်ပါစေသတည်း။

(စာကြွင်း)- **အထူးသတိပြုရန်မှာ ဖြေဆိုခွင့်ကတ်ပြားကို သေချာစွာ သိမ်းထားရန် လိုအပ်ပါသည်။ အစိုးရိမ်လွန်၍ ဘုရားစင်ပေါ်၌ တင်ထားသော ကျောင်းသူတစ်ဦး၏ ကတ်ပြားတွင် ဓာတ်ပုံ၌ကပ်ထားသော ကော်အား ကြွက်ကိုက်စားသဖြင့် ဓာတ်ပုံပျက်စီးသွားသည်ကို လက်တွေ့ တွေ့ခဲ့ရဖူးပါသည်။**

အမျိုးသမီးဆရာဝန်အဖွဲ့ နယ်လှည့်ကွင်းဆင်းဆေးကု

ရန်ကုန် မတ် ၉

မြန်မာနိုင်ငံ ဆရာဝန်အသင်း (အမျိုးသမီးဆရာဝန်များအဖွဲ့)၏ နယ်လှည့်ကွင်းဆင်းဆေးကုသရေး ခရီးစဉ်အဖြစ် သမားတော်ကြီးများနှင့် အထူးကုဆရာဝန်ကြီးများ ပါဝင်ကာ ဖေဖော်ဝါရီ ၂၄ ရက်က ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်း မြို့နယ်၊ ရန်ကုန်-ပုသိမ်ကားလမ်းပေါ်ရှိ ဆားမလောက်ကျေးရွာ (၂၅)ခုတင် ဆန့်တောင်သူလယ်သမားဆေးရုံ၌ ပတ်ဝန်းကျင် ကျေးရွာ ၂၀ ကျော်မှ ကျန်းမာရေး ချို့တဲ့သူပြည်သူများနှင့် ကလေးငယ်များအပါအဝင် တောင်သူလယ်သမားများအား နယ်လှည့်ကျန်းမာရေးစောင့်ရှောက်ခြင်းအဖြစ် ဆေးဝါးကုသမှု ပြုလုပ်ပေးခဲ့သည်။ မြန်မာနိုင်ငံဆရာဝန်အသင်း (အမျိုးသမီးဆရာဝန်များအဖွဲ့)ဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်မာအေးနှင့် အတွင်းရေးမှူး ဒေါက်တာ ဒေါ်မြတ်လေးကျင် ဦးဆောင်ကာ သမားတော်ကြီးများ၊

အထူးကုဆရာဝန်ကြီးများအပါအဝင် ၃၂ ဦးတို့က ရောဂါမျိုးစုံ လူနာပေါင်း ၅၄၈ ဦးအား ကျန်းမာရေးစစ်ဆေးကာ ECG ရိုက်ခြင်း၊ စားဆေး၊ သောက်ဆေး၊ လိမ်းဆေးများ အခမဲ့ပေး၍ ဆေးဝါးကုသပေးခဲ့သည်။ **(အပေါ်ပုံ)**

အဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်မာအေးက မြို့တွေပေါ်သို့ အကြောင်းအမျိုးမျိုးကြောင့်လာရောက်ဆေးဝါးမကုသနိုင်သော ဝေဒနာရှင်များအတွက် အထူးကုဆရာဝန်ကြီးများ၊ ကိုယ်တိုင်ကွင်းဆင်းပြီး အခမဲ့ကုသပေးခြင်းသည် အမျိုးသမီးဆရာဝန်အဖွဲ့၏ လုပ်ငန်းစဉ်တစ်ရပ်အနေနှင့် ပါဝင်နေကြောင်း ပြောကြားသည်။

သတင်း၊ ဓာတ်ပုံ - အောင်သန်း (မင်္ဂလာတောင်ညွန့်)

သမားတော်ကြီး ပါမောက္ခ ဒေါက်တာဒေါ်ခင်မေအုန်း၊ သမားတော် ဒေါက်တာ ဒေါ်ဝေဝေလွင်၊ ဒေါက်တာချိုမာလွင်နှင့်အဖွဲ့၊ ခွဲစိတ်အထူးကုဆရာဝန်ကြီး ဒေါက်တာ ခင်သူဇာကျော်၊ အရေပြားအထူးကုဆရာဝန်ကြီး ဒေါက်တာ မြတ်စန္ဒာကျော်၊ သားဖွားမီးယပ် အထူးကုဆရာဝန်ကြီး ဒေါက်တာ တင်မိမိ၊ ကလေးအထူးကု တွဲဖက်ပါမောက္ခ ဒေါက်တာခင်ဝင်းသန်း၊ ကလေးအထူးကုဆရာဝန်ကြီး ဒေါက်တာ ပိုက်ထွေးချိုနှင့် ဒေါက်တာ နန်းနီလာထွန်း၊ ကိုယ်အင်္ဂါပြန်လည် သန်စွမ်းရေး အထူးကု ဆရာဝန်ကြီး ဒေါက်တာ ပင်ဒိုရာ အောင်ကြီး၊ အထူးကုဆရာဝန်ကြီး ပါမောက္ခ ဒေါက်တာ သန်းသန်းဌေး၊ မျက်စိအထူးကုဆရာဝန်ကြီး (ငြိမ်း) တွဲဖက်ပါမောက္ခ ဒေါက်တာ အောင်မြတ်စိုး၊ သွားဘက်ဆိုင်ရာ ဆရာဝန်များ၊ အထွေထွေရောဂါဆိုင်ရာ ဆရာဝန်များက ခွဲစိတ်လူနာရှစ်ဦး၊ သားဖွားမီးယပ်အထွေထွေရောဂါဝေဒနာရှင်အပါအဝင် လူနာ ၂၇ ဦး၊ အရေပြားဝေဒနာရှင် လူနာ ၄၀၊ အရိုးအဆစ် လူနာ ၄၀၊ မျက်စေ့ဝေဒနာရှင် ၆၀၊ သွားဝေဒနာရှင် ၃၈ ဦး၊ အထွေထွေရောဂါဝေဒနာရှင်အပါအဝင် လူနာစုစုပေါင်း ၅၄၈ အားကို အခမဲ့ဆေးဝါးများ ပေးပြီးကုသပေးခဲ့သည်။

အမျိုးသမီးဆရာဝန်များအဖွဲ့၏ နယ်လှည့် ကွင်းဆင်းဆေးကုသရာတွင် ဆားမလောက်ကျေးရွာ ဆေးရုံအုပ်ကြီး ဒေါက်တာဦးကျော်ဇောနှင့် ဝန်ထမ်းများ၊ ကျေးလက်ကျန်းမာရေးမှူး ဦးဇော်နိုင်နှင့် ဝန်ထမ်းများ၊ အမျိုးသမီးရေးရာ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းဝင်များ၊ ဒေါက်တာယဉ်ထွန်း ဦးဆောင်သော ကျန်းမာရေးစောင့်ရှောက်မှု အဖွဲ့ (ရန်ကုန်)မှ အဖွဲ့ဝင်များက ပံ့ပိုးကူညီဆောင်ရွက်ပေးကြသည်။

ပြင်ဆင်ဖတ်ရှုပါရန်

မတ် ၉ ရက်ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ ၆ ပါ အီးယူ-မြန်မာပူးတွဲကြေညာချက် အပိုဒ်ခွဲ(၁)၊ စာကြောင်းရေ (၅)၌ ပါရှိသော NPT စာချုပ်(အစား) IAEA စာချုပ်ဟု ပြင်ဆင်ဖတ်ရှုပါရန်။

(နိုင်ငံခြားရေး)

ပြည်တွင်းသတင်း

ရှမ်းပြည်နယ်အရှေ့ပိုင်းရှိဆေးရုံများ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင် လှည့်လည်စစ်ဆေး

နေပြည်တော် မတ် ၉

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်သည် ရှမ်းပြည်နယ် လူမှုရေးဝန်ကြီး ဒေါက်တာမျိုးထွန်းနှင့်အတူ မတ် ၄ ရက် ညနေ၃ နာရီခွဲက တာချီလိတ်မြို့ ဓမ္မသီရိဆေးရုံကြီးသို့ရောက်ရှိပြီး ဆေးရုံကြီး အတွင်း လှည့်လည်ကြည့်ရှုကာ တာချီလိတ်ဆေးရုံ၌ ဝန်ထမ်းများနှင့် တွေ့ဆုံခဲ့သည်။

ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မတ် ၅ ရက် နံနက်ပိုင်းက နဂါးနှစ်ကောင်ဆရာတော်ကြီးအား သွားရောက်ဖူးမြော်ပြီး ဓမ္မသီရိဆေးရုံနှင့်ပတ်သက်၍ မေးမြန်းလျှောက်ထားခဲ့ကာ တာချီလိတ်ဆေးရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့သည်။

ဆက်လက်၍ တာလေမြို့နယ်ခွဲဆေးရုံ **(ယာပုံ)**နှင့် မိုင်းဖြတ်မြို့နယ်ဆေးရုံတို့သို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး ကျိုင်းတုံဆေးရုံကြီး၌ ဝန်ထမ်းများနှင့်တွေ့ဆုံခဲ့သည်။

ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မတ် ၆ ရက်တွင် ကျိုင်းတုံဆေးရုံကြီးအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ကျိုင်းတုံသူနာပြုနှင့် သားဖွားသင်တန်းကျောင်း၌ သူနာပြုနှင့်သားဖွားသင်တန်းကျောင်းသူများနှင့် တွေ့ဆုံခဲ့သည်။

ဆက်လက်၍ ကျိုင်းတုံသူနာပြုနှင့် သားဖွားသင်တန်းကျောင်း နှစ်ထပ်အိပ်ဆောင်ဆောက်လုပ်ရန် ပန္နက်တင်မင်္ဂလာကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်၊ ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာမျိုးထွန်း၊ ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမင်းသန်းညွန့် နှင့် ဆေးသိပ္ပံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသန်းဇော်မြင့်တို့က သတ်မှတ်နေရာများတွင် ပန္နက်တော်များ တင်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

(၂၇)ကြိမ်မြောက်အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကျင်းပမည့်နေရာ စိမ်းလန်းစိုပြည်ရေး အမြဲစိမ်းသစ်မျိုးအပင်ကြီးများစိုက်ပျိုး

ရန်ကုန် မတ် ၉

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကျင်းပမည့် ရန်ကုန်တိုင်းဒေသကြီး မြောက်ဒဂုံမြို့နယ်ရှိ သေနတ်ပစ်ကွင်း စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေကို ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးမြင့်မောင်**(ဝဲပုံ)**သည် ယနေ့တွင် သွားရောက် ကြည့်ရှုစစ်ဆေးရာ အဆိုပါ သေနတ်ပစ် ကွင်းပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးအတွက် သစ်တောဦးစီးဌာနမှ ကံ့ကော်၊ ခရေ၊ မဟော်ဂနီ၊ ပျဉ်းမ၊ စွယ်တော်၊ အော်ရီရှား၊ မန်ဂျန်ရှားစသည့် အမြဲစိမ်းသစ်မျိုး အပင်ကြီးများအား ပျိုးထောင်ထားရှိပြီး စိုက်ပျိုးခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဒုတိယဝန်ကြီးသည် တာဝန်ရှိသူများအားတွေ့ဆုံ၍ စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများနှင့် ပတ်သက်၍ မိမိတို့ဆောင်ရွက်ရသည့် လုပ်ငန်းများအား စေတနာထား၍ အကျိုးအရှိဆုံးဖြစ်အောင် ဆောင်ရွက်သွားရန်၊ ဌာနဆိုင်ရာများအချင်းချင်း ပေါင်းစပ်ညှိနှိုင်း၍ စိမ်းလန်းစိုပြည် သာယာလှပရေးလုပ်ငန်းများ အချိန်မီပြီးစီးအောင် ဆောင်ရွက်ရန်၊ စိုက်ပျိုးပြီးအပင်ကြီးများ ထာဝရရှင်သန်ကြီးထွားစေရေးအတွက် ဆက်လက်ပြုစုထိန်းသိမ်းရန်နှင့် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ကျင်းပချိန်အမီ စိမ်းလန်းစိုပြည်ရေးအတွက် အချိန်ကာလအလိုက် ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းအစီအမံများအား ဆွေးနွေးမှာကြားခဲ့ကြောင်း သိရှိရသည်။

(သတင်းစဉ်)

စင်ကာပူနိုင်ငံ Gleneagles ဆေးရုံကြီးမှ အသည်းအထူးကု ဆရာဝန်ကြီးနှင့်အဖွဲ့ နေပြည်တော် ဇမ္ဗူသီရိ အထူးကုဆေးရုံကြီး၌ အသည်းရောဂါကုသမှုဆိုင်ရာများ ဟောပြောဆွေးနွေး

နေပြည်တော် မတ် ၉

နေပြည်တော် ဇမ္ဗူသီရိ အထူးကုဆေးရုံကြီးနှင့် Parkway Hospitals Singapore တို့၏ စဉ်ဆက်မပြတ်ဆေးပညာသင်ကြားရေး ဆွေးနွေးမှုအစီအစဉ်အရ Parkway Hospitals Singapore မှ Senior Marketing Manager, Mr.Steven Mok နှင့် အသည်း/အစာအိမ်အူလမ်းကြောင်း ဆရာဝန်ကြီး Dr.Vincent Lai တို့ပါဝင်သော အထူးကုဆရာဝန်အဖွဲ့သည် ယနေ့နံနက်ပိုင်းက ဇမ္ဗူသီရိ အထူးကုဆေးရုံကြီး အစည်းအဝေးခန်းမ၌ အသည်းရောင်အသားဝါ ဘီပိုး၊ စီပိုးရောဂါတို့၏ နောက်ဆုံးပေါ် ကုသနည်းများနှင့် အသည်းအစားထိုး ကုသမှုအကြောင်းများကို ဆွေးနွေးဟောပြောခဲ့ကြသည်။

အဆိုပါဆွေးနွေးပွဲသို့ နေပြည်တော်ရှိ ဆေးရုံကြီးများမှ အထူးကုဆရာဝန်ကြီးများ၊ ဇမ္ဗူသီရိ အထူးကုဆေးရုံကြီးမှ ဆရာဝန်ကြီးများနှင့် မြန်မာနိုင်ငံဆရာဝန်အသင်းခွဲ ပျဉ်းမနားမှ ဆရာဝန်ကြီးများ တက်ရောက်၍ ပါဝင်ဆွေးနွေးခဲ့ကြသည်။

ထို့နောက် နေ့လယ်ပိုင်းတွင် အသည်း/အစာအိမ်အူလမ်းကြောင်း ဆရာဝန်ကြီး Dr.Vincent Lai မှ နေပြည်တော် ဇမ္ဗူသီရိအထူးကု ဆေးရုံကြီး၌ ကုသမှုခံယူနေသည့် လူနာများအား အခမဲ့ကြည့်ရှုစစ်ဆေးပေးခဲ့သည်။

အဆိုပါ ညှိနှိုင်းဆွေးနွေးမှုအစီအစဉ်အရ Mount Elizabeth Orchard,Mount Elzageth Novena, Gleneagles နှင့် Parkway East ဆေးရုံကြီးများသို့ သွားရောက်ကုသလိုသော မြန်မာလူနာများအတွက် အကူအညီပေးရန် ရုံးခွဲများကို ရန်ကုန်မြို့နှင့် မန္တလေးမြို့ကြီးများတွင် ဖွင့်လှစ်ထားပြီး နေပြည်တော် ဇမ္ဗူသီရိ အထူးကုဆေးရုံကြီးတွင်လည်း ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်း သိရှိရသည်။

ထို့အပြင် စင်ကာပူနိုင်ငံရှိ အခြားအထူးကု ဆရာဝန်ကြီးများမှလည်း နေပြည်တော် ဇမ္ဗူသီရိအထူးကုဆေးရုံကြီးသို့ လာရောက်၍ ဆေးပညာနှီးနှောဖလှယ်ပွဲများနှင့် ဆေးကုသမှုဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် ဆက်လက်၍ ညှိနှိုင်းစီစဉ်ဆောင်ရွက်လျက်ရှိကြောင်းသတင်းရရှိသည်။ **(သတင်းစဉ်)**

ဇမ္ဗူသီရိ အထူးကုဆေးရုံကြီး၌ အသည်းရောင်အသားဝါ ဘီပိုး၊ စီပိုးရောဂါတို့၏ နောက်ဆုံးပေါ် ကုသနည်းများနှင့် အသည်းအစားထိုး ကုသမှုအကြောင်း ဆွေးနွေးပွဲကျင်းပစဉ်။ (သတင်းစဉ်)

နေပြည်တော်ဘူတာကြီးဝင်းအတွင်း တောမီးမှတစ်ဆင့် အလုပ်ရုံနှစ်ရုံမီးလောင်

နေပြည်တော် မတ် ၉

နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ် နေပြည်တော်ဘူတာကြီးဝင်းအတွင်း မီးရထားစီမံကိန်း အဆောက်အအုံနှစ်ခု မီးလောင်မှုဖြစ်ပွားကြောင်း သိရသည်။

ပျက်စီးဆုံးရှုံး

ဖြစ်စဉ်မှာ မတ် ၉ ရက် မွန်းလွဲ ၂ နာရီ မိနစ် ၂၀တွင် နေပြည်တော် ပုဗ္ဗသီရိမြို့နယ် နေပြည်တော်ဘူတာကြီးဝင်းအတွင်းရှိ မီးရထားစီမံကိန်း အလုပ်ရုံအဟောင်းဘေးမှ ချုံနွယ်ကိုင်းခြောက်များမှ နေအပူချိန်ပြင်းထန်မှုကြောင့် တောမီးလောင်ခြင်းဖြစ်ပြီး၊ အနီးရှိ မီးရထားစီမံကိန်းအလုပ်ရုံဟောင်းများဖြစ်သည့် ပေ ၁၅×၁၀ သွပ်မိုး၊ ထရံကာ မြေစိုက်အဆောက်အအုံနှင့်ကပ်လျက်ရှိသည့် ပေ ၄၀× ၂၀ သွပ်မိုး၊ ထရံကာ စီမံကိန်းအလုပ်ရုံတစ်ရုံ မီးလောင်ပျက်စီးဆုံးရှုံးခဲ့သည်။

မီးလောင်ရာသို့ နေပြည်တော်တိုင်းစစ်ဌာနချုပ်မှ ဒုတိယဗိုလ်မှူးကြီးဝင်းမြတ်နှင့် တာဝန်ရှိသူများ၊ နေပြည်တော် မီးသတ်ဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးကိုကိုလှိုင်၊ ပုဗ္ဗသီရိမီးသတ်စခန်းမှ စခန်းမှူး ညီညီဝင်း၊ တပ်မတော်သား ၃၅ ဦး၊ ရဲတပ်ဖွဲ့ဝင် ၂၀၊ မီးသတ်တပ်ဖွဲ့ဝင် ၇၀၊ မီးသတ်ယာဉ် ကိုးစီး၊ မီးရထားဝင်း နေပြည်တော်ဘူတာကြီးမှ ရေဘောက်ဆာတစ်စီး ဝိုင်းဝန်းငြိမ်းသတ်ရာ မွန်းလွဲ ၂ နာရီ ၃၀ မိနစ်တွင် မီးထိန်းနိုင်ပြီး မွန်းလွဲ၂ နာရီ ၄၅ မိနစ်တွင် မီးလုံးဝငြိမ်းသွားကြောင်း သိရသည်။

အမှုဖွင့်ဆောင်ရွက်

ဖြစ်စဉ်နှင့်ပတ်သက်၍ ပုဗ္ဗသီရိ ရဲစခန်းမှ အမှုဖွင့်ဆောင်ရွက်ထားကြောင်း သိရသည်။

မင်းမင်းလတ် (မန်းတက္ကသိုလ်)

တောမီးမှတစ်ဆင့် မီးလောင်ခံရသော နေပြည်တော်ဘူတာကြီး ဝင်းအတွင်းရှိ မီးရထားစီမံကိန်း အဆောက်အအုံများ။

◆ ရှေ့ဖုံးမှ

လက်ရှိ ဂျပန်ထုတ်ပစ်ကပ်ထရပ်ကား အသစ်စက်စက်တစ်စီးလျှင် ဈေးကွက်တွင် အမေရိကန်ဒေါ်လာ ၁၅၀၀၀ မှ ၁၇၀၀၀ ကြား ဈေးရှိကြောင်း ကားတင်သွင်းရောင်းချသူ တစ်ဦးက ပြောကြားသည်။

ထိုသို့ ပစ်ကပ်ထရပ်ကားများ အခွန်နှုန်းသက်သာစွာ တင်သွင်းလာနိုင်သဖြင့် ပစ်ကပ်ထရပ်ကားများ ဈေးနှုန်းကျဆင်း လာနိုင်ကြောင်း စီးပွားရေးကျွမ်းကျင်သူများက ခန့်မှန်းပြောကြားလျက်ရှိသည်။

တက္ကစီယာဉ်များ၊ ဘတ်စ်ကားများ၊ ကုန်ပစ္စည်းတင်ထရပ်ကားများကို စီးပွားရေးလုပ်ငန်းသုံးယာဉ်အဖြစ် သတ်မှတ်ပြီး အခွန်ငါးရာခိုင်နှုန်းဖြင့် တင်သွင်းခွင့်ပြုထားသည်။ သို့ရာတွင် အိမ်စီးမော်ဒယ်မြင့် ကားများကို တင်သွင်းရာတွင် အခွန် ၈၀ရာခိုင်နှုန်း ဝန်းကျင်ကောက်ခံကြောင်းသိရသည်။

(မြန်မာ့အလင်း)

ဥပဒေ

နိုင်ငံ့ဝန်ထမ်း ဥပဒေပြဋ္ဌာန်း

နိုင်ငံ့ဝန်ထမ်းဥပဒေ
(၂၀၁၃ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၅။)
၁၃၇၄ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၁ ရက်
(၂၀၁၃ ခုနှစ်၊ မတ်လ ၈ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကိုပြဋ္ဌာန်းလိုက်သည်။

အခန်း(၁)
အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို နိုင်ငံ့ဝန်ထမ်းဥပဒေဟုခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **ဖွဲ့စည်းပုံအခြေခံဥပဒေ** ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေကိုဆိုသည်။

(ခ) **ဝန်ထမ်းဖွဲ့စည်းပုံ** ဆိုသည်မှာ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ဤဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ ပြည်ထောင်စုအစိုးရအဖွဲ့က အတည်ပြုထားသော ဝန်ထမ်းအဖွဲ့အစည်း၏ဖွဲ့စည်းပုံကိုလည်းကောင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရက ပြည်ထောင်စုအစိုးရအဖွဲ့နှင့် ကြိုတင်ညှိနှိုင်း၍ ဖွဲ့စည်းသော ဝန်ထမ်းအဖွဲ့အစည်း၏ ဖွဲ့စည်းပုံကိုလည်းကောင်းဆိုသည်။

(ဂ) **ဝန်ထမ်းအဖွဲ့အစည်း** ဆိုသည်မှာ ဖွဲ့စည်းပုံဖြင့် ဖွဲ့စည်းထားသော နိုင်ငံ့ဝန်ထမ်းအဖွဲ့အစည်းကိုဆိုသည်။

(ဃ) **ဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူး** ဆိုသည်မှာ နိုင်ငံတော်သမ္မတက ဝန်ထမ်းအဖွဲ့အစည်းတစ်ခုခုတွင် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးအဖြစ် တာဝန်ပေးခန့်အပ်ခြင်းခံရသူကိုဆိုသည်။

(င) **ဝန်ထမ်း**ဆိုသည်မှာ ဝန်ထမ်းအဖွဲ့အစည်း တစ်ရပ်ရပ်၏ ဖွဲ့စည်းပုံပါ ရာထူးတစ်ခုခုတွင် ခန့်အပ်ခြင်းခံရသည့် နိုင်ငံ့ဝန်ထမ်းကိုဆိုသည်။ ယင်းစကားရပ်တွင် ဤဥပဒေပါ ကိစ္စအလို့ငှာ တပ်မတော်သားများနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ မပါဝင်။

(စ) **ဝန်ကြီးဌာနနှင့်အဖွဲ့အစည်း** ဆိုသည်မှာ ပြည်ထောင်စုအစိုးရအဖွဲ့ ဝန်ကြီးဌာနအသီးသီး၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးဌာနအသီးသီးနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရစီရင်စုများကိုဆိုသည်။ ယင်းစကားရပ်တွင် ဤဥပဒေပါကိစ္စအလို့ငှာ နိုင်ငံတော်သမ္မတရုံး၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၊ လွှတ်တော်ရုံး၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး၊ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာခုံရုံး၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ရုံး၊ နေပြည်တော်ကောင်စီရုံးနှင့် စည်ပင်သာယာရေးကော်မတီရုံးများလည်း ပါဝင်သည်။

(ဆ) **ရာထူးအနွယ်ပိုင်ဆိုင်ခွင့်** ဆိုသည်မှာ ဖွဲ့စည်းပုံပါ လစ်လပ်သော အမြဲတမ်းရာထူး၌ အတည်ပြုခန့်အပ်ပိုင်ဆိုင်ခွင့်ရရှိခြင်းကို ဆိုသည်။

(ဇ) **စတင်ခန့်ရာထူး** ဆိုသည်မှာ ဝန်ထမ်းအဖွဲ့အစည်းအသီးသီးရှိ ဝန်ထမ်းအမျိုးအစားအလိုက် စတင်ဝင်ရောက်ရမည့်ရာထူးအဆင့်ကို ဆိုသည်။

(ဈ) **ရာထူးဝန်အဖွဲ့** ဆိုသည်မှာ ပြည်ထောင်စုရာထူးဝန်အဖွဲ့ကို ဆိုသည်။

အခန်း(၂)
ဝန်ထမ်းအဖွဲ့အစည်းများ

၃။ ပြည်ထောင်စုအစိုးရအဖွဲ့သည် ဝန်ထမ်းအဖွဲ့အစည်းများကို လိုအပ်သလိုဖွဲ့စည်းနိုင်သည်။ ယင်းသို့ဖွဲ့စည်းရာတွင် လုပ်ငန်းတာဝန်နှင့်လုပ်ပိုင်ခွင့်များကို သတ်မှတ်ပေးရမည်။ လိုအပ်သောဝန်ထမ်းများကိုလည်း ခန့်အပ်နိုင်သည်။

၄။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရသည် မိမိတာဝန်ယူအကောင်အထည်ဖော်ရသည့် လုပ်ငန်းများကိုဆောင်ရွက်နိုင်ရန် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ လည်းကောင်း၊ ပြည်ထောင်စုအစိုးရနှင့် ကြိုတင်ညှိနှိုင်း၍ လည်းကောင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဆိုင်ရာ ဝန်ထမ်းအဖွဲ့အစည်းများကို လိုအပ်သလို ဖွဲ့စည်းနိုင်သည်။ လိုအပ်သောဝန်ထမ်းများကို ခန့်အပ်နိုင်သည်။

၅။ ပြည်ထောင်စုအစိုးရအဖွဲ့သည် ဝန်ထမ်းအဖွဲ့အစည်းများ ဖွဲ့စည်းရေးနှင့်စပ်လျဉ်း၍ လိုအပ်သောမူဝါဒများ ချမှတ်ခြင်း၊ ဖွဲ့စည်းပုံအတည်ပြုခြင်း၊ ရာထူးဝန်အဖွဲ့၏ ထောက်ခံအကြံပြုချက်ကိုရယူပြီး ဝန်ထမ်းများ၏ ရာထူးအဆင့်များနှင့် ချိန်နှုန်းလစာများကို သတ်မှတ်ခြင်း၊ ဝန်ထမ်းများကို ကျွမ်းကျင်မှု၊ အတတ်ပညာနှင့် လုပ်ငန်းသဘာဝတို့အရ ဝန်ထမ်းအမျိုးအစား စုစည်းဖွဲ့စည်းခြင်းနှင့် ယင်းလုပ်ငန်းများကို အခါအားလျော်စွာ ပြန်လည်စိစစ်သုံးသပ်၍ ပြင်ဆင်ခြင်းတို့ ပြုလုပ်နိုင်သည်။

အခန်း(၃)
ရွေးချယ်ခန့်ထားခြင်း

၆။ နိုင်ငံတော်သမ္မတသည် ဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူးများကို ခန့်အပ်ခြင်း၊ အတည်ပြုခြင်း၊ ပြောင်းရွှေ့ခြင်း၊ အငြိမ်းစားပေးခြင်း၊ ထုတ်ပယ်ခြင်းနှင့် ထုတ်ပစ်ခြင်းတို့ကို ပြုလုပ်နိုင်သည်။

၇။ ဝန်ထမ်းရွေးချယ်ခန့်ထားရေးကိစ္စများနှင့်စပ်လျဉ်း၍ ပြည်ထောင်စုအစိုးရအဖွဲ့၏ အခါအားလျော်စွာ သတ်မှတ်ချက်များနှင့်အညီ-

(က) သက်ဆိုင်ရာ ဝန်ကြီးဌာနနှင့် အဖွဲ့အစည်းအကြီးအမှူးသည် ဝန်ထမ်းအဖွဲ့အစည်းအသီးသီးရှိ ဝန်ထမ်းအမျိုးအစားအလိုက် သတ်မှတ်သည့် စတင်ခန့်ရာထူးအဆင့်အတွက် ရာထူးဝန်အဖွဲ့က ရွေးချယ်ပေးသော ဝန်ထမ်းများကို ခန့်ထားရမည်။

(ခ) သက်ဆိုင်ရာဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးသည် ပုဒ်မခွဲ (က)အရ ခန့်ထားသော ရာထူးအဆင့်မှတစ်ပါး အခြားစတင်ခန့်ရာထူးအဆင့်အတွက် ဝန်ထမ်းများကို ရွေးချယ်ခန့်ထားရမည်။

၈။ (က) ဝန်ကြီးဌာနနှင့် ဝန်ထမ်းအဖွဲ့အစည်းတစ်ခုခုမှ ပြန်တမ်းဝင်အရာရှိတစ်ဦးဦးကို အခြားဝန်ကြီးဌာနနှင့် ဝန်ထမ်းအဖွဲ့အစည်းတစ်ခုသို့ ပြောင်းရွှေ့ခန့်ထားလိုပါက သတ်မှတ်ထားသည့် အရည်အချင်းနှင့်ပြည့်စုံလျှင် သက်ဆိုင်ရာ ဝန်ထမ်းအဖွဲ့အစည်းသည် ရာထူးဝန်အဖွဲ့နှင့် ညှိနှိုင်းရမည်။

(ခ) ရာထူးဝန်အဖွဲ့သည် ပုဒ်မခွဲ(က)အရ ညှိနှိုင်းလာသည့်အပေါ် စိစစ်ပြီး ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြရမည်။

၉။ ဝန်ထမ်းအဖွဲ့အစည်းများသည် ဝန်ထမ်းအမျိုးအစားအလိုက် အစမ်းခန့်ကာလနှင့် စည်းကမ်းချက်များကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် လိုအပ်သလို သတ်မှတ်နိုင်သည်။

အခန်း(၄)
တာဝန်နှင့်အခွင့်အရေးများ

တာဝန်များ

၁၀။ ဝန်ထမ်းသည် အောက်ပါတို့ကို လိုက်နာရန် တာဝန်ရှိသည်-

(က) နိုင်ငံတော်၏ ကျေးဇူးသစ္စာကို စောင့်သိရိုသေခြင်း၊

(ခ) ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် တည်ဆဲဥပဒေများပါ ပြဋ္ဌာန်းချက်များကို လိုက်နာခြင်း၊

(ဂ) နိုင်ငံတော်နှင့် နိုင်ငံသားတို့၏အကျိုးစီးပွားကို အလေးထား၍ ဆောင်ရွက်ခြင်း၊

(ဃ) နိုင်ငံတော်ပိုင်ပစ္စည်း၊ နိုင်ငံတော်ဘဏ္ဍာများ လေလွင့်ဆုံးရှုံးမှုမရှိစေရေးနှင့် အလွဲသုံးစားမှုမပြုရေးတို့အတွက် ထိန်းသိမ်းစောင့်ရှောက်ခြင်း၊

(င) မိမိအား ပေးအပ်ထားသော တာဝန်နှင့်ဝတ္တရားများကို ကျေပွန်စွာထမ်းဆောင်ခြင်း၊

(စ) ဤဥပဒေအရပြုလုပ်သော နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းများ၊ အမိန့်၊ ညွှန်ကြားချက်များ၊ ဝန်ထမ်းအဖွဲ့အစည်းအလိုက် သီးခြားသတ်မှတ်ထားသော လုပ်ငန်းခွင်စည်းကမ်းများ၊ အမိန့်နှင့်ညွှန်ကြားချက်များကို လိုက်နာခြင်း၊

(ဆ) ပါတီနိုင်ငံရေးကင်းရှင်းခြင်း၊

(ဇ) ရာထူးဝန်အဖွဲ့က သတ်မှတ်ထားသော သင်တန်းများကို တက်ရောက်ခြင်း၊

(ဈ) အကျင့်စာရိတ္တပျက်ပြားခြင်းနှင့် သိက္ခာမဲ့စွာပြုမူနေထိုင်ခြင်းတို့မှ ရှောင်ကြဉ်ခြင်း၊

(ည) တာဝန်အရအပ်နှင်းထားသည့် လုပ်ပိုင်ခွင့်ကိုအလွဲသုံးစားပြုခြင်းမှ ရှောင်ကြဉ်ခြင်း၊

(ဋ) လာဘ်ပေးလာဘ်ယူပြုလုပ်ခြင်းမှ ရှောင်ကြဉ်ခြင်း၊

(ဌ) ပြည်သူကို ရိုသေလေးစားခြင်း။

အခွင့်အရေးများ

၁၁။ ဝန်ထမ်းသည် အောက်ပါအခြေခံအခွင့်အရေးများကို သတ်မှတ်ချက်များနှင့်အညီ ခံစားခွင့်ရှိသည်-

(က) အလုပ်တည်မြဲခွင့်၊

(ခ) လုပ်ငန်းခွင် အာမခံချက်ရခွင့်၊

(ဂ) လုပ်အား၊ အတတ်ပညာ၊ တာဝန်ထမ်းဆောင်မှုနှင့်လျော်ညီသည့်လစာ၊ ထောက်ပံ့ကြေး၊ ခရီးစရိတ်နှင့် အခြားစရိတ် ခံစားခွင့်၊

(ဃ) ရာထူးတိုးမြှင့်ခွင့်၊

(င) ပညာလေ့လာဆည်းပူးခွင့်၊

(စ) ခွင့်ခံစားခွင့်၊

(ဆ) ထူးချွန်မှု၊ စွမ်းစွမ်းတမံကြိုးပမ်းဆောင်ရွက်မှုတို့အတွက် ချီးမြှင့်ခြင်းကို ခံစားခွင့်၊

(ဇ) ဆေးစစ်ခံယူမှုနှင့် ဆေးကုသမှုခံယူခွင့်၊

(ဈ) အငြိမ်းစားယူခွင့်၊

(ည) တာဝန်ထမ်းဆောင်မှုကို အကြောင်းပြု၍ ထိခိုက်ဒဏ်ရာရခြင်း၊ မသန်မစွမ်းဖြစ်ခြင်းနှင့် သေဆုံးခြင်းတို့အတွက် အထူးပင်စင်ခံစားခွင့်၊

(ဋ) အမျိုးသမီးဝန်ထမ်းဖြစ်ပါက တူညီသော အလုပ်အတွက် အမျိုးသားဝန်ထမ်းများနည်းတူ အကျိုးခံစားခွင့်အပြင် မီးဖွားခြင်းဆိုင်ရာ အကျိုးခံစားခွင့်၊

(ဌ) ပါတီနိုင်ငံရေးနှင့် ကင်းရှင်းသော အသင်းအဖွဲ့များတွင် ပါဝင်ခွင့်၊

(ဍ) ဝန်ထမ်းရေးရာခံစားခွင့်၊ ဆုံးရှုံးနစ်နာမှုများနှင့်စပ်လျဉ်း၍ တင်ပြခွင့်၊ ရှင်းလင်းထုချေခွင့်နှင့် အယူခံခွင့်၊

(ဎ) ရာထူးအနွယ်ပိုင်ဆိုင်ခွင့်၊

(ဏ) ကူးပြောင်းချိန်ခံစားခွင့်၊

(တ) ပြင်ပဝန်ထမ်း စည်းကမ်းချက်ဖြင့် လွှဲပြောင်းတာဝန်ထမ်းဆောင်ခွင့်၊

(ထ) လုပ်သက်ဆုငွေနှင့် အငြိမ်းစားလစာ ခံစားခွင့်၊

(ဒ) ပြည်ထောင်စုအစိုးရအဖွဲ့က အခါအားလျော်စွာ သတ်မှတ်သော အခြားခံစားခွင့်။

အခန်း (၅)
လစာ၊ ထောက်ပံ့ကြေး၊ ခရီးစရိတ်နှင့်အခြားစရိတ်များ

၁၂။ ဝန်ထမ်းသည်တူညီသောအလုပ်အတွက် တူညီသည့် လစာ၊ ထောက်ပံ့ကြေး၊ ခရီးစရိတ်နှင့်အခြားစရိတ်များကို သက်ဆိုင်ရာနည်းဥပဒေများ၊ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ခံစားခွင့်ရှိသည်။

၁၃။ ဝန်ထမ်းသည် သီးခြားတာဝန်ပေးချက်အရ ဆောင်ရွက်ရသည့် လုပ်ငန်းတစ်ရပ်ရပ်အတွက် ချီးမြှင့်ငွေ သို့မဟုတ် အခကြေးငွေကို သက်ဆိုင်ရာ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ခံစားခွင့်ရှိသည်။

အခန်း (၆)
ခွင့်ခံစားခြင်း

ခွင့်အမျိုးအစားများ

၁၄။ ဝန်ထမ်းသည်တည်ဆဲနည်းဥပဒေများ၊ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ အောက်ပါခွင့်များကို ခံစားခွင့်ရှိသည်-

(က) ရှောင်တခင်ခွင့်၊

(ခ) ကူးစက်ရောဂါကာကွယ်ခွင့်၊

(ဂ) လုပ်သက်ခွင့်၊

(ဃ) ဆေးလက်မှတ်ခွင့်၊

(င) လစာမဲ့ခွင့်၊

(စ) မီးဖွားခွင့်၊

(ဆ) အထူးမသန်စွမ်းခွင့်၊

(ဇ) ဆေးရုံခွင့်၊

(ဈ) သင်္ဘောသားနာမကျန်းခွင့်၊

(ည) ပညာလေ့လာဆည်းပူးခွင့်။

ခွင့်နှင့်စပ်လျဉ်းသည့် သတ်မှတ်ချက်များ

၁၅။ ဝန်ထမ်းသည် ခွင့်အမျိုးအစားအလိုက် သတ်မှတ်ထားသော နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ဝန်ကြီးဌာနက လုပ်ပိုင်ခွင့်အပ်နှင်းခြင်းခံရသူ၏ ခွင့်ပြုချက်ဖြင့် ခွင့်ခံစားနိုင်သည်။

၁၆။ အစမ်းခန့် ဝန်ထမ်းသည် ရာထူးတွင် အတည်ပြုခန့်ထားပြီးဖြစ်သည့် ဝန်ထမ်းတစ်ဦးကဲ့သို့ ခွင့်ခံစားခွင့်ရှိသည်။

၁၇။ ဝန်ထမ်းသည် ခွင့်ကို အခွင့်အရေးတစ်ရပ်အဖြစ် တောင်းခံပိုင်ခွင့်မရှိစေရ။

၁၈။ ခွင့်ပေးပိုင်ခွင့်ရှိသူသည် အများပြည်သူအကျိုးငှာ လိုအပ်ပါက ဝန်ထမ်းတစ်ဦး တောင်းခံသည့်ခွင့်ကို ငြင်းပယ်ခြင်း၊ ခွင့်ပြုပြီးသောခွင့်ကို ပယ်ဖျက်ခြင်းနှင့် ခွင့်ခံစားနေသော ဝန်ထမ်းအား ပြန်လည်ခေါ်ယူခြင်းပြုနိုင်သည်။ ယင်းသို့ပြန်လည်ခေါ်ယူခြင်းခံရသော ဝန်ထမ်းအား တာဝန်ထမ်းဆောင်ရန် စတင်ခရီးထွက်ခွာသည့်နေ့မှစ၍ တာဝန်ချိန်အဖြစ် သတ်မှတ်ပေးရမည့်အပြင် ခွင့်ခံစားသည့်ဒေသမှ ရုံးစိုက်ရာဌာနသို့ လာခြင်းအတွက် ခရီးစရိတ် ခံစားခွင့်ပြုရမည်။

၁၉။ ခွင့်ခံစားနေသည့် ဝန်ထမ်းသည် ခွင့်ကာလအတွင်း၌ ဝင်ငွေရရှိသည့် အလုပ်တစ်ခုခုတွင် ဝင်ရောက်တာဝန်ထမ်းဆောင်ခြင်းမပြုရ။ အငြိမ်းစားယူရန် ကြိုတင်ပြင်ဆင်ခွင့် ခံစားနေသည့်ဝန်ထမ်းသည် ဝင်ငွေရရှိသည့် လုပ်ငန်းတစ်ခုခုတွင် ဝင်ရောက်လုပ်ကိုင်ခွင့် ရရှိခဲ့စေကာမူ ယင်း၏အငြိမ်းစားယူခွင့် လျှောက်ထားခြင်းကို ပြန်လည်ရုပ်သိမ်းခွင့် မရှိစေရ။

၂၀။ ခွင့်ခံစားနေသည့် ဝန်ထမ်းသည် မိမိကိုခွင့်ပြုထားသည့် ခွင့်ကာလ မကုန်ဆုံးမီ အလုပ်ခွင်သို့ ပြန်လည်ဝင်ရောက်လိုပါက သက်ဆိုင်ရာ ခွင့်ပေးပိုင်ခွင့်ရှိသူ၏ ခွင့်ပြုချက်ဖြင့် ပြန်လည်ဝင်ရောက်နိုင်သည်။

၂၁။ ဝန်ထမ်းသည် ခွင့်ကာလ ကုန်ဆုံးသော်လည်း အလုပ်ခွင်သို့ ပြန်လည်ဝင်ရောက်လုပ်ကိုင်ခြင်းမရှိပါက ကျော်လွန်သည့်ကာလအတွက် ခွင့်လစာခံစားခွင့်မရှိ၊ ခိုင်လုံသော အကြောင်းပြချက်မရှိဘဲ ခွင့်ရက်ကျော်လွန်ခြင်းဖြစ်ပါက ယင်းဝန်ထမ်းအား စည်းကမ်းဖောက်ဖျက်မှုဖြင့် အရေးယူနိုင်သည်။

၂၂။ ဝန်ထမ်းသည် တရားဝင်ခံစားပိုင်ခွင့်ရှိသော လုပ်သက်ခွင့်ကို အငြိမ်းစားယူရမည့် အသက်ပြည့်သည့်နေ့ရက်မတိုင်မီ အငြိမ်းစားယူရန် ကြိုတင်ပြင်ဆင်ခွင့်အဖြစ် ခံစားနိုင်သည်။ အငြိမ်းစားယူရန် ကြိုတင်ပြင်ဆင်ခွင့်ကို အချိန်မီတောင်းခံခဲ့ရာတွင် ခွင့်ပေးပိုင်ခွင့်ရှိသူက တောင်းခံသည့် ခွင့်ကာလတစ်ခုလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ အများပြည်သူ အကျိုးငှာ ငြင်းပယ်ခဲ့လျှင် ထိုငြင်းပယ်သည့်ခွင့်ကာလကို အငြိမ်းစားယူရမည့်နေ့ရက်မှစ၍ စတင်ခံစားခွင့်ရှိသည်။

အခန်း(၇)
ရာထူးတိုးမြှင့်ခြင်း

အရည်အချင်းသတ်မှတ်ခြင်း

၂၃။ ဝန်ထမ်းကို ရာထူးတိုးမြှင့်ခန့်ထားရေးအတွက် အနည်းဆုံး လိုအပ်သောပညာအရည်အချင်း၊ ကျွမ်းကျင်မှုအရည်အချင်း၊ ရာထူးသက်နှင့် လုပ်သက်တို့သည် ဝန်ထမ်းအဖွဲ့အစည်းအလိုက် ရာထူးအမျိုးအစားကို မူတည်၍ ပြည်ထောင်စုအစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့် သတ်မှတ်ထားသည့်အတိုင်းဖြစ်သည်။

၂၄။ ဝန်ထမ်းသည် ရာထူးအဆင့်အလိုက် သတ်မှတ်ထားသည့် ပညာအရည်အချင်း၊ ကျွမ်းကျင်မှုအရည်အချင်း၊ ရာထူးသက်၊ လုပ်သက်တို့နှင့် ပြည့်စုံ၍ တာဝန်ကို နိုင်နင်းစွာထမ်းဆောင်နိုင်သည်ဟု ယုံကြည်ကျေနပ်မှုရှိလျှင် သတ်မှတ်ချက်များနှင့်အညီ ရာထူးတိုးမြှင့်ခြင်း ခံစားပိုင်ခွင့်ရှိသည်။

အရည်အချင်းအကဲဖြတ်ခြင်း

၂၅။ ဝန်ထမ်းသည် ရာထူးတိုးမြှင့်ခန့်ထားခံရနိုင်ရေးအတွက် သတ်မှတ်ချက်များနှင့်အညီ သက်ဆိုင်ရာအရည်အချင်းစစ်ဆေးရေးအဖွဲ့၏ စစ်ဆေးအကဲဖြတ်မှုကို ခံယူရမည်။

၂၆။ အရည်အချင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးအကဲဖြတ်ချက်အရ သက်ဆိုင်ရာဝန်ထမ်းအဖွဲ့အစည်းက ရေးဆွဲအတည်ပြုထားသည့် တန်းစီဇယားတွင် ပါဝင်သောဝန်ထမ်းများသည် သတ်မှတ်ချက်များနှင့်ညီညွတ်ပါက ရာထူးတိုးမြှင့်ခြင်း ခံစားပိုင်ခွင့်ရှိသည်။

၂၇။ ပြန်တမ်းဝင်အရာရှိအဆင့် စတင်ခန့်ရာထူးနေရာလစ်လပ်သဖြင့် ဌာနတွင်းမှ ဝန်ထမ်းများကို ရာထူးတိုးမြှင့်ခန့်ထားရန် လိုအပ်သည့်အခါ ဝန်ထမ်းအဖွဲ့အစည်းများသည် သတ်မှတ်ချက်နှင့်အညီ မိမိတို့အတည်ပြုရေးဆွဲထားသော တန်းစီဇယားအတွင်းမှ ဝန်ထမ်းများကို ရာထူးဝန်အဖွဲ့သို့ အဆိုပြုညှိနှိုင်း၍ သဘောတူညီချက်ရယူရမည်။

၂၈။ ဌာနပြင်ပသို့ တာဝန်ဖြင့် ရောက်ရှိနေသော်လည်း ဝန်ထမ်းဖွဲ့စည်းပုံ အင်အားတွင် ရှိနေသော ဝန်ထမ်းများအား ရာထူးတိုးမြှင့်ခန့်ထားရေးအတွက် အရည်အချင်းစိစစ်အကဲဖြတ်ရာတွင် ထည့်သွင်းစဉ်းစားရမည်။

၂၉။ ရာထူးဝန်အဖွဲ့က သတ်မှတ်ထားသော သင်တန်းတက်ရောက်ပြီးသူများကို ရာထူးတိုးမြှင့်ပေးရာတွင် ဦးစားပေးစဉ်းစားရမည်။

ရာထူးတိုးမြှင့်ခံစားခွင့်မရှိခြင်း

၃၀။ ဝန်ထမ်းတစ်ဦးသည် ရာထူးတိုးမြှင့်ပေးရန် သတ်မှတ်ထားသော အရည်အချင်းများ ပြည့်စုံစေကာမူ-

(က) စာဖြင့်သတိပေးခြင်းပြစ်ဒဏ်ခံရလျှင် ယင်းသို့ သတိပေးခြင်းခံရသည့်နေ့မှ ခြောက်လအတွင်း ရာထူးတိုးမြှင့်မပေးရ။

(ခ) နှစ်တိုးလစာရပ်ဆိုင်းခြင်း ပြစ်ဒဏ်ခံရလျှင် ယင်းသို့ နှစ်တိုးလစာရပ်ဆိုင်းသည့် ကာလအတွင်း ရာထူးတိုးမြှင့်မပေးရ။

(ဂ) တာဝန်ထမ်းဆောင်ရာတွင် ပေါ့လျော့မှုကြောင့်ဖြစ်စေ၊ ကျွမ်းကျင်မှုမရှိ၍ဖြစ်စေ ပျက်စီးဆုံးရှုံးမှုအတွက် ဆုံးရှုံးမှုတန်ဖိုးအပြည့်အဝကိုသော်လည်းကောင်း၊ တစ်စိတ်တစ်ဒေသကိုသော်လည်းကောင်း ပေးလျော်ရသော ကိစ္စမျိုးတွင် ဆုံးရှုံးမှုတန်ဖိုးကို ပြန်လည်ပေးလျော်စေရန် အမိန့်ချမှတ်သည့်နေ့မှစ၍ တစ်နှစ် သို့မဟုတ် အကြေပေးလျော်ပြီးသည့်နေ့၊ ထိုနေ့နှစ်ခုတို့အနက် စောရာနေ့အထိ ရာထူးတိုးမြှင့်မပေးရ။

(ဃ) ကိုယ်ကျင့်တရားပျက်ပြားမှုနှင့် အကျုံးဝင်သော ပြစ်မှုဖြင့် တရားရုံး၏ ပြစ်မှုထင်ရှားစီရင်ခြင်းခံရသော်လည်း လက်ရှိရာထူးတွင် ဆက်လက်တည်ရှိနေသည့်အခါ ယင်းသို့ ပြစ်ဒဏ်စီရင်ခြင်းခံရသည့်နေ့မှ တစ်နှစ်အတွင်း ရာထူးတိုးမြှင့်မပေးရ။

(င) ချိန်နှုန်းလစာတစ်ခုအတွင်း လစာအဆင့်လျှော့ချခြင်းခံရလျှင် မူလလစာအဆင့်သို့ ပြန်လည်မရောက်မချင်း ရာထူးတိုးမြှင့်မပေးရ။

ဥပဒေ

(စ) ဌာနဆိုင်ရာ စစ်ဆေးခြင်းခံနေရစဉ်အတွင်း ရာထူးတိုးမြှင့်မပေးရ။

(ဆ) အပြစ်ကြောင့် ရာထူးလျှော့ချခြင်းခံရပါက ယင်းရာထူး လျှော့ချသည့် အမိန့်ပါသတ်မှတ်ကာလအတွင်း ရာထူးတိုးမြှင့်မပေးရ။

(ဇ) ရာထူးတစ်ခုတွင် အစမ်းခန့်ထားခြင်းခံရစဉ် ကာလအတွင်း ရာထူးတိုးမြှင့်မပေးရ။

(ဈ) တာဝန်မှ ယာယီရပ်ဆိုင်းထားခြင်း ခံရစဉ်ကာလအတွင်း ရာထူးတိုးမြှင့်မပေးရ။

အခန်း(၈)
ချီးမြှင့်ခြင်း

၃၁။ သက်ဆိုင်ရာ ဝန်ထမ်းအဖွဲ့အစည်းသည် တာဝန်ထမ်းဆောင်ရာတွင် ထူးချွန်မှုနှင့်စွမ်းစွမ်းတမံကြိုးပမ်းဆောင်ရွက်သော ဝန်ထမ်းအားသတ်မှတ်ထားသည့် လုပ်ထုံးလုပ်နည်းများနှင့်အညီ ရာထူးတိုးမြှင့်ပေးခြင်း၊ကြိုတင်နှစ်တိုးလစာချီးမြှင့်ခြင်း၊ ဂုဏ်ပြုလွှာပေးအပ်ခြင်း၊ ဆုချီးမြှင့်ခြင်းနှင့် အခြားနည်းဖြင့် ချီးမြှင့်ခြင်းတို့ကို ဆောင်ရွက်နိုင်သည်။

၃၂။ သက်ဆိုင်ရာ ဝန်ထမ်းအဖွဲ့အစည်းသည် ပုဒ်မ ၃၁ ပါအကြောင်းများအရ ဝန်ထမ်းအား နိုင်ငံတော်က ဂုဏ်ထူးဆောင်ဘွဲ့၊ ဂုဏ်ထူးဆောင်တံဆိပ်ချီးမြှင့်နိုင်ရေးအတွက် ထောက်ခံတင်ပြနိုင်သည်။

၃၃။ သက်ဆိုင်ရာ ဝန်ထမ်းအဖွဲ့အစည်းသည် ချိန်နှုန်းလစာရာထူးတစ်ခုတွင် တာဝန်ထမ်းဆောင်နေသည့် ဝန်ထမ်းအားချီးမြှင့်သည့်အနေဖြင့် အချိန်မစေ့မီကြိုတင်နှစ်တိုးကို တစ်ဆင့်ဖြစ်စေ၊ တစ်ဆင့်ထက်ပို၍ဖြစ်စေ ရာထူးဝန်အဖွဲ့၏ သဘောတူညီချက်ဖြင့် ခွင့်ပြုနိုင်သည်။

၃၄။ သက်ဆိုင်ရာ ဝန်ထမ်းအဖွဲ့အစည်းသည် အောက်ပါအချက်များကို အခြေခံပြီး ကိစ္စတစ်ခုချင်းအလိုက်စိစစ်၍ ပြန်တမ်းဝင်အရာရှိများအား ကြိုတင်နှစ်တိုးခွင့်ပြုရန်ကိစ္စနှင့်စပ်လျဉ်း၍ ရာထူးဝန်အဖွဲ့သို့လည်းကောင်း၊ ပြန်တမ်းဝင်အရာရှိအောက်အဆင့် ဝန်ထမ်းများအား သက်ဆိုင်ရာဝန်ကြီးဌာနနှင့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးထံသို့လည်းကောင်း အဆိုပြုတင်ပြ၍ သဘောတူခွင့်ပြုချက် ရယူဆောင်ရွက်ရမည်-

(က) ရာထူးအတွက် သာမန်အားဖြင့် လိုအပ်သောအရည်အချင်းထက် ထူးကဲသာလွန်သော အရည်အချင်းနှင့်အတွေ့အကြုံများ ဆည်းပူးရရှိထားသည့်ပုဂ္ဂိုလ်ကို ဝန်ထမ်းအဖြစ် စတင်ခန့်အပ်သည့်အခါ ကနဦး လစာတိုးမြှင့်သတ်မှတ်ပေးသင့်သည့်ကိစ္စဖြစ်ခြင်း၊

(ခ) လက်ရှိရာထူး၌ ထူးခြားပြောင်မြောက်စွာ တာဝန်ထမ်းဆောင်မှုအတွက် ဝန်ထမ်းကိုချီးမြှင့်ထိုက်သည့် ကိစ္စဖြစ်ခြင်း၊

(ဂ) အခြားလုံလောက်သော အကြောင်းထူးတစ်ခုခုကြောင့် ဝန်ထမ်းကို ကြိုတင်နှစ်တိုးပေးသင့်သည့်ကိစ္စဖြစ်ခြင်း။

အခန်း(၉)
လေ့ကျင့်ပညာပေးခြင်း

၃၅။ ရာထူးဝန်အဖွဲ့က သတ်မှတ်တာဝန်ပေးထားသောအဖွဲ့အစည်းများနှင့် ဗဟိုဝန်ထမ်းတက္ကသိုလ်များသည် ဝန်ထမ်းများနှင့်ဝန်ထမ်းလောင်းများအား အခြေခံသင်တန်းများပေးခြင်း၊ ဝန်ထမ်းများအတွက် ရာထူးဝန်အဖွဲ့က သတ်မှတ်ထားသည့် မွမ်းမံသင်တန်းများပေးခြင်းနှင့် ဆွေးနွေးပွဲများ ကျင်းပခြင်းတို့ကိုလည်းကောင်း၊ ဝန်ထမ်းလေ့ကျင့်ရေးဆိုင်ရာ ပညာရပ်များသုတေသနပြုခြင်းကိုလည်းကောင်း ရာထူးဝန်အဖွဲ့၏ ကြီးကြပ်မှုဖြင့် ဆောင်ရွက်ရမည်။

၃၆။ ဝန်ထမ်းများ၏ အရည်အသွေး တိုးတက်စေရန် အထောက်အကူပြုမည့်စီမံခန့်ခွဲမှု၊ လုပ်ငန်းဆိုင်ရာ ကျွမ်းကျင်မှုနှင့် အထွေထွေပညာမြင့်မားမှုတို့အတွက် လေ့ကျင့်ပညာပေးမှုများ ဆောင်ရွက်ရာတွင် ပြည်ထောင်စုအစိုးရအဖွဲ့၏ လမ်းညွှန်ကြီးကြပ်မှုဖြင့် ဝန်ထမ်းအဖွဲ့အစည်းအလိုက် အစီအစဉ်များ ချမှတ်ဆောင်ရွက်ရမည်။

အခန်း(၁၀)
စည်းကမ်းထိန်းသိမ်းရေး ဝန်ထမ်းကျင့်ဝတ်နှင့် လုပ်ငန်းခွင်စည်းကမ်းများကို လိုက်နာရခြင်း

၃၇။ ဝန်ထမ်းသည် ဤဥပဒေအရ ပြုလုပ်သော နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်းများကို စောင့်ထိန်းလိုက်နာရမည့်အပြင် ဝန်ထမ်းအဖွဲ့အစည်း၏ လုပ်ငန်းသဘာဝနှင့် ဝန်ထမ်းအမျိုးအစားအလိုက် သီးခြားသတ်မှတ်ထားသည့် ကျင့်ဝတ်နှင့် လုပ်ငန်းခွင်စည်းကမ်းများကိုလည်း စောင့်ထိန်းလိုက်နာရမည်။

ဌာနဆိုင်ရာအရေးယူခြင်း

၃၈။ ဝန်းထမ်းကျင့်ဝတ်ပျက်ယွင်းမှု၊ စည်းကမ်းဖောက်ဖျက်မှုနှင့် တာဝန်ပျက်ကွက်မှုတို့အတွက် ဝန်ထမ်းစည်းကမ်းထိန်းသိမ်းရေးဆိုင်ရာဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဌာနဆိုင်ရာနည်းလမ်းအရ အရေးယူနိုင်သည်။ ဝန်ထမ်း၏ပြုလုပ်မှု သို့မဟုတ် ပျက်ကွက်မှုသည် ပြစ်မှုမြောက်နိုင်သည့်ကိစ္စဖြစ်ပါက ဥပဒေကြောင်းအရ အရေးယူရန် ဆောင်ရွက်ရမည်။

၃၉။ ဝန်ထမ်းသည်တရားရုံး၏ ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက ယင်းကျူးလွန်သည့်ပြစ်မှုနှင့် ချမှတ်သည့်ပြစ်ဒဏ်တို့အား ထောက်ရှု၍ ထိုဝန်ထမ်းကို စီမံခန့်ခွဲမှုဆိုင်ရာ လိုအပ်ချက်အရ ဝန်ထမ်းဆိုင်ရာ ပြစ်ဒဏ် တစ်ရပ်ရပ်ချမှတ်ရန် သက်ဆိုင်ရာ ဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူးက ဌာနဆိုင်ရာ နည်းလမ်းအရ အရေးယူနိုင်သည်။

၄၀။ ဝန်ထမ်းအား တရားစွဲဆိုသော အမှုနှင့် စပ်လျဉ်း၍ တရားရုံးက စွဲချက်မတင်မီလွှတ်ခြင်း သို့မဟုတ် အပြီးပြတ်လွှတ်ခြင်း အမိန့်တစ်စုံ တစ်ရာ ချမှတ်စေကာမူ ယင်းတရားစွဲဆိုသောအမှုသည် ဝန်ထမ်းကျင့်ဝတ်ပျက်ယွင်းခြင်း သို့မဟုတ် စည်းကမ်းဖောက်ဖျက်ခြင်း သို့မဟုတ်တာဝန်ပျက်ကွက်ခြင်း သို့မဟုတ် ကိုယ်ကျင့်တရားပျက်ပြားခြင်းနှင့် အကျုံးဝင်သည့်ကိစ္စဖြစ်ပါက သက်ဆိုင်ရာဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးသည်ယင်းဝန်ထမ်းကို ဌာနဆိုင်ရာနည်းလမ်းအရ အရေးယူနိုင်သည်။

၄၁။ ဝန်ထမ်း၌ အပြစ်ရှိကြောင်း ပေါ်လွင်ထင်ရှားနေသည့်ကိစ္စတွင် ဌာနဆိုင်ရာစုံစမ်းစစ်ဆေးခြင်းမပြုဘဲ ထိုက်သင့်သည့်ဝန်ထမ်းဆိုင်ရာ ပြစ်ဒဏ်ကို ချမှတ်နိုင်သည်။

တာဝန်မှ ယာယီရပ်ဆိုင်းခြင်း

၄၂။ ဝန်ထမ်းကို ဌာနဆိုင်ရာအရေးယူရာတွင် ရှေးဦးစုံစမ်းမှုပြုလုပ်ခြင်း သို့မဟုတ် ဌာနဆိုင်ရာစစ်ဆေးမှုဖွင့်၍ စစ်ဆေးကြားနာခြင်းတို့ ဆောင်ရွက်နေစဉ် ယင်းဝန်ထမ်းအား တာဝန်မှ ယာယီရပ်ဆိုင်းထားနိုင်သည်။ တာဝန်မှ ယာယီရပ်ဆိုင်းထားသည့်ဝန်ထမ်းအား သတ်မှတ်ချက်များနှင့်အညီ စားစရိတ်ထောက်ပံ့ခြင်းနှင့် အခြားရခွင့်ရှိသည့်စရိတ်ကြေးငွေများကို ခံစားခွင့်ပြုရမည်။

ရှေးဦးစုံစမ်းမှုပြုလုပ်ခြင်း

၄၃။ ဝန်ထမ်းအားလိုအပ်ချက်အရ ရှေးဦးစုံစမ်းမှုပြုလုပ်ရာတွင်-

(က) ရှေးဦးစုံစမ်းမှုခံရသည့် ဝန်ထမ်း၏အဆင့်ကို မူတည်၍ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးက ရှေးဦးစုံစမ်းရေးအဖွဲ့ ဖွဲ့စည်းသည့်အမိန့်ကိုထုတ်ပြန်ပြီး ယင်းအမိန့်တွင် ရှေးဦးစုံစမ်းရေးအဖွဲ့၏တာဝန်၊ လုပ်ပိုင်ခွင့်နှင့်ကာလတို့ကို သတ်မှတ်ရမည်။

(ခ) ရှေးဦးစုံစမ်းရေးအဖွဲ့သည် ရှေးဦးစုံစမ်းမှု အမှုတွဲဖွင့်လှစ်၍ လုပ်ငန်းဆောင်ရွက်ချက်ဆိုင်ရာ စာရွက်စာတမ်းများ၊ သက်သေထွက်ဆိုချက်များနှင့် အခြားအထောက်အထားများကို စနစ်တကျ မှတ်တမ်းတင်ထားရှိရမည်။

(ဂ) ရှေးဦးစုံစမ်းရေးအဖွဲ့သည် စုံစမ်းတွေ့ရှိချက်၊ သုံးသပ်ချက်နှင့် သဘောထားဖော်ပြချက်များပါရှိသည့် အစီရင်ခံစာကို ယင်းအဖွဲ့အား ဖွဲ့စည်းပေးသော သက်ဆိုင်ရာအကြီးအမှူးထံ တင်ပြရမည်။

၄၄။ စုံစမ်းခြင်းခံရသည့်ဝန်ထမ်းကို ရှင်းလင်းချေပခွင့်ပေး၍ ယင်း၏ ရှေ့၌ သက်သေများကို စစ်ဆေးရမည့်အပြင် ပြန်လှန်မေးခွန်းများကိုလည်း မေးမြန်းခွင့်ပြုရမည်။

ဌာနဆိုင်ရာစစ်ဆေးမှုပြုလုပ်ခြင်း

၄၅။ ရှေးဦးစုံစမ်းမှုတွေ့ရှိချက်များအရ ဌာနဆိုင်ရာစစ်ဆေးမှုပြုလုပ်ရန် လိုအပ်ပါက ဆောလျင်စွာ စစ်ဆေးဆောင်ရွက်နိုင်ရေးအတွက် သက်ဆိုင်ရာ တာဝန်ရှိသူထံ ထောက်ခံတင်ပြရမည်။

၄၆။ ဝန်ထမ်းအား ဌာနဆိုင်ရာစစ်ဆေးမှုပြုလုပ်ရာတွင် ဌာနဆိုင်ရာ စစ်ဆေးမှုခံရသည့်ဝန်ထမ်း၏အဆင့်ကိုမူတည်၍ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးက ဌာနဆိုင်ရာစစ်ဆေးရေးအဖွဲ့ဖွဲ့စည်းသည့် အမိန့်ကိုထုတ်ပြန်ပြီး ယင်းအမိန့်တွင် ဌာနဆိုင်ရာစစ်ဆေးရေးအဖွဲ့၏ တာဝန်၊ လုပ်ပိုင်ခွင့်နှင့် ကာလတို့ကို သတ်မှတ်ရမည်။

၄၇။ ဝန်ထမ်းက ဌာနဆိုင်ရာစစ်ဆေးရေးအဖွဲ့ဥက္ကဋ္ဌကိုလည်းကောင်း၊ အဖွဲ့ဝင်တစ်ဦးဦးကိုလည်းကောင်း ကန့်ကွက်နိုင်သည်။

၄၈။ ဌာနဆိုင်ရာစစ်ဆေးရေးအဖွဲ့သည်-

(က) ဌာနဆိုင်ရာစစ်ဆေးမှု အမှုတွဲဖွင့်လှစ်၍ လုပ်ငန်းဆောင်ရွက်ချက်ဆိုင်ရာ စာရွက်စာတမ်းများ၊ သက်သေထွက်ဆိုချက်များ၊ အခြားအထောက်အထားများနှင့် စစ်ဆေးတွေ့ရှိချက်များကို စနစ်တကျမှတ်တမ်းတင်ထားရှိရမည်။

(ခ) ဌာနဆိုင်ရာ စစ်ဆေးခြင်းခံရသည့်ဝန်ထမ်းကို ရှေးဦးစွာ စွဲချက်တင်၍ စွဲချက်လွှာကို ဝန်ထမ်းထံပေးပို့ပြီး အချိန်လုံလောက်စွာပေး၍ ချေပလွှာတင်ပြခွင့်ပေးရမည်။

(ဂ) ဝန်ထမ်း၏ ချေပလွှာကိုလက်ခံရရှိသည့်အခါ သက်သေများကို စစ်ဆေး၍ သက်သေထွက်ဆိုချက်များအား စနစ်တကျ မှတ်တမ်းတင်ရမည်။ ဌာနဆိုင်ရာ စစ်ဆေးခြင်းခံရသည့် ဝန်ထမ်းကိုယ်တိုင်လာရောက်၍ ထုချေဖြေရှင်းထွက်ဆိုလိုပါက ခွင့်ပြုရမည်။ ယင်းသို့ ဝန်ထမ်းကိုယ်တိုင် လာရောက်၍ ထုချေဖြေရှင်းသည့်အခါ ဝန်ထမ်းက တောင်းဆိုလျှင် ယင်းကိုကူညီရန် ရှေ့နေ သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦးအား ခွင့်ပြုနိုင်သည်။

(ဃ) စစ်ဆေးတွေ့ရှိချက် အစီရင်ခံစာကို ဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူးထံ တင်ပြရမည်။

(င) ဌာနဆိုင်ရာစစ်ဆေးရေးအဖွဲ့၏ အစီရင်ခံစာတွင် အမှုအကြောင်းအရာ အကျဉ်းချုပ်၊ စွဲချက်၊ စစ်ဆေးတွေ့ရှိချက်၊ ဌာနဆိုင်ရာ စစ်ဆေးရေးအဖွဲ့၏ သုံးသပ်ချက်နှင့် သဘောထားဖော်ပြချက်တို့ကို ဖော်ပြရမည်။

၄၉။ သက်ဆိုင်ရာဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးသည် ဌာနဆိုင်ရာစစ်ဆေးမှုနှင့် စပ်လျဉ်း၍ အမိန့်ချမှတ်ပြီး အမိန့်စာထုတ်ပြန်၍ သက်ဆိုင်ရာ ဝန်ထမ်းထံသို့ ပေးပို့ရမည်။ ထိုအမိန့်ကို မကျေနပ်ပါက အမိန့်စာကို လက်ခံရရှိသည့်နေ့ရက်မှစ၍ ခြောက်လအတွင်း သက်ဆိုင်ရာ ဝန်ကြီးဌာန အကြီးအမှူးထံ အယူခံလွှာတင်သွင်းနိုင်ကြောင်း အမိန့်စာတွင် ဖော်ပြရမည်။

၅၀။ ပုဒ်မ ၄ အရ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဆိုင်ရာ ဝန်ထမ်းအဖွဲ့အစည်းများတွင် ခန့်ထားခြင်းခံရသော ဝန်ထမ်းများအား ဌာနဆိုင်ရာ စစ်ဆေးမှုနှင့်စပ်လျဉ်း၍ချမှတ်သည့်အမိန့်ကို သက်ဆိုင်ရာဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးက အမိန့်စာထုတ်ပြန်၍ သက်ဆိုင်ရာဝန်ကြီးဌာနနှင့် ဝန်ထမ်းထံသို့ပေးပို့ရမည်။ ထိုအမိန့်ကို မကျေနပ်ပါက အမိန့်စာကို လက်ခံရရှိသည့် နေ့ရက်မှစ၍ ခြောက်လအတွင်း သက်ဆိုင်ရာဝန်ကြီးဌာနအကြီးအမှူးထံ အယူခံလွှာတင်သွင်းနိုင်ကြောင်း အမိန့်စာတွင် ဖော်ပြရမည်။

၅၁။ စည်းကမ်းထိန်းသိမ်းရေး ထိရောက်လျင်မြန်စေရန်နှင့် လုပ်ငန်းတာဝန်လစ်ဟင်းမှုမရှိစေရန် အလို့ငှာ ဌာနဆိုင်ရာစစ်ဆေးမှုများကို ကြန့်ကြာခြင်းမရှိစေဘဲ ပြီးပြတ်အောင် ဆောင်ရွက်ရမည်။

၅၂။ ဌာနဆိုင်ရာစစ်ဆေးမှု ပြီးဆုံးသည့်အခါ ဝန်ထမ်းတွင်အပြစ်မရှိကြောင်း တွေ့ရှိပါက စစ်ဆေးမှုခံခဲ့ရခြင်းကြောင့် ယင်းဝန်ထမ်း၏ ဝန်ထမ်းရေးရာ အခွင့်အရေးများ ဆုံးရှုံးနစ်နာမှုမရှိစေရန် ဆောင်ရွက်ပေးရမည်။

အခန်း(၁၁)
ဝန်ထမ်းစည်းကမ်းဆိုင်ရာပြစ်ဒဏ်ချမှတ်ခြင်းနှင့် အယူခံခြင်း

ပြစ်ဒဏ်များ

၅၃။ ဌာနဆိုင်ရာ အရေးယူမှုများတွင် အောက်ဖော်ပြပါ ပြစ်ဒဏ်တစ်ရပ်ကိုဖြစ်စေ၊ ပြစ်ဒဏ်တစ်ရပ်ထက်ပို၍ဖြစ်စေ၊ နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ချမှတ်နိုင်သည်-

(က) စာဖြင့်သတိပေးခြင်း၊

(ခ) နှစ်တိုးလစာရပ်ဆိုင်းခြင်း၊

(ဂ) ရာထူးတိုးမြှင့်ခြင်းကို ရပ်ဆိုင်းခြင်း၊

(ဃ) လစာနှုန်းအတွင်း လစာလျှော့ချခြင်း၊

(င) ရာထူးအဆင့်လျှော့ချခြင်း၊

(စ) ပေါ့လျော့မှုကြောင့်ဖြစ်စေ၊ အမိန့်နှင့်ညွှန်ကြားချက်များကို မလိုက်နာမှုကြောင့်ဖြစ်စေ ပေါ်ပေါက်သည့် ဆုံးရှုံးမှု တန်ဖိုး အပြည့်အဝ သို့မဟုတ် တစ်စိတ်တစ်ဒေသကို ပေးလျော်စေခြင်း၊

(ဆ) တာဝန်မှ ယာယီရပ်ဆိုင်းခဲ့သည့် ကာလအတွက် လစာအပြည့် ခံစားခွင့်မပြုခြင်း သို့မဟုတ် ထိုကာလကို တာဝန်ချိန်အဖြစ် မသတ်မှတ်ခြင်း၊

(ဇ) ရာထူးမှ ထုတ်ပယ်ခြင်း၊

(ဈ) ဝန်ထမ်းအဖြစ်မှ ထုတ်ပစ်ခြင်း။

၅၄။ ဝန်ထမ်းအား ပြစ်ဒဏ်ချမှတ်သည့်အခါ-

(က) ပညာပေးပြုပြင်ရေးနှင့် စည်းကမ်းထိန်းသိမ်းမှု ထိရောက်ရေးတို့ကို ဦးတည်ချက်ထားရမည်။

(ခ) ပြစ်မှုနှင့်ပြစ်ဒဏ် လိုက်လျောညီထွေ ရှိစေရမည်။

၅၅။ ဝန်ထမ်းသည်ဌာနဆိုင်ရာ အရေးယူမှုတွင် ချမှတ်သည့် ပြစ်ဒဏ်နှင့်စပ်လျဉ်း၍ အယူခံခွင့်ရှိစေရမည်။

အခန်း(၁၂)
အငြိမ်းစားယူခြင်း

ပင်စင်အမျိုးအစားများ

၅၆။ ဝန်ထမ်းသည် အောက်ပါပင်စင်အမျိုးအစားများအနက်မှ တစ်မျိုးမျိုးကို ခံစားခွင့်ရှိသည်-

(က) သက်ပြည့်ပင်စင်၊

(ခ) နှစ်ပြည့်ပင်စင်၊

(ဂ) နာမကျန်းပင်စင်၊

(ဃ) လျော်ကြေးပင်စင်၊

(င) အထူးပင်စင်၊

(စ) မိသားစုပင်စင်၊

(ဆ) လျှော့ပေါ့ပင်စင်။

၅၇။ တည်ဆဲဥပဒေတစ်ရပ်ရပ်ပါ ပြဋ္ဌာန်းချက်များအရ သီးခြားသတ်မှတ်သည့် ကိစ္စမှတစ်ပါး ဝန်ထမ်းသည် အငြိမ်းစားယူရမည့် အသက်ပြည့်သော အခါ အငြိမ်းစားယူရမည်။ ထိုသို့အငြိမ်းစားယူရသည့်အခါ ဝန်ထမ်းသည် သတ်မှတ်ချက်များနှင့်အညီ သက်ပြည့်ပင်စင် ခံစားခွင့်ရှိစေရမည်။

၅၈။ ဝန်ထမ်းသည် အငြိမ်းစားယူရမည့် အသက်မပြည့်သေးသော်လည်း အငြိမ်းစားယူနိုင်ခွင့်ရှိသည့် လုပ်သက်ပြည့်သောအခါ နှစ်ပြည့်ပင်စင်ခံစားခွင့်ရှိသည်။ သတ်မှတ်လုပ်သက် မပြည့်သေးသည့်ဝန်ထမ်းကို အငြိမ်းစားယူရန်လိုအပ်သည့် ကိစ္စရပ်တွင် ပြည်ထောင်စုအစိုးရအဖွဲ့က ဤကိစ္စအလို့ငှာ တာဝန်လွှဲအပ်ထားသည့်အဖွဲ့အစည်း၏ သဘောတူညီချက်ဖြင့် ပင်စင်ခံစားခွင့်ပြုနိုင်သည်။

၅၉။ ဝန်ထမ်းသည် မကျန်းမာ၍ တာဝန်ကို ဆက်လက်မထမ်းဆောင်နိုင်သည့်အခါတွင် သတ်မှတ်ထားသောဆေးအဖွဲ့၏ ထောက်ခံချက်ဖြင့် နာမကျန်းပင်စင် ခံစားခွင့်ရှိစေရမည်။

၆၀။ ရာထူးတစ်ခုကို ဖျက်သိမ်းလိုက်သည့်အခါ ထိုရာထူး၌ ခန့်ထားသည့် ဝန်ထမ်းကို အခြားရာထူးတစ်ခုသို့ ပြောင်းရွှေ့နေရာချထားခြင်း မပြုနိုင်ပါက လျော်ကြေးပင်စင် ခံစားခွင့်ပြုရမည်။

၆၁။ ဝန်ထမ်းသည် တာဝန်ထမ်းဆောင်မှုကို အကြောင်းပြု၍ ရောဂါရရှိသည့်အခါတွင်ဖြစ်စေ၊ ထိခိုက်အနာတရဖြစ်သည့်အခါတွင်ဖြစ်စေ၊ မသန်စွမ်းဖြစ်သည့်အခါတွင်ဖြစ်စေ အထူးပင်စင်ခံစားခွင့်ရှိစေရမည်။

၆၂။ အသက် ၅၅ နှစ်ပြည့်ပြီးဖြစ်သောဝန်ထမ်းသည် အငြိမ်းစားယူနိုင်ခွင့်ရှိသည့် လုပ်သက်နှစ် ၃၀ ပြည့်သောအခါ နှစ်ပြည့်ပင်စင်ခံစားခွင့်တောင်းခံလာပါက ခိုင်လုံသောအကြောင်းပြချက်မရှိဘဲ ငြင်းပယ်ခြင်းမပြုရ။

၆၃။ အသက် ၅၅ နှစ်ပြည့်ပြီးဖြစ်သောဝန်ထမ်းသည် လုပ်သက်နှစ် ၂၀ ကျော်လွန်လျှင်သော်လည်းကောင်း၊ အသက် ၅၀ နှစ်ပြည့်ပြီးသောဝန်ထမ်းသည် လုပ်သက် ၂၅ နှစ်ကျော်လွန်လျှင်သော်လည်းကောင်း လျှော့ပေါ့ပင်စင် ခံစားခွင့်တောင်းခံနိုင်သည်။

၆၄။ ဝန်ထမ်းတစ်ဦးသည် အသက်ပြည့်၍ အငြိမ်းစားယူခြင်း သတ်မှတ်ထားသော လုပ်သက်နှစ်ပြည့်၍ အငြိမ်းစားယူခြင်း၊ နာမကျန်းပင်စင်ယူခြင်း၊ လျော်ကြေးပင်စင်ခံစားခြင်း၊ ကွယ်လွန်အနိစ္စရောက်ခြင်း တစ်ခုခုဖြစ်ပါက လုပ်သက်ဆုငွေနှင့် ပင်စင်ခံစားခွင့်တို့ကို ရခွင့်ရှိသည်။

အငြိမ်းစားယူခြင်းနှင့် စပ်လျဉ်းသည့်သတ်မှတ်ချက်များ

၆၅။ လျော်ကြေးပင်စင် သို့မဟုတ် နာမကျန်းပင်စင်ယူပြီးနောက် ဝန်ထမ်းအဖြစ် ပြန်လည်ခန့်ထားခြင်းခံရသူသည် လုပ်သက်ဆုငွေကို ပြန်လည်အမ်းလျှင်သို့မဟုတ် ပင်စင်လစာကို ပြန်ခန့်ချိန်၌ ရပ်ဆိုင်းထားလျှင် ထိုဝန်ထမ်းယခင်ထမ်းဆောင်ခဲ့သည့် လုပ်သက်ကာလကိုလည်းကောင်း၊ ရာထူးမှထုတ်ပယ်ခြင်း သို့မဟုတ် ဝန်ထမ်းအဖြစ်မှ ထုတ်ပစ်ခြင်းခံရပြီးနောက် ပြစ်ဒဏ်ပြန်လည်သုံးသပ်ခြင်းကြောင့်ဖြစ်စေ၊ ဝန်ထမ်းက အယူခံ၍ဖြစ်စေ ပြန်လည်ခန့်ထားခြင်းခံရပါက ထိုဝန်ထမ်း၏ ယခင်ထမ်းဆောင်ခဲ့သည့် လုပ်သက်ကာလကိုလည်းကောင်း ပင်စင်ကိစ္စအလို့ငှာ ထည့်သွင်းရေတွက် ခွင့်ပြုနိုင်သည်။

၆၆။ ဝန်ထမ်းတစ်ဦးသည် တာဝန်မှယာယီရပ်ဆိုင်းထားစဉ် အငြိမ်းစားယူရမည့် အသက်ပြည့်စေကာမူ စုံစမ်းစစ်ဆေးခြင်းနှင့်စပ်လျဉ်း၍ အပြီးသတ်အမိန့်မချမှတ်ရသေးမီ ယင်းဝန်ထမ်းအား အငြိမ်းစားယူခွင့်မပြုရ။

၆၇။ လုပ်သက်ဆုငွေကို လုပ်သက်နှစ်အလိုက် ပြဋ္ဌာန်းထားသော ခံစားခွင့်ပြုရမည့် ရာခိုင်နှုန်းအရ လုပ်သက်နှစ်အပေါ် ခံစားခွင့်ရှိသည်။

၆၈။ ပင်စင်ခံစားခွင့်ကို လုပ်သက်နှစ်အလိုက် ပြဋ္ဌာန်းထားသော ခံစားခွင့်ပြုရမည့် ရာခိုင်နှုန်းအရ ခံစားခွင့်ရှိသည်။

၆၉။ ဝန်ထမ်းက ဆန္ဒပြုပါက နည်းဥပဒေများ၊ စည်းမျဉ်း သို့မဟုတ် စည်းကမ်းများနှင့်အညီ တစ်လုံးတည်းပင်စင် လဲလှယ်ခွင့်ရှိသည်။

၇၀။ ဝန်ထမ်းတစ်ဦး အမှုထမ်းနေစဉ်ဖြစ်စေ၊ အငြိမ်းစားယူပြီးနောက်ဖြစ်စေ ကွယ်လွန်လျှင် ကျန်ရစ်သူမိသားစုသည် မိသားစုပင်စင်ခံစားခွင့်ရှိစေရမည်။

အခန်း(၁၃)
ဝန်ထမ်းမှတ်တမ်း

၇၁။ ဝန်ထမ်းအဖြစ် ခန့်အပ်ခြင်းခံရသည်မှအစပြု၍ အငြိမ်းစားယူသည်အထိ ဝန်ထမ်းဖြစ်စဉ် ဖော်ပြသည့်ဝန်ထမ်းမှတ်တမ်းစာအုပ်ကို သတ်မှတ်ချက်များနှင့်အညီ သက်ဆိုင်ရာဝန်ထမ်းအဖွဲ့အစည်းက ထိန်းသိမ်းထားရှိရမည်။

၇၂။ ဝန်ထမ်းသည် ဌာနကူးပြောင်းတာဝန်ထမ်းဆောင်လျှင် ယင်း၏ ဝန်ထမ်းမှတ်တမ်းစာအုပ်ကို သက်ဆိုင်ရာဌာနက ယင်းကူးပြောင်းတာဝန်ထမ်းဆောင်သည့်ဌာနသို့ ပေးပို့ရမည်။

အခန်း(၁၄)
အထွေထွေ

၇၃။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ နိုင်ငံသားများအား ဝန်ထမ်းအဖြစ် ရွေးချယ်ခန့်ထားရာတွင်ဖြစ်စေ၊ တာဝန်ပေးအပ်ရာတွင်ဖြစ်စေ၊ အခွင့်အရေး ခံစားခွင့်ပြုရာတွင်ဖြစ်စေ၊ ရာထူးတိုးမြှင့်ရာတွင်ဖြစ်စေ သတ်မှတ်သော အရည်အချင်းနှင့်ပြည့်စုံပါက လူမျိုး၊ ဇာတိ၊ ကိုးကွယ်ရာ ဘာသာသာသနာ၊ အမျိုးသား၊ အမျိုးသမီးကိုအကြောင်းပြုလျက် ခွဲခြားမှုမပြုရ။ သို့ရာတွင် အမျိုးသားများနှင့်သာ လျော်ကန်သင့်မြတ်သည့် ရာထူးတာဝန်များအတွက် အမျိုးသားများအား ရွေးချယ်ခန့်ထားခြင်းကို အဟန့်အတားမဖြစ်စေရ။

၇၄။ ဝန်ထမ်းတစ်ဦးဖြစ်ရန် ပြည့်စုံရမည့်အချက်များကို သက်ဆိုင်ရာ ဝန်ကြီးဌာနက လုပ်ငန်းလိုအပ်ချက်အရ သတ်မှတ်နိုင်သည်။

၇၅။ တည်ဆဲဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများတွင်ပါရှိသည့် ဝန်ထမ်းရေးရာနှင့်သက်ဆိုင်သည့် ပြဋ္ဌာန်းချက်များသည် ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်သရွေ့ အတည်ဖြစ်သည်။

၇၆။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင်-

(က) ရာထူးဝန်အဖွဲ့သည် လိုအပ်သောနည်းဥပဒေနှင့် စည်းမျဉ်းစည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ရာထူးဝန်အဖွဲ့၊ သက်ဆိုင်ရာဝန်ကြီးဌာနနှင့် အဖွဲ့အစည်းတို့သည် လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့်ပုဂ္ဂိုလ်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့်ဥပဒေပြဋ္ဌာန်း

တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့်ပုဂ္ဂိုလ်များ၏ ချီးမြှင့်ငွေ၊
စရိတ်နှင့် အဆောင်အယောင်များဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့်ဥပဒေ
(၂၀၁၃ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၆။)
၁၃၇၄ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၁ ရက်
(၂၀၁၃ ခုနှစ်၊ မတ်လ ၈ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို **တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့်ပုဂ္ဂိုလ်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေ** ဟု ခေါ်တွင်စေရမည်။

၂။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့်ပုဂ္ဂိုလ်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့်အဆောင်အယောင်များဆိုင်ရာ ဥပဒေပုဒ်မ ၂၊ ပုဒ်မခွဲ(ခ)တွင် ပါရှိသော "တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး"ဆိုသည့် စကားရပ်ကို ပယ်ဖျက်ပြီး "တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီး"ဆိုသည့် စကားရပ်၏ နောက်၌ "တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး"ဆိုသည့် စကားရပ်ကို ဖြည့်စွက်ရမည်။

၃။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့်ပုဂ္ဂိုလ်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့်အဆောင်အယောင်များဆိုင်ရာ ဥပဒေပုဒ်မ ၄ တွင်-

(က) ပုဒ်မခွဲ(ဂ)၏နောက်၌ ပုဒ်မခွဲ(ဃ)အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"(ဃ)တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး၊"

(ခ) ပုဒ်မ(ဃ)နှင့်(င)တို့ကို ပုဒ်မခွဲ(င)နှင့်(စ)တို့အဖြစ် ပြောင်းလဲအမှတ်စဉ်ရမည်။

၄။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့်ပုဂ္ဂိုလ်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များဆိုင်ရာဥပဒေတွင် ပုဒ်မ ၅ ၌ ပါရှိသော "တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးနှင့်"ဆိုသည့် စကားရပ်ကို ပယ်ဖျက်ရမည်။

၅။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့်ပုဂ္ဂိုလ်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များဆိုင်ရာ ဥပဒေတွင် ပုဒ်မ ၁၆ ၌ ပါရှိသော "တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီး"ဆိုသည့်စကားရပ်၏ နောက်တွင် "တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး" ဆိုသည့် စကားရပ်ကို ဖြည့်စွက်ရမည်။

၆။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့်ပုဂ္ဂိုလ်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များဆိုင်ရာ ဥပဒေတွင် ပုဒ်မ ၁၇ ကို ပယ်ဖျက်ရမည်။

၇။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့်ပုဂ္ဂိုလ်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များဆိုင်ရာ ဥပဒေတွင်ပါရှိသော ပုဒ်မ ၁၈၊ ၁၉၊ ၂၀၊ ၂၁၊ ၂၂၊ ၂၃၊ ၂၄နှင့် ၂၅တို့ကို ပုဒ်မ ၁၇၊ ၁၈၊ ၁၉၊ ၂၀၊ ၂၁၊ ၂၂၊ ၂၃နှင့် ၂၄တို့ဖြင့် ပြောင်းလဲအမှတ်စဉ်ရမည်။

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ)သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

မန္တလေးနှင့်အထက်မြန်မာပြည်သတင်း

မီးဘေးသင့်ပြည်သူများအား ကယ်ဆယ်ရေးပစ္စည်းပေးအပ်

စစ်ကိုင်း မတ် ၉

မီးဘေးသင့် ပြည်သူများအား ကယ်ဆယ်ရေးပစ္စည်းများ ပေးအပ်လှူဒါန်းပွဲကို မတ် ၅ ရက်က စစ်ကိုင်းမြို့နယ် ဘောက်သောက်ကျေးရွာ ဓမ္မာရုံ၌ ကျင်းပရာ စစ်ကိုင်းမြို့ လေးကျွန်းမြေအုဋ္ဌကျောင်းပဓာန နာယကဆရာတော် ဘဒ္ဒန္တဓမ္မပ္ပိယာ လက်ာရအမျှုးပြုသော သုခကာရီကျန်းမာရေးနှင့် လူမှုကူညီရေးအသင်းဥက္ကဋ္ဌ ဦးဇော်ဝင်းအောင်၊ ဒုတိယဥက္ကဋ္ဌ ဦးစိုးဝင်း၊ တွဲဖက်အတွင်းရေးမှူး ဦးခင်မောင်ဝင်းတို့ ဦးဆောင်၍ အသင်းသူ အသင်းသားများသည် မီးဘေးသင့်ကျေးရွာ ပြည်သူ အိမ်ထောင်စု ၂၃ စုအား ငွေကြေး ၁၅၀၀၀ စီ၊ ဆန်တစ်တင်းခွဲအိတ် တစ်အိတ်စီ၊ အဝတ်အထည်မျိုးစုံ တစ်အိတ်စီ၊ စတီးချိုင့်များ၊ ခေါင်းအုံးများ၊ တဘက်၊ ကျောင်းစိမ်း ဝတ်စုံများနှင့် ဆေးဝါး ပစ္စည်းများ တန်ဖိုး ငွေကျပ် ၁၇၄၅၄၇၀ ကို ပေးအပ်လှူဒါန်းခဲ့သည်။ စစ်ကိုင်းခရိုင်နှင့် မြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၊ ပြည်ခိုင်ဖြိုးနှင့် ဖွံ့ဖြိုးရေးပါတီ၊ မြို့နယ်ကြက်ခြေနီအသင်းနှင့် အလှူရှင်များကလည်း ငွေကြေးများ၊ ဆန်နှင့် အဝတ်အထည်၊ ပန်းကန်၊ ရေသန့်နှင့် ဆေးဝါးပစ္စည်းများ လှူဒါန်းကြကြောင်း သိရသည်။ **(အပေါ်ပုံ)**

စစ်ကိုင်းမြို့နယ် ဘောက်သောက်ကျေးရွာတွင် မတ် ၄ ရက် နံနက် ၄ နာရီခွဲက ရေနွေးအိုးတည်ရာမှ မီးစတင်လောင်ကျွမ်းခဲ့ရာ အိမ်ခြေ ၂၀ မီးလောင်ဆုံးရှုံးပြီး အိမ်ထောင်စု ၁၉ စု ကျား-မ ၁၀၈ ဦး အိုးမဲ့ အိမ်မဲ့ဖြစ်သွားကြောင်း သိရသည်။

(၁၃၇)

အမရပူရ မတ် ၉

လျှပ်ဒဏ်သင့် လောကမာန်အောင် အောင်မြေရွှေဘုံစေတီ စိန်ဖူးတော်နှင့် ငှက်မြတ်နားတော်တင်လှူ

အမရပူရမြို့နယ် ဈေးချိုရပ်ကွက် ပိန်းတန်းရပ်ရှိ သရေခေတ္တရာ မင်းမြတ်တည်ထားကိုးကွယ်ခဲ့သော မဟာရတနာ မဥ္ဇူတိလောကမာန်အောင် အောင်မြေရွှေဘုံ စေတီတော်ကြီးသည် ၂၀၁၂ခုနှစ် နိုဝင်ဘာ ၁၁ ရက်ကလှုပ်ခဲ့သော လျှပ်ဒဏ်ကြောင့် စေတီတော်မြတ်ကြီး၏ စိန်ဖူးတော်နှင့်ငှက်မြတ်နားတော်တို့မှာ မြေခခဲ့ရသည်။ အဆိုပါ ဘုရားကြီးကို အောင်မြေရွှေဘုံကျောင်းတိုက် ဆရာတော် ဦးနန္ဒောဘာသနှင့် ဆရာတော် သံဃာတော်များ ဦးစီးကာ အလှူရှင်များနှင့် ပြန်လည်ပြုပြင်ရေးလုပ်ငန်းများကို ဆောင်ရွက်ကြရာတွင် စေတီတော်မြတ်ကြီး၏ ထီးတော်အသစ်နှင့် စိန်ဖူးတော်၊ ငှက်မြတ်နားတော်အသစ်တို့ကို နန်းမတော်ရပ်နေ ဦးသန်းစိုး-ဒေါ်ဒေစီညို မိသားစုတို့က ဖေဖော်ဝါရီ ၁၄ ရက်တွင် ပြန်လည်တင်လှူခဲ့ကြသည်။ အဆိုပါ စေတီတော်မြတ်ကြီးကို ထီးတော်အသစ်၊ စိန်ဖူးတော်၊ ငှက်မြတ်နားတော်အသစ်နှင့် အဆိုပါစေတီတော်ရွှေစေးချ လုပ်ငန်းများကို လှူဒါန်းခဲ့ကြသဖြင့် ယခုအခါတွင် သပ္ပာယ်ကြည်ညိုဖွယ်ရာ ဖူးမြော်နိုင်ကြပြီဖြစ်ကြောင်း သိရသည်။

တင်မောင် (မန္တလေး)

တရားစီရင်ရေးမဏ္ဍိုင်တည့်မတ်ခိုင်မာရေး ကဗျာသစ္စာပြု

မုံရွာ မတ် ၉

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ တိုင်းဒေသကြီးတရားလွှတ်တော်တွင် မတ် ၇ ရက် နံနက်၉နာရီက တိုင်းဒေသကြီးအတွင်း ဖွဲ့စည်းထားသော တရားရုံးအဆင့်ဆင့်တွင် တရားစီရင်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသော တရားသူကြီးများနှင့် တရားရေးအရာရှိများသည် တရားစီရင်ရေးမဏ္ဍိုင်တည့်မတ်ခိုင်မာပြီး ပြည်သူများ ယုံကြည်ကိုးစားသော တရားစီရင်ရေးစနစ်ဖြစ်ပေါ်ရေးအတွက် တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ် ဦးစန်းကို၊ တရားလွှတ်တော်တရားသူကြီး ဦးဝင်းမြင့်တို့၏ ရှေ့မှောက်တွင် ဒုတိယအကြိမ် တရားသူကြီးများ၊ တရားရေးအရာရှိများက ကျမ်းသစ္စာဆိုပွဲ ကျင်းပခဲ့သည်။

ကျင်းပ

မတ် ၇ ရက်က ကျင်းပသော ကျမ်းသစ္စာဆိုပွဲတွင် လက်ထောက်ညွှန်ကြားရေးမှူးတစ်ဦး၊ မြို့နယ်အဆင့် တရားသူကြီး ၁၇ ဦး၊ ဒုတိယဦးစီးမှူး နှစ်ဦး စုစုပေါင်း ၂၀ တက်ရောက်ခဲ့သည်။ အဆိုပါ ကျမ်းသစ္စာဆိုပွဲကို ပထမအကြိမ်အဖြစ် ဖေဖော်ဝါရီ ၁၃ ရက်က တိုင်းဒေသကြီးတရားလွှတ်တော်မှဒုတိယညွှန်ကြားရေးမှူး နှစ်ဦး၊ မြို့နယ်အဆင့် တရားသူကြီး ၅၁ ဦး၊ တရားရေးအရာရှိ ၁၀ ဦး စုစုပေါင်း ၆၃ ဦးဖြင့် ကျင်းပခဲ့ပြီး ကျန်ရှိသော ၂၀ အား ယခုကဲ့သို့ ဒုတိယအကြိမ်ကျမ်းသစ္စာဆိုပွဲ အဖြစ် ကျင်းပခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **(အပေါ်ပုံ)** **(ချို့နွယ်ဌေး)**

မန္တလေး အနုပညာအထက်တန်းကျောင်း သင်တန်းဆင်းလက်မှတ် ပေးအပ်

မန္တလေး မတ် ၉

ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာန လေ့ကျင့်ရေးသုတေသနနှင့် ပြည်ပဆက်ဆံရေးဌာနခွဲ အနုပညာအထက်တန်းကျောင်း (မန္တလေး)၏ ၂၀၁၂-၂၀၁၃ ပညာသင်နှစ် သင်တန်းဆင်းပွဲအခမ်းအနားကို မတ် ၅ရက်မွန်းလွဲ ၁ နာရီက မန္တလေးမြို့ အောင်မြေသာစံမြို့နယ် ၆၆ လမ်းရှိ အမျိုးသားဇာတ်ရုံ၌ ကျင်းပရာ ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန်းဆွေက သင်တန်းဆင်းအမှာစကားပြောကြားပြီး ကျောင်းသား ကျောင်းသူများအား သင်တန်းဆင်းအောင်လက်မှတ်များ ပေးအပ်သည်။ **(အပေါ်ပုံ)** ထို့နောက် ဒုတိယဝန်ကြီးနှင့် ဧည့်သည်တော်များသည် ကျောင်းသား ကျောင်းသူများ၏ ပန်းချီ၊ ပန်းပု အနုပညာ လက်ရာမွန်များနှင့် အနုပညာပဒေသာကပွဲတို့ကို ကြည့်ရှုအားပေးကြကြောင်း သိရှိရသည်။

(ဝ၄ဝ)

စစ်ကိုင်းမြို့ ဖွံ့ဖြိုး တိုးတက်ရေးဆောင်ရွက်

စစ်ကိုင်း မတ် ၉

စစ်ကိုင်းမြို့ မြို့မိမြို့ဖ ဥက္ကဋ္ဌနှင့်အဖွဲ့က မြို့နေပြည်သူများ၏ လိုအပ်ချက်များကို အစွမ်းကုန်ကြိုးစားဖြည့်ဆည်းပေးလျက်ရှိကြောင်း သိရသည်။

ရေလိုအပ်သည့် ကျေးရွာများသို့လည်း ရေဖြန့်ဝေပေးခြင်းအပြင် အချိန်မရွေး အသုံးပြုရန် မြို့မိမြို့ဖအဖွဲ့သို့ ဆရာတော် အရှင်ဆေကိန္ဒ လှူဒါန်းထားသည့် ထော်လာဂျီကားဖြင့်လည်း မြို့သန့်ရှင်းသာယာလှပရေးအတွက် အမှိုက်များ သိမ်းဆည်းပေးမည်ဖြစ်ကြောင်းလည်း သိရသည်။

စစ်ကိုင်းမြို့ ပြည်သူ့ဆေးရုံကြီးရှိ လူနာများ ကြည့်ရှုရန်အတွက်နှင့် လူနာစောင့်သူများထိုင်ရန်အတွက် စစ်ကိုင်းမြို့မိမြို့ဖ ဥက္ကဋ္ဌနှင့်အဖွဲ့က မတ် ၄ ရက် နံနက် ၈ နာရီက ငွေကျပ် ၁၀ သိန်းရှိ Samsung TV43" တစ်လုံးနှင့် ပလတ်စတစ်ခုံ ၂၅ လုံးတို့ကို ဆေးရုံအုပ်ကြီး ဒေါက်တာဒေါ်စုစုဌေးအား ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

(ဝ၄ဝ)

နွေရာသီယဉ်ကျေးလိမ္မာ ရက်တိုသင်တန်းဖွင့်မည်

မန္တလေး မတ် ၉

မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ် ၃၂ လမ်းနှင့် ၆၂ လမ်းထောင့်ရှိ တောင်စလင်းတိုက်သစ် ပဓာနနာယကဆရာတော် ဘဒ္ဒန္တတိက္ခ (အဂ္ဂမဟာပဏ္ဍိတ)က ကြီးမှူး၍ အောင်မင်္ဂလာ ဓမ္မသိပ္ပါလယဗုဒ္ဓစာပေသင်တန်းကျောင်း၏ နွေရာသီယဉ်ကျေးလိမ္မာ ရက်တိုသင်တန်းကို အဆိုပါ တောင်စလင်းတိုက်သစ်သင်တန်းကျောင်း၌ မတ် ၂ ရက်မှ မတ် ၁၀ ရက်အထိ နေ့စဉ်မွန်းတည့် ၁၂ နာရီမှ ညနေ ၄ နာရီအထိ ဓမ္မဒါနအဖြစ် သင်ကြားပို့ချမည်ဖြစ်ပြီး အသက် ၅ နှစ်မှ ၁၆ နှစ်အထိ ကျောင်းသား ကျောင်းသူများအား မူလတန်း၊ အလယ်တန်းနှစ်ဆင့်ခွဲ၍ သင်ကြားပို့ချမည်ဖြစ်သည်။ သင်တန်းတက်ရောက်လိုပါက ဖုန်း-၀၂-၃၄၃၁၈၊၀၉-၂၀၀၇၅၃၈၊ ၀၉-၂၀၂၃၇၅၊၀၉-၂၀၀၅၆၉၇၊ ၀၉-၂၀၆၁၆၁၅ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ (ဝ၄ဝ)

မလှိုင်မြို့နယ်တွင် မီးလောင်မှုဖြစ်ပွား

မလှိုင် မတ် ၉

မလှိုင်မြို့နယ် အိုင်မရိုးကျေးရွာအုပ်စု သီးပင်ကုန်းကျေးရွာတွင် မတ် ၁ ရက် နံနက် ၁၁ နာရီက ဒေါ်ဆိတ် ၆၅ နှစ်၏အိမ် မီးကြွင်းမီးကျန်မှစ၍ မီးလောင်မှုဖြစ်ပွားရာ အနီးရှိ အိမ်သုံးအိမ် မီးလောင်ဆုံးရှုံးမှုဖြစ်ပွားခဲ့သည်။ မီးလောင်မှုကြောင့် ဒေါ်ဆိတ်၏ လေးပင်သုံးပင် သွပ်မိုးအကာမရှိ အိမ်တစ်လုံး၊ နှစ်ပင်ပတ်လည် ထန်းရွက်မိုး၊ နွားတဲတစ်လုံး၊ သုံးပင် ပတ်လည် ထန်းရွက်မိုး ထရံကာ လူနေအိမ်တစ်လုံး၊ ဦးကျော်မိုး၏ သုံးပင်ပတ်လည် ထန်းရွက်မိုးထရံကာ လူနေအိမ်တစ်လုံး၊ သုံးပင်နှစ်ပင် ထန်းရွက်မိုးထရံကာ နွားတဲနှစ်လုံး၊ ဦးမင်းအောင်၏ သုံးပင်ပတ်လည် ထန်းရွက်မိုးထရံကာ လူနေအိမ်တစ်လုံး မီးလောင်ခဲ့သည်။ မီးကိုရပ်ကွက်ပြည်သူနှင့် မလှိုင်မီးသတ်စခန်းနှင့် ရဲတပ်ဖွဲ့ဝင်များက ဝိုင်းဝန်းငြိမ်းသတ်ခဲ့သည်။

မီးလောင်မှုကြောင့် ကျပ် ၁၀ သိန်းကျော်ဖိုး မီးလောင်ဆုံးရှုံးသွားပြီး ကျားငါးဦး၊ မ ၁၀ ဦး၊ ကလေးငယ်သုံးဦး၊ အိုးမဲ့ အိမ်မဲ့ ဖြစ်သွားခဲ့သည်။ မီးပေါ့ဆသူ ဒေါ်ဆိတ်အား မလှိုင်ရဲစခန်းက အမှုဖွင့်အရေးယူထားသည်။

(ဝ၁၂)

လူကုန်ကူးမှုနှင့်မှုခင်းကျဆင်းရေးဟောပြော

နေပြည်တော် မတ် ၉

နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ်အောင်ဇမ္ဗူရပ်ကွက်တွင် လူကုန်ကူးမှုတားဆီးကာကွယ်နှိမ်နင်းရေးနှင့် မှုခင်းကျဆင်းရေး ဟောပြောပွဲကို မတ် ၄ ရက် ည ၇ နာရီခွဲက နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ် အောင်ဇမ္ဗူရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် စာရေးဆရာ တက္ကသိုလ်နေဝင်းအောင်က အစီအစဉ်မှူးအဖြစ် ဆောင်ရွက်ပြီး အစီအစဉ်အရ ပထမပိုင်းတွင် ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းမှ သတင်းထောက် ၁၀ ဦး ပါဝင်သော သတင်းအဖွဲ့မှ လူကုန်ကူးမှုနှင့်ပတ်သက်၍ သိရှိလိုသည်များကို မေးမြန်းရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်မှ ရဲမှူးကြီးဝင်းခေါင်က ပြန်လည်ဖြေကြားခဲ့သည်။

ဆက်လက်၍ ဟောပြောပွဲကို ကျင်းပရာ အောင်ဇမ္ဗူရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးမောင်မောင်သိန်းက အမှာစကားပြောကြားပြီး မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဌာနချုပ်မှ ရဲမှူးကြီးဝင်းခေါင်က မြန်မာနိုင်ငံတွင် လက်ရှိဖြစ်ပေါ်နေသော လူကုန်ကူးသူ၊ လူကုန်ကူးခံရသူများအကြောင်းအရာများကို ပရိုဂျက်တာ ပါဝါပွိုင့်များဖြင့် ပြသကာ ပညာပေးဟောပြောခဲ့ပြီး အောင်ဇမ္ဗူရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးမောင်မောင်သိန်းထံ စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းခဲ့သည်။

မင်းမင်းလတ်(မန်းတက္ကသိုလ်)

ခေတ်မီအဆင့်မြင့် နည်းပညာဆိုင်ရာ ဆေးပညာဟောပြော

ရန်ကုန် မတ် ၉

SML Medical Centre (မန္တလေးရုံးခွဲ)မှ ကြီးမှူးကျင်းပသော ခေတ်မီအဆင့်မြင့် ခွဲစိတ်ခွဲခန်းနည်းပညာဆိုင်ရာ ဆေးပညာဟောပြောပွဲကို ရွှေပြည်သာဟိုတယ် မန္တလေး၌ ဖေဖော်ဝါရီ ၂၃ ရက်က ကျင်းပရာ ဟောပြောပွဲသို့ မန္တလေးတိုင်းဒေသကြီး လူမှုရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာဝင်းလှိုင်နှင့် အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ အထူးကုဆရာဝန်ကြီးများ၊ ဆေးရုံဆေးခန်း ပိုင်ရှင်များ၊ ဆရာဝန်များနှင့် ခွဲစိတ်ခွဲခန်းကျွမ်းကျင်ပညာရှင်များ တက်ရောက်ခဲ့ပြီး အသည်းရောင်အသားဝါဘီပိုးနှင့် ပတ်သက်၍ ဆေးပညာဆိုင်ရာ အဆင့်မြင့်နည်းပညာနှင့် ကုထုံးများအကြောင်းကို အသည်းအထူးကု ဆရာဝန်ကြီး ပါမောက္ခ ဦးသံစစ်က ဆွေးနွေးပြောကြားပြီး ခေတ်မီခွဲစိတ်ခွဲခန်းဆိုင်ရာ အဆင့်မြင့်နည်းပညာများကို Regional & Scientific Affairs Manager Ms.Ahila Padmana Than က ဆွေးနွေးဟောပြောသည်။

ထို့နောက် တက်ရောက်လာသူများက သိလိုသည့် မေးမြန်းချက်များကို ပါမောက္ခ ဦးသံစစ်နှင့် Ms.Ahila က ပြန်လည်ဖြေကြားသည်။

တင်တင်ဝင်း(မြန်မာ့အလင်း)

ရတနာပုံတက္ကသိုလ် ဘောလုံးပြိုင်ပွဲကျင်းပ

မန္တလေး မတ် ၉

ရတနာပုံတက္ကသိုလ် ၂၀၁၂-၂၀၁၃ ပညာသင်နှစ် ဘာသာရပ်ပေါင်းစုံ အမျိုးသားဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲအဖြစ် သတ္တဗေဒအသင်းနှင့် ရူပဗေဒအသင်းတို့ မတ် ၁ ရက် ညနေ ၄ နာရီက မန္တလေးတက္ကသိုလ်အားကစားကွင်း၌ ယှဉ်ပြိုင်ကစားကြရာ သတ္တဗေဒအသင်းက နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရဗိုလ်စွဲသွားသည်။ ပြိုင်ပွဲအပြီး ဆုပေးပွဲ ဆက်လက်ကျင်းပရာ တစ်ဦးချင်း ဆုများ၊ ဒုတိယဆုနှင့် ပထမဆုရ အသင်းများကို ပါမောက္ခချုပ် ဒေါက်တာခင်မောင်ဦးနှင့် တာဝန်ရှိသူများက ပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သိရသည်။

(ဝ၄ဝ)

မီးဖိုမီး
အခြားမီး
သုံးပြီးသတိ
အမြဲရှိ

သီးနှံအထွက်နှုန်းကောင်းသည့် စိုက်ပျိုးရေးသုတေသနခြံထွက်မျိုးစေ့

ဈေးကွက်စီးပွားရေး စနစ်အရ အပြိုင်အဆိုင် လုပ်ဆောင်မှုကောင်းအောင် ဆောင်ရွက်ရာတွင် တောင်သူများသည် ရောင်းပန်းလှပြီး အကျိုးအမြတ်ပိုရရှိစေရေးအတွက် သမားရိုးကျ စိုက်ပျိုးနည်းများသာ အရည်အသွေးကောင်းပြီး အထွက်နှုန်းကောင်းသည့် သိပ္ပံနည်းကျ စိုက်ပျိုးနည်းကို စိတ်အားထက်သန်လာကြသည်။

ဦးအောင်မြင့်ထွန်း (ခြံမန်နေဂျာ)

အပင်ပေါက်နှုန်း ရာနှုန်းပြည့်နီးပါးဖြစ်ထွန်းပြီး သီးနှံအထွက်နှုန်းကောင်းသည့် စိုက်ပျိုးရေးသုတေသနခြံထွက်မျိုးစေ့များကို စိုက်ပျိုးလာကြသဖြင့် တောင်သူများ အောင်မြင်မှု အသီးအပွင့်များ ရရှိခံစားနေပြီဖြစ်သည်။

မြန်မာ့အလင်းသတင်းအဖွဲ့သည် မျိုးကောင်း မျိုးသန့် မျိုးစေ့များ ထုတ်လုပ်ပေးနေသည့် တပ်ကုန်းစိုက်ပျိုးရေးသုတေသနခြံမန်နေဂျာ ဦးအောင်မြင့်ထွန်းနှင့် တွေ့ဆုံ၍ သိရှိလိုသည်များ မေးမြန်းဖြစ်ခဲ့သည်။

မေး ။ ။ ဆရာတို့အနေနဲ့ အဓိကထုတ်ပေးတဲ့ မျိုးစေ့တွေရဲ့အမည်ကို ပြောပြပါဦး။

ဖြေ ။ ။ အဓိကထုတ်ပေးတာက ရေဆင်းစပ်မျိုးပြောင်း၊ နေကြာ၊ ပဲတီစိမ်း၊ မြေပဲ၊ ကုလားပဲ၊ ပဲစင်းငုံအစရှိတဲ့ သီးနှံမျိုးစေ့တွေပါ။

မေး ။ ။ ဘယ်ဒေသတွေကို ဖြန့်ပေးတာပါလဲ။

ဖြေ ။ ။ တစ်ပြည်လုံးကို ဖြန့်တာပါ။ မြန်မာ့စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်တွေက နေတစ်ဆင့်ဖြန့်ပေးတာပါ။

မေး ။ ။ မျိုးကောင်းမျိုးသန့်တွေချည်းရဖို့ ဘယ်လိုလုပ်ဆောင်ထားတယ်ဆိုတဲ့ လုပ်ဆောင်ပုံလေးကိုလည်း ရှင်းပြပေးပါဦးရှင့်။

ဖြေ ။ ။ ပထမဆုံး မျိုးစေ့ထုတ်ဖို့ အပင်စစိုက်ပြီဆိုတာနဲ့ ထွက်နှုန်းကောင်းအောင်လုပ်ပါတယ်။ Compound မြေဩဇာ ၁၅×၁၆ ရှိတဲ့ အိတ်နှစ်အိတ် အရင်ကျွေးပါတယ်။ နောက် ပုလဲမြေဩဇာပေါ့နော်။ အဲဒါကို တစ်ဧကတစ်အိတ်ခွဲနှုန်းနဲ့ အပင် ၂၀ ရက်သားမှာတစ်ကြိမ်၊ ၃၅ ရက် ၄၀ ရက်လောက်မှာ တစ်ကြိမ် ကျွေးပါတယ်။ အဲဒါက စပြီးစိုက်ရတဲ့အပိုင်းပေါ့နော်။ အပင်ပေါက်ပြီးတဲ့အခါ အပင်ပေါက်တွေကိုလည်း မျိုးခွဲပယ်ဆိုတဲ့အလုပ်ကို လုပ်ပေးရပါသေးတယ်။

မေး ။ ။ မျိုးခွဲပယ်တယ်ဆိုတဲ့အကြောင်းကို သေချာရှင်းပြပေးပါဦးရှင့်။

ဖြေ ။ ။ မျိုးခွဲပယ်တယ်ဆိုတာ ဥပမာ ပြောင်းဖူးပင်ကို ပြောပါ့မယ်။ ပြောင်းဖူးပင်မှာဆိုရင် နှစ်ပေခွဲခြား တန်းလိုက်စိုက်တယ်။ တစ်ပင်နဲ့ တစ်ပင်ကိုးလက်မခြားအောင်ထားတယ်။ ကြားထဲပေါက်နေတဲ့အပင်တွေ နုတ်ပစ်ပါတယ်။ တစ်ကျင်းကို တစ်ပင်နှုန်းချန်ပါတယ်။ ပြီးတော့ အလွန်ထွားနေတဲ့အပင်တွေ အလွန်သေးနေတဲ့အပင်တွေ အဲဒါတွေကိုနုတ်ပစ်ပါတယ်။ အပင်အရွယ်အစားတူတွေပဲ ချန်ပါတယ်။

မေး ။ ။ အဖူးချိုးပြီးတဲ့နောက်ရော ဘယ်လိုလုပ်ဆောင်တယ်ဆိုတာ ပြောပြပေးပါဦး။

ဖြေ ။ ။ အလားတူပါပဲ။ အဖူးချိုးပြီးတော့လည်း မျိုးခွဲပေးရပါတယ်။ Uniform တူတာတွေပေါ့နော်၊ အဲလိုတွေရွေးပေးရတယ်။ အရောင်ကြောင်ကြောင်ကြားကြားပါနေတာ၊ ပိုးစားရာပါနေတာ၊ အဲလိုအဖူးတွေကိုပယ်ပစ်ပါတယ်။ ပြီးတော့မှ စိတ်ကြိုက်ရပြီဆိုရင် မျိုးစေ့မှာ ပိုးသတ်ဆေး၊ ဆိုးဆေးနဲ့ဆိုးပေးပါတယ်။ ပြီးတော့မှ ငါးကီလိုပါကင်နဲ့ထုတ်ပြီး ဖြန့်တာပါ။

မေး ။ ။ ခုလို သုတေသနခြံထွက် မျိုးစေ့တွေက တောင်သူတွေကိုယ်တိုင်ထားတဲ့ မျိုးစေ့တွေနဲ့ ဘယ်လိုကွာခြားမှုရှိပါသလဲ။

ဖြေ ။ ။ ကျွန်တော်တို့ သုတေသနခြံကထုတ်တဲ့ မျိုးစေ့တွေကို အပင်ပေါက်နှုန်းသာပါတယ်။ ရိုးရိုးမျိုးစေ့တွေစိုက်တဲ့အခါ ၅၀ ရာ ခိုင်နှုန်းပဲ အပင်ပေါက်နှုန်းရှိတယ်ဆိုရင် သုတေသနခြံထွက်မျိုးစေ့တွေက ၈၀ ရာခိုင်နှုန်းကျော်နဲ့ ရာနှုန်းပြည့်ထိရှိပါတယ်။ စိုက်ပြီးထွက်တဲ့သီးနှံထွက်နှုန်းလည်း ပိုများပါတယ်။

မေး ။ ။ တစ်နှစ်ကို ထုတ်ပေးနိုင်တဲ့၊ ဖြန့်ချိပေးနိုင်တဲ့နှုန်းထားပမာဏ ဘယ်လောက်ရှိတယ်ဆိုတာကိုလည်း ပြောပြပေးပါဦးရှင့်။

ဖြေ ။ ။ ပြောင်းဖူးအနေနဲ့ ဧက ၁၀၀၀၀ စာဖြန့်နိုင်ပါတယ်။ နေကြာအနေနဲ့ ဧက ၃၅၀၀ ကျော် ၄၀၀၀ စာအထိ ဖြန့်ပေးနေတာပါ။ ဒီနှစ်မျိုးကတော့ အများဆုံးပေါ့နော်။ ကျန်တာတွေက အဲလောက်မများပါဘူး။

မေး ။ ။ သက်ဆိုင်ရာမြို့နယ်တွေက မဟုတ်ဘဲ ဆရာတို့ဆီကို လာလေ့လာရင်းနဲ့ တိုက်ရိုက်ဝယ်ယူလို့ ရနိုင်ပါသလား။

ဖြေ ။ ။ ရပါတယ်။ ကျွန်တော်တို့ဆီ ကိုယ်တိုင်လာပြီး တိုက်ရိုက်ဝယ်ယူရင်လည်း ရောင်းပေးပါတယ်။ ကိုယ်တိုင်လာတာကိုလည်း ပိုသဘောကျပါတယ်။ ဘာကြောင့်လဲဆိုတော့ စိုက်ပျိုးနည်းစနစ်နည်းပညာ၊ ပိုးသတ်ဆေး၊ မြေဩဇာကျွေးနည်း စတဲ့ ထွက်နှုန်းကောင်းတဲ့ နည်းပညာတွေလည်း ပေးလို့ရပါတယ်။ ပြီးတော့လမ်းကြုံရင် ကျွန်တော်ကိုယ်တိုင် နှစ်အတော်အကြာအသုံးချနေတဲ့ ရွက်ဖျန်းမြေဩဇာအကြောင်းကိုလည်း မျှဝေပေးချင်ပါတယ်။

သတင်းအင်တာဗျူးနှင့်ကော်ငြာ

အမေး၊ အရေး-မြတ်မွန်ထွေး
ဓာတ်ပုံ-ကျော်သူဝင်း

မေး ။ ။ ဆရာကိုယ်တိုင်အသုံးချနေတဲ့ ရွက်ဖျန်းမြေဩဇာဆိုတာ ဘာပါလဲရှင် (ဘယ်လိုထုတ်တယ်ဆိုတာကိုလဲ) ပြည့်ပြည့်စုံစုံ ရှင်းပြပေးစေချင်ပါတယ်။

ဖြေ ။ ။ ရွက်ဖျန်းမြေဩဇာဆိုတာကို ကျွန်တော်က ကိုယ်တိုင်ထုတ် ထားတာပါ။ တော်တော်ကုန်ကျစရိတ်သက်သာတဲ့နည်းပါ။ အပင်ကရတဲ့စွန့်ပစ်ပစ္စည်း အသီးပုပ်၊ အပင်၊ အရွက်၊ အပွင့်အားလုံးကိုစုပြီး အလျားပေ ၃၀ အနံ ၈ ပေပုံပါတယ်၊ နွားချေးတစ်လှည်းခံ ခုနကစွန့်ပစ်ပစ္စည်းတစ်လှည်းခံနဲ့၊ ငါးလှည်းပေါ့နော်၊ လူတစ်ရပ်စာပုံပါတယ်။ အဲဒီထဲမှာ ဒရိုက်ကို ဒါးမားလို့ခေါ်တဲ့ မှိုဆေး ၅၀၀ ဂရမ်ပါအထုပ် ငါးထုပ်နဲ့ ပုလဲမြေဆီနည်းနည်းသုံးပါတယ်။ တစ်လနေရင် ထက်/အောက် မွှေပေးပါတယ်။ နှစ်လနေရင်သုံးလို့ရနေပါပြီ။ အဲဒီကနေထုတ်လို့ရတဲ့ ရွက်ဖျန်းကို ကျွန်တော် ၁၉၉၆ ခုနှစ်ကတည်းက စသုံးလာတာပါ။ ကျွန်တော်တို့ စိုက်ပျိုးနေတဲ့ မိုးဦး၊ မိုးလယ်၊ မိုးနှောင်းတွင် ဧက ၄၀၀ စာကို တစ်နှစ်တစ်နှစ် မြေဆီကုန်ကျစရိတ် သိန်း ၈၀ ကနေ ၁၀၀ ကြားအထိ လျှော့ချပေးနိုင်ပါတယ်။

တပ်ကုန်းစိုက်ပျိုးရေးသုတေသနခြံတွင် မျိုးကောင်းမျိုးသန့်ထုတ်လုပ်ရန် ရေဆင်းစပ်မျိုးပြောင်းများကို ဤသို့ တွေ့ရသည်။

ချိပ်ပိတ်တင်ဒါခေါ်ယူခြင်း

၁။ ပြည်ထဲရေးဝန်ကြီးဌာန၊ အကျဉ်းသားများလုပ်အားဖြင့် ကုန်ထုတ်လုပ်ရေးအဖွဲ့ပိုင် ရော်ဘာပြား(၁၁၁၂၇၀)ပေါင်အား ချိပ်ပိတ်တင်ဒါစနစ်ဖြင့် ရောင်းချမည်ဖြစ်ပါသည်။

၂။ တင်ဒါစည်းကမ်းနှင့်လျှောက်လွှာ ပုံစံဝယ်ယူရန် - ၁၁-၃-၂၀၁၃ ရက်မှ ၁၈-၃-၂၀၁၃ ရက်၊ ညနေ ၁၆:၀၀ နာရီအထိ ပြည်နယ်ဦးစီးမှူးရုံး၊ အကျဉ်းဦးစီးဌာန၊ မော်လမြိုင်မြို့။

၃။ တင်ဒါတင်သွင်းရမည့်ရက်/အချိန်/နေရာ - ၁၉-၃-၂၀၁၃ ရက်(ရုံးချိန်အတွင်း) ပြည်နယ်ဦးစီးမှူးရုံး၊ အကျဉ်းဦးစီးဌာန၊ မော်လမြိုင်မြို့။

၄။ တင်ဒါဖွင့်မည့်ရက်/အချိန်/နေရာ - ၂၀-၃-၂၀၁၃ ရက် (၁၃:၀၀)နာရီ အစည်းအဝေးခန်းမ၊ အင်္ဂဘိုရော်ဘာ စိုက်ပျိုးရေးစခန်း၊ ကျိုက်ထိုမြို့နယ်။

၅။ တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို တစ်စုံလျှင်(၁၀၀၀၀ိ/-)နှုန်းဖြင့် ပြည်နယ်ဦးစီးမှူးရုံး၊ အကျဉ်းဦးစီးဌာန၊ မော်လမြိုင်မြို့တွင် ရုံးချိန်အတွင်း ဝယ်ယူနိုင်သည်။

ရောင်းချရေးအဖွဲ့
ဖုန်း-၀၉-၄၂၅၃၇၂၇၈၁၊ ၀၅၇-၂၄၇၃၈၊ ၀၅၇-၂၄၇၃၉

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကျန်းမာရေးဝန်ကြီးဌာန၊ တိုင်းရင်းဆေးပညာဦးစီးဌာန၊ ခုတင်(၁၀၀)ဆံ့ တိုင်းရင်းဆေးရုံ၊ ရန်ကုန်တွင် မွေ့ရာ၊ ခြင်ထောင်၊ စောင်၊ အိပ်ရာခင်း၊ ခေါင်းအုံး၊ ခေါင်းအုံးစွပ်များကို တင်ဒါခေါ်ယူလိုပါသည်။

၂။ တင်ဒါပုံစံစတင်ရောင်းမည့်ရက် - ၁၁-၃-၂၀၁၃ ရက်(တနင်္လာနေ့) နံနက် ၉ နာရီ
တင်ဒါပိတ်မည့်ရက်နှင့်အချိန် - ၁၅-၃-၂၀၁၃ ရက်(သောကြာနေ့) မွန်းလွဲ ၂ နာရီ
တင်ဒါဖွင့်မည့်ရက် - ၁၅-၃-၂၀၁၃ ရက်(သောကြာနေ့) ညနေ ၃ နာရီ

၃။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် စုံစမ်းဝယ်ယူနိုင်ပါသည်။

အိတ်ဖွင့်တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့
ခုတင်(၁၀၀)ဆံ့တိုင်းရင်းဆေးရုံ၊ ရန်ကုန်၊
အမှတ်(၉၀)၊ ငါးထပ်ကြီးဘုရားလမ်း၊ ဗဟန်း
ဖုန်း-၀၁-၅၄၂၃၄၆၊ ၀၁-၅၅၇၀၄၈၊ ၀၉-၂၀၁၇၄၉၆

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ (၂)ရပ်ကွက်၊ သုဓမ္မာ(၂)လမ်း၊ အမှတ်(၁၁၇၁/ခ)၊ မြေတိုင်းရပ်ကွက်အမှတ်(၂)၊ မြေကွက်အမှတ်(၁၁၇၁/ခ)၊ မြေဧရိယာ ပေ(၂၀×၆၀) ဧကရှိ နှစ် ၆၀ ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အားလုံးတို့သည် မြို့မြေစာရင်းတွင် ဒေါ်ကြည်မြင့် ၁၂/ဥကမ(နိုင်)၀၉၈၄၄၇ အမည်ပေါက်ပိုင်ဆိုင်ပါသည်။ ၎င်းတို့ထံမှ ကျွန်ုပ်မိတ်ဆွေက တရားဝင်အရောင်းအဝယ်ပြုလုပ်၍ စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ၎င်းမြေကွက်နှင့် ပတ်သက်၍ မည်သူမဆို ခိုင်လုံသော အထောက်အထားများဖြင့် ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို အပြီးတိုင် ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးသာလှိုင်
အထက်တန်းရှေ့နေ
အမှတ်(၃၉)၊ (၃၅)လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၉-၅၁၄၉၇၆၃၊ ၀၉-၄၄၈၀၀၉၃၃၅

ကိုးဘွဲ့ရဆရာတော်
အရှင်အာစာရာလင်္ကာရအရှင်သူမြတ်
ယဉ်ကျေးလိမ္မာသင်တန်းကြီးဖိတ်ကြားလွှာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၂)ရပ်ကွက်၊ ဗိုလ်မှူးဗထူးလမ်းမ၊ ကိုးဘွဲ့ရသာသနာပြုကျောင်းတိုက်ကြီးတွင် မတ် ၉ရက်မှ ၁၃ရက်အထိ ငါးရက်တိုင်တိုင် ဗုဒ္ဓဘာသာယဉ်ကျေးလိမ္မာ(ကလေး)အထူးတရားစခန်းပွဲကြီးကို ဆင်ယင်ကျင်းပမည်ဖြစ်ရာ ၄ နာရီအိပ်ရာထ၊ ၅ နာရီဘုရားရှိခိုး တရားထိုင်၊ ၆ နာရီ မနက်စာစား၊ ၇ နာရီမှ ၈း၃၀ နာရီ ကိုးဘွဲ့ရဆရာတော်၊ ၉ နာရီမှ ၁၀ နာရီ ကိုးဘွဲ့ရဆရာတော်၊ ၁၁ နာရီ နေ့ထမင်းစား၊ ၁၂ နာရီ ဘုရားရှိခိုး တရားထိုင်၊ ၁ နာရီမှ ၂း၃၀ နာရီ ဆရာမ ဒေါ်ခင်သန္တာဦး၊ ၃ နာရီမှ ၄း၃၀ နာရီ ဓမ္မစက္ကဦးမောင်မောင်၊ ၅ နာရီ ညစာစား၊ ၆ နာရီ ဘုရားရှိခိုး တရားထိုင်၊ ၇ နာရီမှ ၉ နာရီ ဆရာဦးဘုန်း(ဓာတု)၊ ဇော်ခိုင်ဦး၊ စန္ဒရားကိုထက် စသဖြင့် စနစ်တကျ သင်ကြားပြသပေးကြမည်ဖြစ်ရာ ယဉ်ကျေးလိမ္မာသင်တန်းဖွင့်လှစ်လိုသူ ရဟန်းရှင်လူ မည်သူမဆို ကြွရောက်လေ့လာကြပါရန် လေးစားစွာ ဖိတ်ခေါ်အပ်ပါသည်။ **ဝေယျာဝစ္စကပ္ပိယကာရကအဖွဲ့**

အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၃)၊ ရွှေဝါထွန်းလမ်း၊ မြေကွက်အမှတ်(၁၇၅)၊ (၄၈ ပေ×ပေ၆၀)မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်ကို ပိုင်ဆိုင်ပါကြောင်းနှင့် ရောင်းချပိုင်ခွင့်ရှိသည်ဟုဆိုသူ ဦးမျိုးသန့် ၁၂/ကမတ(နိုင်)၀၀၅၄၈၉ ထံမှ ဦးပြုံးချို ၁၄/ညတန(ပြု)၀၀၀၀၁၄ က ယင်းမြေနှင့် နေအိမ်ကို လက်ရောက်ဝယ်ယူရန် စရန်ငွေပေးထားပြီးဖြစ်ပါသည်။ ယင်းအရောင်းအဝယ်ပြုလုပ်ခြင်းအပေါ် ကန့်ကွက်လိုသူရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ တစ်ပတ်အတွင်း စာချုပ်၊ စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း၊ ကန့်ကွက်သူမရှိက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးအောင်သိန်းကျော် — **တရားလွှတ်တော်ရှေ့နေ(စဉ်-၈၆၇၃)**
ဒေါ်သွယ်မာဝင်း — **အထက်တန်းရှေ့နေ(စဉ်-၃၅၆၅၃)**
ရုံးခန်း-အမှတ်(၃၃၉)၊ ပထမထပ်၊ ၁၅၇ လမ်းနှင့်ကျိုက္ကဆံလမ်းမထောင့်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့ ဖုန်း-၀၉-၇၃၀၅၄၉၇၀၊ ၀၉-၄၂၈၁၈၀၁၆၀

ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ ကျွန်းတော(တောင်)ရပ်ကွက်၊ ကျွန်းတောလမ်း၊ တိုက်အမှတ်(၆)၊ ခုနစ်ထပ်တိုက် နှစ်ခန်းတွဲတိုက်ညာဘက်ခြမ်းရှိ မြေညီထပ်+ပထမထပ် ခြေရင်းခန်းနှစ်ခန်း၊ အကျယ်အဝန်း(၁၅ပေ×ပေ၆၀)စီရှိ တိုက်ခန်းတို့တွင် တပ်ဆင်ထားသော ရေမီးအစုံအပါအဝင် ဆက်နွယ်ပတ်သက်သည့် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို တရားဝင်ရောင်းချပိုင်ခွင့်ရှိ အမည်ပေါက် ပိုင်ဆိုင်သူ ဦးကွန်ကျိုင်း(ခ)အိုက်တီ TCK. ၀၀၁၁၆၆ ထံမှ ကျွန်တော်၏မိတ်ဆွေ ဦးလင်းအောင်သက် ၁၂/စခန(နိုင်)၀၀၀၄၄၃ က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါ၍ အဆိုပါ မြေညီထပ်+ပထမထပ် တိုက်ခန်းအရပ်ရပ်တို့နှင့် ပတ်သက်ပြီး ပိုင်ရေးဆိုင်ခွင့်ရှိကြောင်း ပြောဆိုကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ အထောက်အထားခိုင်လုံစွာဖြင့် လာရောက်တင်ပြကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ထားသည့်ရက်အတွင်း တစ်စုံတစ်ရာ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးချစ်ကိုကို(စဉ်-၃၂၆၆၀)
အထက်တန်းရှေ့နေ
အမှတ်(၂၉၇)၊ အနော်ရထာလမ်း၊ (၄)ရပ်ကွက်၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း-၀၉-၄၂၁၀၂၁၆၃၇၊ ၀၁-၂၅၃၉၈၁၊ ၂၅၃၆၂၉၊ ၂၅၄၀၈၇

ဦးဇော်မင်း ၁၂/အလန(နိုင်)၀၂၀၅၃၄ နှင့် အများသိစေရန် ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ မြေနီကုန်း(တောင်)ရပ်ကွက်၊ ပြည်လမ်း၊ တိုက်အမှတ်(၂၃၆)၊ အခန်း(၇-ဘီ) ကွန်ဒိုတိုက်ခန်းနှင့်ပတ်သက်၍ အသိပေးကြေညာခြင်း

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ မြကန်သာဥယျာဉ်အိမ်ရာ၊ စစ်ကိုင်းလမ်း၊ အမှတ်-၃(ဘီ)နေ ကျွန်မဒေါ်အေးအေး ၁၂/လသန(နိုင်)၀၁၂၁၃၈ က အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်။

ကျွန်မနှင့် ဦးဇော်မင်းတို့သည် တရားဝင်လင်မယားဖြစ်ခဲ့ကြပြီးနောက် ရန်ကုန်တိုင်းဒေသကြီး တရားရုံး၌ လင်မယားကွာရှင်းပေးစေလိုမှုနှင့် ပစ္စည်းခွဲဝေပေးစေလိုမှုတွင် လင်မယားကွာရှင်းခွင့်ရပြီး ပစ္စည်းခွဲဝေပေးစေလိုမှုတွင် ယခုအခါ ရန်ကုန်မြို့ အနောက်ပိုင်းခရိုင်တရားရုံး၊ တရားမကြီးမှုအမှတ် ၁၇၆/၂၀၁၁ တွင် လင်မယားနှစ်ဦးပိုင်ပစ္စည်းများကို တရားရုံး၏ကော်မရှင်နာဖြင့် စာရင်းကောက်ယူစစ်ဆေးနေဆဲဖြစ်ပါသည်။

အထက်ဖော်ပြပါ ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ မြေနီကုန်း(တောင်)ရပ်ကွက်၊ ပြည်လမ်း၊ တိုက်အမှတ်-၂၃၆၊ အခန်း(၇-ဘီ) ကွန်ဒိုတိုက်ခန်းအပါအဝင် လင်မယားနှစ်ဦးပိုင်ပစ္စည်းများကို ကျွန်မသဘောတူခွင့်ပြုခြင်းမရှိဘဲ လွှဲပြောင်းခြင်းမပြုပါရန် ၁၁-၆-၂၀၀၉ ရက်ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ ၁၃ ၌ ကျွန်မကြေညာခဲ့ပြီးဖြစ်ပါသည်။ သို့ရာတွင် အထက်ပါစမ်းချောင်းမြို့နယ်ရှိ ကွန်ဒိုတိုက်ခန်းကို ဦးဇော်မင်းသည် ကျွန်မ မသိရှိအောင် တိတ်တဆိတ်ရောင်းချနေကြောင်း သိရှိရပါသည်။

ထို့ကြောင့် အထက်ပါစမ်းချောင်းမြို့နယ်ရှိ အချင်းဖြစ် ကွန်ဒိုတိုက်ခန်းသည် လင်မယားနှစ်ဦးပိုင်ပစ္စည်းဖြစ်ပြီး ကော်မရှင်နာမှ စာရင်းကောက်ယူစစ်ဆေးနေဆဲဖြစ်ရာ အဆိုပါပစ္စည်းရပ်အပေါ် အရောင်းအဝယ်ပြုလုပ်ခဲ့ပါက ဥပဒေအရ ပေါ်ပေါက်လာသောတာဝန်သည် ရောင်းသူ၊ ဝယ်သူ၏ တာဝန်သာလျှင်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ဒေါ်အေးအေး ၁၂/လသန(နိုင်)၀၁၂၁၃၈
အမှတ်-၃(ဘီ)၊ စစ်ကိုင်းလမ်း၊ မြကန်သာဥယျာဉ်အိမ်ရာ၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့

ပြည်တွင်းသတင်း

မြန်မာနိုင်ငံ ဆန်စပါးကုန်သည်များအသင်း(ကုန်စည်ဒိုင်)သို့ နေ့စဉ် ဆန်အိတ်ရေ လေးသောင်းကိုးထောင်ကျော်ဝင်နေ

သတင်းမြင်ကွင်းနှင့် ဓာတ်ပုံ-အောင်သန်း(မင်္ဂလာတောင်ညွန့်)

၂၀၁၃ ခုနှစ် ဖေဖော်ဝါရီလက ဧရာဝတီတိုင်းဒေသကြီး ရှစ်မြို့နယ် ဖြစ်သော ဖျာပုံ၊ ဒေးဒရဲ၊ ဘိုကလေး၊ မော်ကျွန်း၊ ကျိုက်လတ်၊ လပွတ္တာ၊ ဝါးခယ်မ၊ မြောင်းမြမြို့များနှင့် ရန်ကုန်တိုင်းဒေသကြီး ဘုရင့်နောင်၊ အင်းစိန်၊ ပုဇွန်တောင်၊ ကြည့်မြင်တိုင်၊ လမ်းမတော်ဆိပ်ကမ်းတို့မှ သင်္ဘော၊ မော်တော်၊ လှေ၊ သမ္ဗန်များဖြင့် မြန်မာနိုင်ငံ ဆန်စပါးကုန်သည်များအသင်း (ကုန်စည်ဒိုင်)သို့ ဆန်အိတ်မျိုးစုံ ၁၁၈၂၀၀၈ အိတ် ဝင်ရောက်လာခဲ့ရာ တစ်ရက်ပျမ်းမျှ ဆန်အိတ် ၄၉၂၅၀ ဝင်ရောက်ခဲ့ကြောင်း စာရင်းဇယားများအရ သိရှိရသည်။ ဇန်နဝါရီလကထက် တစ်ရက်ပျမ်းမျှအိတ်ရေ ၇၀၀ ခန့် လျော့နည်းခဲ့သည်။ မတ် ၇ ရက်က ကျုံမငေးမြို့နယ်မှ အောင်တံခွန်နှစ်ထပ်သင်္ဘောဖြင့် ဆန်အိတ်ရေ ၂၀၀၀ ရောက်ရှိလာရာ ကိုင်းတန်းအမှတ်(၂)တံတားမှ တိုက်ရိုက်တင်ပို့ရောင်းချစနစ်ဖြင့် မော်တော်ယာဉ်များပေါ်သို့ လုပ်သားများဖြင့် တင်ပို့ပေးနေသည်ကို တွေ့ရသည်။ **(အပေါ်ယာပုံ)** ဧည့်မထအုပ်စုနှင့် ငစိန်အုပ်စုဝင်ဆန်များကို ပြည်ပသို့ တင်ပို့ရောင်းချမှုကြောင့် ဆန်ဈေးအနည်းငယ်မြင့်တက်ခဲ့သော်လည်း ဆန်ချောဖြစ်သော ပေါ်ဆန်းနှင့် ပေါ်ကျွဲဆန်များမှာမူ ပြည်ပမှ ဝယ်လိုအားမရှိသဖြင့် ပြည်တွင်းဈေးကွက်တွင်ပင် ရောင်းဝယ်နေရခြင်းကြောင့် အတက်အကျမရှိဘဲ ဈေးကတန်းနေကြောင်း၊ ပေါ်ဆန်းနှင့်ပေါ်ကျွဲ စိုက်သူများပြီး ဒေသတိုင်း ထွက်ရှိနေခြင်းကြောင့် ရောင်းလိုအားများနေကြောင်း၊ ရခိုင်ပြည်နယ်တွင်ပင် ပေါ်ကျွဲစိုက်နေပြီဖြစ်ကြောင်း၊ ဆန်အရောင်းအဝယ် သက်တမ်းနှစ် ၃၀ ရှိပြီဖြစ်သော ဆန်အကျိုးတော်ဆောင် ဦးဝင်းဦးက ကုန်စည်ဒိုင်တွင် ပြောပြသည်။

ဈေးအတက်အကျမရှိ

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ်မှ ဆန်ကုန်သည် ဦးကျော်နိုင်က "မကြာခင် နွေစပါးများ ပေါ်ထွက်လာတော့မည်ဖြစ်၍ ဈေးနှုန်းမြင့်နေသည်ဆိုသော ဧည့်မထနှင့် ငစိန်ဆန်များ ထပ်မံဈေးတက်ဖို့ မရှိနိုင်ပါကြောင်း၊ ပေါ်ဆန်း၊ ပေါ်ကျွဲများပင် ဈေးကျနိုင်ကြောင်း" သူ၏အမြင်သဘောထားကို ပြောပြသည်။ နာမည်ကြီး ရွှေဘိုဆန်ပင် ယခင်လကထက် တစ်အိတ်လျှင် ငွေကျပ် ၁၀၀၀ ခန့် ဈေးလျော့သွားကြောင်း သိရှိရသည်။ မော်ကျွန်း ဆန်ကုန်သည် ဦးမျိုးလေးကလည်း "ပေါ်ဆန်းဆန်က ဒီမှာအရောင်းလည်း ပါးနေတယ်။ ဈေးအတက်အကျလည်း မရှိဘူး။ ဒါကိုမြို့ထဲက လက်လီဆန်ဆိုင်တွေတချို့က ဧည့်မထနှင့် ငစိန် ဈေးနည်းနည်း တက်နေတာကို သံယောင်လိုက်ပြီး ပေါ်ဆန်းဆန်ဈေးတက်တယ်ဆိုပြီး ဈေးမြှင့်ရောင်းနေကြတယ်" ဟု သူကြားသိခြင်းကို ပြောပြသည်။ မတ် ၇ ရက်က ကုန်စည်ဒိုင်ဈေးကွက်တွင် ၁၀၈ ပေါင်ဝင် တစ်တင်းခွဲအိတ် လက်ကားဈေးနှုန်းမှာ ဒေးဒရဲပေါ်ဆန်းငွေကျပ် ၁၈၀၀၀ မှ ၂၂၅၀၀၊ ပုသိမ်၊ မြောင်းမြပေါ်ဆန်း ငွေကျပ် ၁၈၀၀၀ မှ ၂၂၅၀၀၊ ပေါ်ဆန်း (နယ်စုံ) ငွေကျပ် ၁၇၀၀၀ မှ ၁၉၅၀၀၊ ဧည့်မထဆန် ငွေကျပ် ၁၄၅၀၀ မှ ၁၆၈၀၀၊ ငစိန်ဆန် ငွေကျပ် ၁၄၂၀၀ မှ ၁၄၈၀၀၊ မြီးဒုံးဆန် ငွေကျပ် ၁၅၀၀၀ မှ ၁၆၅၀၀၊ ရွှေဘိုပေါ်ဆန်းဆန် ငွေကျပ် ၂၇၀၀၀ မှ ၂၈၀၀၀ တို့ဖြစ်ကြောင်း သိရသည်။

မဲခေါင်ဒေသနိုင်ငံများအနက် အဓမ္မထိမ်းမြားလက်ထပ်ရန် လူကုန်ကူးခံရမှုသည် မြန်မာနိုင်ငံမှ အများဆုံးဖြစ်

မဲခေါင်ဒေသနိုင်ငံများ ဖြစ်ကြသော မြန်မာ၊ တရုတ်၊ ထိုင်း၊ လာအို၊ ကမ္ဘောဒီးယား၊ ဗီယက်နမ်ခြောက်နိုင်ငံအနက် အဓမ္မထိမ်းမြား လက်ထပ်ခြင်းကြောင့်ဖြစ်သော လူကုန်ကူးခံရမှုသည် မြန်မာနိုင်ငံတွင် အများဆုံးဖြစ်ပြီး အရှေ့မြောက်အိမ်နီးချင်းနိုင်ငံသို့ တင်ပို့ရောင်းစားခံရမှု အများဆုံးဖြစ်ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့ချုပ် (စီမံရေးနှင့် လေ့ကျင့်ရေး) ရဲမှူးကြီး ဝင်းခေါင်ထံက မတ် ၇ ရက်တွင် သတင်းအဖွဲ့နှင့် တွေ့ဆုံရာ၌ ပြောကြားသည်။ တစ်ဖက်နိုင်ငံရှိ အမျိုးသားဦးရေသည် အမျိုးသမီးဦးရေထက် သန်း ၆၀ ခန့် ပိုမိုများပြားလျက်ရှိပြီး ၎င်းတို့၏ အိမ်ထောင်ပြုမှုပုံစံမှာလည်း မင်္ဂလာစရိတ်အလွန်ကြီးမြင့်သည်ဟု ၎င်းကဆိုသည်။

"သူတို့နိုင်ငံမှာက ဒီလိုပုံစံတွေ တင်မဟုတ်ပါဘူး။ တစ်အိမ်ထောင် ကလေးတစ်ယောက် မူဝါဒလည်း ရှိနေတယ်။ ပြီးတော့ အမျိုးသမီးတွေက အမျိုးသားတွေလို မိဘမျိုးရိုးကို ဆက်ခံခွင့်မရှိကြဘူး။ ဒီတော့ကိုယ်ဝန်ရှိနေစဉ်မှာ မိန်းကလေးဆိုတာ သိတာနဲ့ တစ်ပြိုင်နက် ကိုယ်ဝန်ဖျက်ချမှုတွေ ပြုလုပ်လေ့ရှိတယ်။ ဒါကလည်း သူတို့ မိသားစုမျိုးရိုးပပျောက်မှု မရှိရေးအတွက်ပေါ့။ ဒါကြောင့် အာရှနိုင်ငံတွေရဲ့ ကိုယ်ဝန်ဖျက်ချမှုနှုန်းကို ကြည့်ရင် သူတို့နိုင်ငံရဲ့ ကိုယ်ဝန်ဖျက်ချမှုနှုန်းက အလိုလိုမြင့်တက်နေတာကို တွေ့ရမှာပါ" ဟု ရဲမှူးကြီး ဝင်းခေါင်က ဆက်လက်ပြောကြားသည်။ တစ်ဖက်နိုင်ငံရှိ ခေတ်ပညာတတ်အမျိုးသမီးများသည် အိမ်ထောင်ပြုရန် စိတ်ဝင်စားမှု မရှိခြင်း၊ ငွေကြေးချမ်းသာသူ ရာထူးရာခံကောင်းသူများနှင့်သာ ရွေးချယ်လက်ထပ်ခြင်းနှင့် မင်္ဂလာစရိတ်ကြီးမြင့်ခြင်းတို့ကြောင့် သာမန်လူတန်းစားနှင့် တောင်သူ ယာသမားများမှာ အိမ်ထောင်ပြုရန် အခွင့်အလမ်းအလွန်နည်းပါးလျက်ရှိသည်ဟု သိရသည်။

" ဒီလိုအချက်တွေက နယ်နိမိတ်ချင်းထိစပ်နေတဲ့ မြန်မာနိုင်ငံအတွက်တော့ အဓမ္မထိမ်းမြားလက်ထပ်ခြင်း (Force married)ကြောင့် လူကုန်ကူးခံရမှုကိုဖြစ်ပေါ်စေတဲ့ အဓိကအကြောင်းအချက်တွေပါပဲ" ဟု မြန်မာနိုင်ငံလူကုန်ကူးမှုနှိမ်နင်းရေး (ရုံးအဖွဲ့မှူး) ဒုတိယရဲမှူးကြီး ဒေါ်ဥမ္မာရင်မိက ရှင်းပြသည်။

လူကုန်ကူးမှု တိုက်ဖျက်ရေးတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေဖြင့် တစ်ဖက်နိုင်ငံမှ ရဲတပ်ဖွဲ့နှင့် ပူးပေါင်း

ဆောင်ရွက်မှုများရှိသော်လည်း ၎င်းတို့နိုင်ငံ၏ အမျိုးသမီးဦးရေ လိုအပ်ချက်အရ ယင်းနိုင်ငံတွင် အောင်သွယ်ကုမ္ပဏီများနှင့် ပွဲစားများထားရှိခြင်းတို့ကြောင့် လုံးလုံးလျားလျားပူးပေါင်းဆောင်ရွက်နိုင်မှုမရှိသေးကြောင်း သိရသည်။

မြန်မာအမျိုးသမီးများအနေဖြင့် မိမိကိုယ်ကို တန်ဖိုးထားရန်နှင့် ယုံကြည်မှုမလွန်ကဲရန်လိုကြောင်း၊ အမျိုးသမီးအချို့မှာ ကိုယ့်ကိုယ်ကိုနှစ်ခါသုံးခါ ပြန်အရောင်းစားခံပြီး နောင်သူကိုယ်တိုင်က ပွဲစားပြန်လုပ်ကြောင်း ၎င်းတို့ကိုဝယ်သည့် တစ်ဖက်နိုင်ငံသားများမှာ သာမန်ဆင်းရဲသားများဖြစ်ကြောင်း ဒေါ်ဥမ္မာရင်မိက ဆိုသည်။

မြန်မာနိုင်ငံသည် လူကုန်ကူးမှု တိုက်ဖျက်ရေးကို အမျိုးသားရေးလုပ်ရှားမှု တာဝန်တစ်ရပ် အနေဖြင့် လူကုန်ကူးမှု တားဆီးနှိမ်နင်းရေး အထူးအဖွဲ့ ၂၆ ဖွဲ့ ဖွဲ့စည်းထားပြီး အရှိန်အဟုန်မြှင့် ဆောင်ရွက် လျက်ရှိကာ နိုင်ငံတကာရှိ အဖွဲ့အစည်းများနှင့် လည်း ပူးပေါင်း ဆောင်ရွက်လျက်ရှိသည်ဟု သိရသည်။ ၂၀၁၂ ခုနှစ်တွင် လူကုန်ကူးမှု အမှုပေါင်း ၁၂၀ ရှိပြီး လူကုန်ကူးခံရသူ ၁၆၁ ဦးကို ကယ်တင်နိုင်၍ တရားခံ ၃၂၅ ဦး ဖမ်းဆီးရမိခဲ့သည်။ တရုတ်နိုင်ငံတွင် လူကုန်ကူးမှု ၈၂ မှုရှိပြီးအဓမ္မထိမ်းမြားလက်ထပ်ခြင်းကြောင့် လူကုန်ကူးမှု ၈၀ ရှိကာ ရာခိုင်နှုန်းအရ ၆၇ ရာခိုင်နှုန်းရှိသည်ဟု လူကုန်ကူးမှု တားဆီးနှိမ်နင်းရေးရုံးအဖွဲ့က သိရှိရသည်။

(ရဲခေါင်ညွန့်)

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ လမ်းတံတားအသုံးပြုခကောက်ခံရေးဂိတ်များအတွက်

လေလံလုပ်ကိုင်ခွင့်လျှောက်လွှာခေါ်ယူခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ လမ်း-တံတားအသုံးပြုခကောက်ခံလျက်ရှိသော အောက်ဖော်ပြပါ လမ်း-တံတားဂိတ်များ၏ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ၁-၄-၂၀၁၃ရက်မှ ၃၁-၃-၂၀၁၄ရက်အထိ လမ်း-တံတား အသုံးပြုခကောက်ခံခြင်းလုပ်ငန်း လိုင်စင်(၁၂)လ လုပ်ကိုင်ခွင့်အား နိုင်ငံသားလုပ်ငန်းရှင်များသို့ မဲစနစ်ဖြင့် လေလံတင်ရောင်းချမည်ဖြစ်ပါသည်။

(က) **လေလံလုပ်ကိုင်ခွင့်မဲစနစ်ဖြင့် ရောင်းချမည့်ဂိတ်စခန်းများ**

ပြည်ထောင်စုလမ်းပေါ်ရှိ လမ်းဂိတ်

(၁) သုံးခွလမ်းဂိတ်	တောင်ပိုင်းခရိုင်	ပဲခူး-သနပ္ပင်-ခရမ်း-သုံးခွ-သန်လျင်-ကျောက်တန်းလမ်း

တိုင်းဒေသကြီးလမ်းပေါ်ရှိလမ်းဂိတ်များ

(၂) တိုက်ကြီး-ဖူးကြီး-ဖောင်ကြီးလမ်းဂိတ်	မြောက်ပိုင်းခရိုင်	တိုက်ကြီး-ဖူးကြီး ဖောင်ကြီး-ဘုရားကြီးလမ်း
(၃) တွံတေး(မအူပင်)လမ်းဂိတ်	တောင်ပိုင်းခရိုင်	မအူပင်-တွံတေးလမ်း

ပြည်ထောင်စုလမ်းပေါ်ရှိတံတားဂိတ်များ

(၄) တွံတေးတံတားဂိတ်	တောင်ပိုင်းခရိုင်	လှိုင်သာယာ-တွံတေးလမ်း
(၅) ပန်းလှိုင်တံတားဂိတ်	တောင်ပိုင်းခရိုင်	လှိုင်သာယာ-တွံတေးလမ်း

(ခ) **လေလံလုပ်ကိုင်ခွင့်မဲစနစ်ဖြင့် ရွေးချယ်မည့်နေ့ရက်/အချိန်**

၁၃-၃-၂၀၁၃၊　ဗုဒ္ဓဟူးနေ့၊　၁၃း၀၀နာရီ

(ဂ) **လေလံလုပ်ကိုင်ခွင့်မဲစနစ်ဖြင့်ရွေးချယ်မည့်နေရာ**

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး၊ အစည်းအဝေးခန်းမ၊ ရန်ကုန်မြို့။

၂။ လေလံလုပ်ကိုင်ခွင့်လျှောက်လွှာ၊ လေလံစည်းမျဉ်းစည်းကမ်းများ၊ စာချုပ်စည်းကမ်းများအား အမှတ် (၆၀)၊ ရွှေတိဂုံဘုရားလမ်း၊ ဒဂုံမြို့နယ်၊ အင်ဂျင်နီယာမှူးကြီးရုံး၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ ရန်ကုန်တိုင်းဒေသကြီးတွင် ဝယ်ယူနိုင်ပြီး ၁၂-၃-၂၀၁၃ ရက် ၁၆း၃၀ နာရီ နောက်ဆုံးထား၍ လျှောက်လွှာတင်သွင်းနိုင်ပါသည်။

၃။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း-၀၁-၃၇၁၀၆၇သို့ ဆက်သွယ်၍သော်လည်းကောင်း၊ အင်ဂျင်နီယာမှူးကြီးရုံးနှင့် ခရိုင်အင်ဂျင်နီယာမှူးရုံးများသို့ လူကိုယ်တိုင်လာရောက်ဆက်သွယ်၍သော်လည်းကောင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

ဥက္ကဋ္ဌ
လမ်း-တံတား အသုံးပြုခ လေလံလုပ်ကိုင်ခွင့်ကြီးကြပ်ရေးအဖွဲ့
ရန်ကုန်တိုင်းဒေသကြီး

ကန့်ကွက်ရန်ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့နယ်၊ မြိုင်သာယာကွက်သစ်၊ မြေကွက်အမှတ် ၇၉၅ အမည်ပေါက် ဦးအုန်းသွင်-မတင်စန်း ၁၂/ကတန(နိုင်) ၀၅၄၅၉၆ ၏ မြေကွက်ကို လက်ရှိဝယ်ယူပိုင်ဆိုင်သူ ဦးတင်အောင်ကို ၁၂/သလန (နိုင်)၀၈၃၀၉၃ ကငွေသွင်းချလန် (မူရင်း) တင်ပြပြီး မြေကွက်စလစ်(မူရင်း) ပျောက်ဆုံးသွားပါ၍ မြေပါမစ်ထုတ်ပေးပါရန် လျှောက်ထားလာသဖြင့် ကန့်ကွက်ရန်ရှိပါက ကြော်ငြာသည့်ရက်မှစ၍ ၁၄ရက်အတွင်း အထောက်အထားမူရင်းများတင်ပြ၍ ကန့်ကွက်လွှာတင်သွင်းနိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိကန့်ကွက်ခြင်းမရှိပါက မြေပါမစ်ထုတ်ပေးရန် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

မြေယာရုံးခွဲ(၂)၊ မြေနှင့်အခွန်ဌာနခွဲ
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

ကန့်ကွက်ရန်ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့နယ်၊ မြိုင်သာယာကွက်သစ်၊ မြေကွက်အမှတ်(၁၅၉၀) အမည်ပေါက်(ဒေါ်သန်းခင်) ဒေါ်ခင်အုန်းမြင့် ၁၂/ကတန(နိုင်)၀၅၃၃၉၄ က မြေကွက်ကိုပိုင်ဆိုင်ကြောင်း ကျမ်းကျိန်လွှာတင်ပြပြီး မြေကွက်စလစ် (မူရင်း) နှင့် ငွေသွင်းချလန်(မူရင်း)ပျောက်ဆုံးသွားပါ၍ မြေပါမစ်ထုတ်ပေးပါရန် လျှောက်ထားလာသဖြင့် ကန့်ကွက်ရန်ရှိပါက ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း အထောက်အထားမူရင်းများ တင်ပြ၍ ကန့်ကွက်လွှာ တင်သွင်းနိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေပါမစ်ထုတ်ပေးရန် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

မြေယာရုံးခွဲ(၂)၊ မြေနှင့်အခွန်ဌာနခွဲ
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

ကန့်ကွက်ရန်ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့နယ်၊ ဖလမ်းကွက်သစ်၊ မြေကွက်အမှတ် ၄၁၆ အမည်ပေါက် ဦးဒါးကြူး၏မြေကွက်ကို လက်ရှိဝယ်ယူပိုင်ဆိုင်သူ ဦးကျော်စွာဦး ၁၂/ကတန(နိုင်)၀၉၂၉၀၆က မြေကွက်စလစ်မူရင်းတင်ပြ၍ မြေပါမစ်ထုတ်ပေးပါရန် လျှောက်ထားလာသဖြင့် ကန့်ကွက်ရန်ရှိပါက ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း အထောက်အထားမူရင်းများ တင်ပြ၍ ကန့်ကွက်လွှာတင်သွင်းနိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေပါမစ်ထုတ်ပေးရန် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

မြေယာရုံးခွဲ(၂)၊ မြေနှင့်အခွန်ဌာနခွဲ
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

(ဦးတင်လှငွေ) - ဒေါ်ရီရီလေး၏သား မောင်ဇော်ဇော်ဟိန်း ၁၂/လမန(နိုင်) ၁၂၂၁၂၈ သည် မိဘ၏သွန်သင်ဆုံးမမှုကို နာခံခြင်းမရှိဘဲ မိသားစု၊ညီအစ်ကိုမောင်နှမများ၏ ဂုဏ်သိက္ခာကို ကျဆင်းစေသော ခွင့်မလွှတ်နိုင်သည့်ကိစ္စရပ်များအား အကြိမ်ကြိမ်ပြုလုပ်ခဲ့ပြီး မိမိသဘောဆန္ဒအလျောက်ပြုမူသွားပါသဖြင့် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်သည်။ ၎င်းနှင့်ပတ်သက်သော မည်သည့်ကိစ္စကိုမျှ လုံး၀(လုံး၀)တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အသိပေးအပ်ပါသည်။

(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)

ဒေါ်ရီရီလေး
၁၂/လမန(နိုင်)၀၀၉၀၃၂

နိုင်ငံတကာအားကစားသတင်း

လာမယ့်နွေရာသီအပြောင်းအရွှေ့ကာလမှာ ထိပ်တန်းကလပ်တွေက အပြိုင်အဆိုင်ခေါ်ယူဖို့ တာစူနေကြတာကတော့ စပါးအသင်းရဲ့ ကွင်းလယ်နဲ့ တောင်ပံကစားသမား ဂါရက်ဘေးလ်ပဲဖြစ်ပါတယ်။ ရီးရဲမက်ဒရစ်၊ ဘာစီလိုနာနဲ့ ဘိုင်ယန်မြူးနစ်တို့က ဂါရက်ဘေးလ်ကို လက်ဦးမှုရအောင်ခေါ်ယူဖို့အတွက် အပြိုင်အဆိုင် စတင်ကြိုးစားနေပြီဖြစ်ပါတယ်။

လာမယ့် နွေရာသီမှာ ဂါရက်ဘေးလ်ကို အပြိုင်လုကြမည်

ရီးရဲမက်ဒရစ်အသင်းက ဂါရက်ဘေးလ်ကို ပြောင်းရွှေ့ကြေး ပေါင်သန်း ၆၀ ကျော် ပေးမယ်လို့ သတင်းတွေ ထွက်ပေါ်နေသလို ဘိုင်ယန်မြူးနစ်အသင်းကို လာမယ့် ဘောလုံးရာသီမှာ နည်းပြအဖြစ် တာဝန်ယူမယ့် ဂွါဒီယိုလာကတော့ သူကိုင်တွယ်မယ့် ဘိုင်ယန်မြူးနစ်အသင်းမှာ ဂါရက်ဘေးလ်လို ကစားသမားမျိုးရှိသင့်တယ်လို့ ဆိုထားတာမို့ ဂါရက်ဘေးလ်ကို စပါးအသင်း ဆက်ထိန်းထားနိုင်မလား ဆိုတာ စဉ်းစားစရာဖြစ်လာပါတယ်။

ဂါရက်ဘေးလ်ဟာ အသက် ၂၃ နှစ် အရွယ်သာ ရှိသေးပြီး မြန်နှုန်းမြင့်ကစားနိုင်တဲ့ ဘောလုံးသမားတစ်ဦးဖြစ်တဲ့အပြင် ပြိုင်ဘက်အသင်းခံစစ်မှူးတွေကို တောင်ပံတွေက ဖြတ်ကျော်ထိုးဖောက်တဲ့အခါ တွန်းတွန်းတိုက်တိုက်နဲ့ တိုက်စစ်ဆင်ကစားနိုင်သူလည်းဖြစ်ပါတယ်။

ကွင်းလယ်ကစားသမားတစ်ဦးအဖြစ်လည်း ပီပီပြင်ပြင်ကစားနိုင်ပြီး ကစားဖော်တွေ ဂိုးသွင်းနိုင်အောင်၊ ဟာကွက်တွေနဲ့ နေရာလွတ်တွေပေါ်ထွက်အောင်လည်း အဝင်အထွက်ရဲရဲနဲ့ ကစားနိုင်သူဖြစ်ပါတယ်။ ဘေးလ်ဟာ ခြေပေါ်ရင် ပြိုင်ဘက်ကစားသမားတွေနဲ့ နောက်တန်းကစားသမားတွေ တားဆီးရ၊ ဟန့်တားရခက်ခဲတဲ့ဘောလုံးသမားတစ်ဦးပါပဲ။

ဂါရက်ဘေးလ်ဟာ ဆောက်သမ်တန်အသင်းမှာ စတင်ကစားခဲ့ပြီး အဲဒီအချိန်က နောက်တန်း ဘယ်အစွန်လူအဖြစ် ကစားခဲ့တာဖြစ်ပါတယ်။ တိုက်စစ်အားသန်တဲ့ အတွက် ဂါရက်ဘေးလ်ဟာ စပါးအသင်းကို ရောက်ရှိလာတဲ့အခါ တောင်ပံနဲ့ ကွင်းလယ်တိုက်စစ် ကစားသမားအဖြစ် ကစားလာခဲ့တာဖြစ်ပြီး သူရဲ့

ကစားပုံနဲ့လည်း အံဝင်ခွင်ကျမှု ရှိခဲ့ပါတယ်။

လာမယ့်နွေရာသီမှာ ခေါ်ယူဖို့ အခုအချိန်ကတည်းက ဆွေးနွေးမှုတွေ စတင်ပြုလုပ်ဖို့ ကြိုးစားနေတဲ့ ရီးရဲမက်ဒရစ်ဟာ အသက်ငယ်ရွယ်တဲ့ ဂါရက်ဘေးလ်ကို အသင်းအောင်မြင်မှုအတွက်ရော ငွေကြေးအတွက်ပါ တွက်ခြေကိုက်မှာ ဖြစ်တဲ့အတွက် စာချုပ်နိုင်ရေးအတွက် စတင်ကြိုးစားနေပြီလို့ ဆိုပါတယ်။

ရီးရဲမက်ဒရစ်ဟာ အသက်ငယ်ရွယ်တဲ့ ဂါရက်ဘေးလ်ကို အနည်းဆုံး ငါးနှစ်စာချုပ်နဲ့ချုပ်ဆိုဖို့ ပြင်ဆင်ထားပေမယ့် စပါးအသင်းရဲ့ တာဝန်ရှိသူတွေက ပြောင်းရွှေ့ကြေးပေါင်သန်း ၉၀ နီးပါးပေးမှ ဖြစ်မယ်လို့ လေသံတွေပစ်နေတာကြောင့် ရီးရဲမက်ဒရစ်လည်း လက်တွန့်နေပါတယ်။ ဒါပေမယ့် ထိုက်တန်တဲ့ငွေကြေး ပေးမယ်လို့ ရီးရဲမက်ဒရစ်တာဝန်ရှိသူတွေက ဆိုနေပါတယ်။

ဂါရက်ဘေးလ်ကို ရီးရဲမက်ဒရစ်နဲ့ ဘိုင်ယန်မြူးနစ်အသင်းတွေသာမကဘဲ မန်ယူနဲ့ မန်စီးတီးအသင်းတွေကလည်း ဝယ်ယူလိုတဲ့ဆန္ဒတွေ ပြင်းပြနေကြပါတယ်။ ဂါရက်ဘေးလ် ကစားပုံနဲ့ ကစားအားက မန်ယူကွင်းလယ်အတွက် နည်းပြဖာဂူဆန်လိုချင်နေတဲ့ ပုံစံဝင်ကစားသမားလည်း ဖြစ်နေပါတယ်။ ဒါကြောင့်လာမယ့် နွေရာသီ ဂါရက်ဘေးလ်လုပွဲမှာ ဘယ်အသင်းက အနိုင်ရမလဲဆိုတာ စောင့်ကြည့်ရမှာဖြစ်ပါတယ်။ ။

မိုးမြင့်လင်းလက် - ရေးသားသည်

အားကစားသတင်း အတိုအထွာ

မောင်ချစ်ကြည် - ရေးသားသည်

- တိုက်စစ်မှူး ဘာလော့တယ်လီကို အသင်း၌ ရေရှည်ကစားနိုင်ရန် ခက်ခဲစွာ ထိန်းသိမ်းရမည်ဖြစ်ကြောင်း အေစီမီလန်အသင်းတာဝန်ရှိသူများက ပြောကြားသည်။
- ဘိုင်ယန်မြူးနစ်အသင်းအား မိမိတာဝန်ယူခဲ့သည့် ကာလတွင် ဆုဖလားများ ရယူပေးနိုင်ခဲ့မှုကို မေ့ပျောက်မည်မဟုတ်ကြောင်း လက်ရှိ နည်းပြ ဂျက်ဟေးလ်နက်က ပြောကြားသည်။
- မန်ယူတွင် ပုံမှန်ပွဲထွက်ခွင့်မရဖြစ်နေသည့် ဟာနန်ဒက်ဇ်ကို ဒေါ့မွန်အသင်းက ခေါ်ယူရန် ပစ်မှတ်ထားလျက်ရှိသည်။
- လာမည့်နွေရာသီတွင် ဘရာဇီးကလပ် ဆန်တို့စ်အသင်းတိုက်စစ်မှူး နေမာအား မန်စီးတီးက ဘာစီလိုနာနှင့်အပြိုင်ခေါ်ယူရန် ကြိုးစားလျက်ရှိသည်။
- အက်သလက်တီကိုတိုက်စစ်မှူး ဖယ်လ်ကာအိုကို မန်ယူအသင်းက လာမည့်နွေရာသီတွင်ခေါ်ယူရန် ပြင်ဆင်လျက်ရှိသည်။
- ဒေါ့မွန်အသင်းတိုက်စစ်မှူး လီဝမ်ဒေါ့စကီးကို ဘိုင်ယန်မြူးနစ်အသင်းက လာမည့်နွေရာသီတွင် ခေါ်ယူရန် ကြိုးစားလျက်ရှိသည်။
- ရီးရဲမက်ဒရစ်အသင်းသည် ယခုနှစ် ချန်ပီယံလိဂ်နှင့် ကိုပါဒယ်ရေး ဖလားများရယူနိုင်ရန် လမ်းကြောင်းပေါ်သို့ ရောက်ရှိနေကြောင်း စီရိုနယ်ဒိုက ထုတ်ဖော်ပြောကြားသည်။
- အင်တာမီလန်နောက်ခံကစားသမား နာဂါတိုမိုသည် အင်တာမီလန်နှင့် ၂၀၁၆ ခုနှစ်အထိ စာချုပ်ထားသော်လည်း အသင်းမှထွက်ခွာရန် ဆန္ဒပြင်းပြနေသည်။

ဒီဇီကို မန်စီးတီးမှထွက်ခွာမည်

မန်စီးတီးကစားသမား ဒီဇီကိုသည် နွေရာသီတွင် အသင်းမှထွက်ခွာလိမ့်မည်ဖြစ်ကြောင်း နည်းပြမန်ချီနီက ပြောကြားသည်။ အသက် ၂၆ နှစ်ရှိ ဒီဇီကိုသည် ဘွန်ဒက်စ်လီဂါချန်ပီယံ ဒေါ့မွန်သို့ ပြောင်းရွှေ့ရန် ဆက်သွယ်ထားသည်။ ဒီဇီကိုသည် ၂၀၁၁ ခုနှစ်က ဝုဖ်ဘတ်အသင်းမှ မန်စီးတီးသို့ ပေါင် ၂၇ သန်းဖြင့် ပြောင်းရွှေ့လာသူဖြစ်သည်။

ရွန်းနေ မန်ယူတွင် ဆက်ရှိမည်

တိုက်စစ်မှူးရွန်းနေသည် လာမည့်ရာသီတွင် မန်ယူကစားသမားအဖြစ် ဆက်လက်ရှိနေဦးဖြစ်ကြောင်း နည်းပြဖာဂူဆန်က ကတိပြုပြောကြားသည်။ ချန်ပီယံလိဂ် ၁၆ သင်းပြိုင်ပွဲတွင် မန်ယူကရီးရဲမက်ဒရစ်ကို ရှုံးနိမ့်ပြီးနောက် အသက် ၂၇ နှစ်ရှိ အင်္ဂလန်တိုက်စစ်မှူး ရွန်းနေကို ရောင်းချလိမ့်မည်ဟု သတင်းများထွက်ပေါ်ခဲ့သည်။ ထိုသတင်းကို တုံ့ပြန်သည့်အနေဖြင့် ရွန်းနေသည် လာမည့်ရာသီတွင် မန်ယူကစားသမားအဖြစ် ဆက်လက်ရှိနေမည်ဖြစ်ကြောင်း ဖာဂူဆန်က ကတိပြုပြောဆိုခဲ့သည်။ **(အောက်ပုံ)**

ဆွမ်ဆီးနည်းပြ ထပ်မံစာချုပ်

ဆွမ်ဆီးနည်းပြ မိုက်ကယ်လောက်ဒရပ်အား ယင်းကလပ်က ၂၀၁၅ ခုနှစ် ဇွန်လအထိ ထပ်မံစာချုပ်လိုက်သည်။ ဒိန်းမတ်နိုင်ငံသား မိုက်ကယ်လောက်ဒရပ်သည် ဖေဖော်ဝါရီ ၂၄ ရက်က ကက်ပီတယ်ဝမ်းဖလားပြိုင်ပွဲ ဗိုလ်လုပွဲတွင် ဘရက်ဖို့ဒ်ကို ငါးဂိုးပြတ်ဖြင့် အနိုင်ကစားပြီး အင်္ဂလိပ်အဓိကဖလားတစ်လုံးကို ဆွတ်ခူးပေးလိုက်သည်။ လောက်ဒရပ်သည် ကက်ပီတယ်ဝမ်းဖလားပြိုင်ပွဲတစ်လျှောက် လီဗာပူး၊ အာဆင်နယ်နှင့် ချယ်လ်ဆီးတို့ကို အနိုင်ရအောင် ဆွမ်ဆီးအသင်းကို ဦးဆောင်မှုပေးနိုင်ခဲ့သည်။

ကောင်းမြတ်သူ - ရေးသားသည်

ရာသီဥတုပြောင်းလဲခြင်းနှင့် သစ်တောများကိုထိရောက်စွာ စီမံအုပ်ချုပ်နိုင်ရေးအတွက် ဒေသခံပြည်သူများ၏ စွမ်းဆောင်ရည်မြှင့်တင်ခြင်းဆိုင်ရာ ဆွေးနွေးပွဲ
(Empowering Communities For Effectively Managing Forests)
ဖိတ်ကြားလွှာ

မြန်မာနိုင်ငံအတွင်း စားနပ်ရိက္ခာဖူလုံရေးနှင့် ဒေသခံအစုအဖွဲ့ပိုင် သစ်တောတည်ထောင်ခြင်းဆိုင်ရာ စိန်ခေါ်မှုများ၊ ဇီဝမျိုးကွဲများ ထိန်းသိမ်းစောင့်ရှောက်ရေးလုပ်ငန်းစဉ်များ၊ REDD+နှင့် ပတ်သက်၍ သိကောင်းစရာများကို ပြည်တွင်းပြည်ပ ပညာရှင်များမှ ဆွေးနွေးတင်ပြသွားမည်ဖြစ်ပါသည်။

နေ့ရက် - ၂၀၁၃ ခုနှစ်၊ မတ် ၁၅ ရက်
နေရာ - ရန်ကုန်မြို့၊ ကန်ရိပ်သာလမ်း၊ ကန်တော်ကြီးပဲလေ့(စ်)ဟိုတယ်
အချိန် - မွန်းလွဲ ၁၂း၃၀ နာရီမှ ညနေ ၅ နာရီအထိ

လူဦးရေကန့်သတ်ထားပါသဖြင့် စိတ်ပါဝင်စားသူများအနေဖြင့် ဂေဟစနစ် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့(EcoDev)/စိမ်းလန်းအမိမြေ ဖွံ့ဖြိုးတိုးတက်ရေးအသင်း ALARM သို့ အောက်ဖော်ပြပါဖုန်းနံပါတ်များမှတစ်ဆင့် ဆက်သွယ်စာရင်းပေးသွင်းနိုင်ပါသည်။

ဖုန်း-၀၁-၅၃၆၄၃၇၊ ၀၉-၄၅၀၀၆၁၈၆၈၊
Email:seinlanamimyay.alarm@gmail.com
(မှတ်ချက်) ၂၀၁၃ ခုနှစ်၊ မတ် ၁၃ ရက်၊ ညနေ ၄ နာရီ နောက်ဆုံးထားပြီး စာရင်းပေးသွင်းကြပါရန်။



ရွှေရတု မင်္ဂလာရက်မြတ်ဆုတောင်း

ချစ်ဖေဖေဆရာကြီး ဦးလှကျော်(ကျောင်းအုပ်ကြီး၊ ငြိမ်း)၊ ချစ်မေမေ ဒေါ်တင်ညွန့်ကျော် (မြသီတာစာပေတိုက်)တို့၏ ၁၀-၃-၂၀၁၃ ရက်တွင် ရန်ကုန်မြို့ နှင်းဆီကုန်းဘိုးဘွားရိပ်သာ၌ ဆွမ်းပဒေသာပင် လှူဒါန်းကြပါသည်။ ရွှေရတုမင်္ဂလာရက်မြတ်မှသည် စိန်ရတုမင်္ဂလာရက်မြတ်သည့်တိုင် သက်ရှည်ကျန်းမာ၍ ချမ်းသာပါစေကြောင်း ဆုတောင်းမင်္ဂလာပြုအပ်ပါသည်။

ချစ်သမီးကြီး - ဒေါ်မြသီတာကျော်(M.S.C)
ချစ်သမီးငယ် - ဒေါက်တာဒေါ်ခင်ဥမ္မာကျော်(လားရှိုး)
ချစ်သားကြီး - ဦးသူရလှကျော်(ခေတ္တဂျပန်)
ချစ်မြေးကြီး - မောင်ဇေယျာဘိုဘိုထူး(ဆေး-၁၊ ရန်ကုန်)
ချစ်မြေးငယ် - မယွန်းမြတ်မိုးသူ(Grade-5 အထက-၁၊ ဒဂုံ)

မြန်မာ သံတော်ဆင့်
THE MYANMAR HERALD
နှစ်ပတ်လည်အခမ်းအနား ကျေးဇူးတင်မှတ်တမ်း

မြန်မာသံတော်ဆင့် [illegible] (Traders Hotel) [illegible] CB [illegible] Flash Memo [illegible]

မြန်မာသံတော်ဆင့်သတင်းဌာန

ပြန်ကြားရေးဝန်ကြီးဌာန
မြန်မာ့အသံနှင့်ရုပ်မြင်သံကြားအတွက်
FM Transmitter များ ဝယ်ယူရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၏ နယ်ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံ (၁၃)ရုံတွင် တပ်ဆင်ရန် FM Transmitter များ ဝယ်ယူရန်အတွက် အိတ်ဖွင့်တင်ဒါများ တင်သွင်းကြရန် ဖိတ်ခေါ်ပါသည်။

(က) FM Transmitter & Accessories Harris(USA) 13 Lots

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၉-၃-၂၀၁၃ရက်မှစတင်၍ နံနက် ၉း၃၀နာရီမှ ညနေ ၄း၃၀နာရီ ရုံးဖွင့်ရက်အတွင်း မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ နေပြည်တော် တပ်ကုန်းတွင် လာရောက်ထုတ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါများကို ၁၈-၃-၂၀၁၃ရက် နံနက် ၉း၃၀နာရီမှ ညနေ ၄း၃၀နာရီအတွင်း မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ နေပြည်တော်တပ်ကုန်းရှိ တင်ဒါအဖွဲ့ဝင်များ ရှေ့မှောက်တွင် လာရောက်ပေးသွင်းရန်ဖြစ်ပါသည်။ သတ်မှတ်အချိန်ကာလထက် ကျော်လွန်သော တင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၄။ အိတ်ဖွင့်တင်ဒါပုံစံ စည်းကမ်းချက်များ၊ စက်ပစ္စည်းစာရင်းနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် စုံစမ်းထုတ်ယူနိုင်ပါသည်။

၅။ ဝယ်ယူမည့်ပစ္စည်းများ၏ အရည်အသွေးနှင့် ဈေးနှုန်းစိစစ်မှုကို ၂၂-၃-၂၀၁၃ရက် နံနက် ၉နာရီတွင် ပြန်ကြားရေးဝန်ကြီးဌာန ရုံးအမှတ်(၇)၊ နေပြည်တော်တွင် ပြုလုပ်မည်ဖြစ်ပါသည်။

စက်ပစ္စည်းများဝယ်ယူရေးကော်မတီ
မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ နေပြည်တော်
ပြန်ကြားရေးဝန်ကြီးဌာန
ဖုန်း-၀၆၇-၇၉၄၁၁၊ ၀၆၇-၇၉၁၃၅

ကြော်ငြာ

တော်ဝင်မိသားစုကုမ္ပဏီသည် နေရာကောင်းကောင်းတွင် အဆင့်မြင့်မြင့်နေထိုင်လိုသူများ အတွက် လှော်ဝင်တော်ဝင်းအနီး အလုံလမ်းမကြီးပေါ်တွင် မန်းသစ်ခွရိပ်သာ Orchid Condominium အိမ်ရာကို အကောင်းဆုံးဝန်ဆောင်မှုများဖြင့် ဈေးခြားစွာ ဆောင်ရွက်ပေးလိုက်ပါသည်။

- ရန်ကုန်မြို့၏ အချက်အချာကျပြီး စိတ်ငြိမ်ရပ်ကွက်တွင် တည်ရှိခြင်း။
- ယာဉ်ပိတ်ဆို့မှု ကင်းဝေးပြီး သွားလာလွယ်ကူသည့် နေရာတွင် တည်ရှိခြင်း။
- အလုံမြို့နယ် အ.ထ.က(၁/၂/၃/၄/၅/၆)ကျောင်းများ၊ Sakura ဆေးရုံ၊ အာရှတော်ဝင်ဆေးရုံ၊ ဗဟိုအမျိုးသမီးဆေးရုံ၊ ကလေးဆေးရုံ၊ အကယ်ဒမီဆေးရုံ စသည့်ဆေးရုံများ ၊ Shopping Centre များ၊ ဈေးများနှင့် နီးကပ်စွာတည်ရှိခြင်း။
- ဖွဲ့စည်းမှုကောင်းသော အခန်းများတွင် စိတ်ရောကိုယ်ပါ အပန်းဖြေနိုင်သော နေထိုင်မှုဘဝကို ခံစားရရှိနိုင်ခြင်း။
- စနစ်တကျဆောင်ရွက်ထားသော ရေပေးဝေမှုစနစ် ၊ မိလ္လာစနစ်၊ အမှိုက်နှင့် သန့်ရှင်းရေးစနစ်၊ လုံခြုံရေးစနစ်၊ မီးဘေးကာကွယ်ရေးစနစ် စသည်တို့ကို အဆင့်မြင့်မြင့် ဆောင်ရွက်ထားရှိခြင်း။
- လုံလောက်သော Car Parking ၊ အားကစားခန်းမ၊ ရေကူးကန်၊ Mini Market များကို ထည့်သွင်းတည်ဆောက်ထားခြင်း။
- (၂၄)နာရီ လျှပ်စစ်မီးရရှိရန်အတွက် Generator များအလုံအလောက်တပ်ဆင်၍ ခေတ်မီလျှပ်စစ်ကိရိယာများ အသုံးပြု၍ နည်းစနစ်မှန်ကန်စွာ တပ်ဆင်ထားခြင်း။
- အခန်းတွင်းကို ခေတ်မီစွာ အဆင့်မြင့် ပြင်ဆင်ပေးခြင်း။
- နောက်ဆုံးပေါ်မြန်နှုန်းမြင့် ဓါတ်လှေခါး(၄)စင်း တပ်ဆင်ထားခြင်း။
- မည်သည့်ကုမ္ပဏီမှ ဆောင်ရွက်ပေးဘူးခြင်းမရှိသည့် လုံခြုံရေး၊ သန့်ရှင်းရေး၊ မိလ္လာစနစ်၊ ဓါတ်လှေခါးတို့အတွက် လျှပ်စစ်မီတာခအပါအဝင် ဝန်ဆောင်မှု စရိတ်များကို (၁၅)နှစ်တိုင်အောင် ကုမ္ပဏီမှစေတနာဖြင့် ကျခံဆောင်ရွက်ပေးခြင်း စသည့်အထူးကောင်းမွန်သော အကျိုးများရရှိနိုင်သည့် **Condominium** ကို(၁၂.၃.၂၀၁၃)နေ့တွင် စတင်ရောင်းချပေးတော့မည် ဖြစ်ပါကြောင်း သတင်းကောင်းပေးအပ်ပါသည်။

လက်မရွှေတ်သင့်သည့်
အခွင့်အရေး
ပထမဦးဆုံး ဝယ်ယူသည့်
အခန်း(၅၀)အား
ပရိဘောဂနှင့် အသုံးအဆောင်
ပစ္စည်းများကို
မေတ္တာလက်ဆောင်
ပေးအပ်သွားမည်ဖြစ်ပါသည်။

Orchid Condominium

အရှေ့ခြင်းစင်တာ

တော်ဝင်စင်တာ ၊ တတိယထပ် ၊ အခန်း (၄၀၀၁) ၊အမှတ်(၄၅)၊ ပြည်လမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန် ။

ပြည်တွင်းသတင်းနှင့်ကြော်ငြာ

အထက်ပေါင်းလောင်း ရေအားလျှပ်စစ်စီမံကိန်းဒေသရှိ ပြည်သူများအားပံ့ပိုးရေး ရှင်းလင်း

ပင်လောင်း မတ် ၉

ရှမ်းပြည်နယ် (တောင်ပိုင်း) ပအိုဝ်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်လောင်းမြို့နယ်အတွင်းရှိ အထက်ပေါင်းလောင်းရေအားလျှပ်စစ်စီမံကိန်း လုပ်ငန်းအကြောင်း ရှင်းလင်းပွဲကို ဖေဖော်ဝါရီ တတိယပတ်က ကုန်းချိုင်းရွာသစ်အနီးရှိ ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန၏ ရေဝပ်ဧရိယာ ကျေးရွာများ ရွှေ့ပြောင်းမှုကွပ်ကဲရေးရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှင်းလင်းပွဲတွင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ အဖွဲ့ဝင် လျှပ်စစ်နှင့်စက်မှုဝန်ကြီး ဦးစိုင်းထွန်းရင်နှင့် ကယန်းတိုင်းရင်းသားရေးရာဝန်ကြီး ဦးလော့ရင့်တို့က အမှာစကားပြောကြားသည်။ ထို့နောက် ရေအားလျှပ်စစ် အကောင်အထည်ဖော်ရေး ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ညွှန်ကြားရေးမှူးများနှင့်တာဝန်ရှိသူများက လုပ်ငန်းများဆောင်ရွက်လျက်ရှိသည့် အခြေအနေများကို ရှင်းလင်းတင်ပြခဲ့သည်။

ဆက်လက်၍ ပေါင်းလောင်းတိုက်နယ်တွင်းရှိ ရေဝပ်ဧရိယာတွင် ကျရောက်လျက်ရှိသော သပြေကုန်းကျေးရွာအုပ်စု၏ ကျေးရွာ ၁၀ ရွာနှင့် ထိန်ပင် ကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာ ၁၂ ရွာတို့မှ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများ၊ ရပ်မိရပ်ဖများနှင့် ကျေးရွာများပြောင်းရွှေ့ရာတွင် ဆောင်ရွက်ရမည့် လုပ်ငန်းများနှင့် တွေ့ကြုံရသည့် အခက်အခဲများကို ဌာနအနေဖြင့် ဖြည့်ဆည်းပေးနိုင်မှု အခြေအနေများကို ကျေးရွာပြည်သူများက နားလည်မှု အသိစိတ်ဓာတ်တို့ဖြင့် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်နိုင်ရေးတို့အတွက် ညှိနှိုင်းဆောင်ရွက်ခဲ့ကြသည်။

အဆိုပါ အထက်ပေါင်းလောင်းရေအားလျှပ်စစ် စီမံကိန်းသည် နေပြည်တော်ပျဉ်းမနားမြို့၏ အရှေ့ဘက် ၂၆ မိုင်ခန့်အကွာ လက်ရှိပေါင်းလောင်းဓာတ်အားပေးစက်ရုံ၏ အထက်ဘက် ၁၅ မိုင်ခန့်အကွာ ပေါင်းလောင်းမြစ်ပေါ်တွင် တည်ရှိပြီး လက်ရှိ ဓာတ်အားပေးစက်ရုံ၏ နှစ်စဉ်လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုကို ၃၂ ကီလိုဝပ်နာရီ သန်းတိုးတက်စေ၍ နိုင်ငံတော်၏လျှပ်စစ်ဓာတ်အား လိုအပ်ချက်ကို ဖြည့်ဆည်းပေးရန် ရည်ရွယ်ချက်ထားတည်ဆောက်ခြင်း ဖြစ်သည်။

ရေဝပ်ဧရိယာအတွင်း၌ထိန်ပင်ကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာ ၁၂ ရွာ၊ အိမ်ခြေ ၁၁၆၅ အိမ်၊ အိမ်ထောင်စု ၁၂၉၂ စု၊ လူဦးရေ ၅၂၇၀ နှင့် သပြေကုန်းကျေးရွာ အုပ်စုအတွင်းရှိ ကျေးရွာ ၁၀ ရွာ အိမ်ခြေ ၉၃၃ အိမ်၊ အိမ်ထောင်စု ၉၅၄ စု၊ လူဦးရေ ၄၁၀၄ဦး၊ စုစုပေါင်းအိမ်ခြေ ၂၀၈၉ အိမ်၊ အိမ်ထောင်စုပေါင်း ၂၂၄၆စု၊ လူဦးရေ စုစုပေါင်း ၉၃၇၄ ဦး အတွက်ကျေးရွာတစ်ရွာချင်းအလိုက် ကျေးရွာမြေ ကွက်သစ်များ ဖော်ထုတ်နေရာချထားပေးနိုင်ရေး၊ ဘာသာရေး၊ ကျန်းမာရေး၊ ပညာရေးနှင့် အုပ်ချုပ်ရေးဆိုင်ရာ အဆောက်အအုံများကို ကျေးရွာသစ်များတွင် မူလရှိရင်းထက် သာလွန်အောင် ပြန်လည် အစားထိုးဆောက်လုပ်ပေးရေး၊ လူနေအိမ်များကို ကျေးရွာသူကျေးရွာသားများ အစီအစဉ်ဖြင့် ပြန်လည်ဆောက်လုပ်နိုင်ရေးအတွက် အိမ်အမျိုးအစား၊ အရွယ်အစား အလိုက်ခန့်မှန်းတန်ဖိုး တွက်ချက်ပြီး ပြန်လည်ထောက်ပံ့ပေးရေး၊ လယ်ယာ ကိုင်းကျွန်း၊ ဥယျာဉ်ခြံမြေများနှင့် နှစ်ရှည်သီးပင်များအတွက် ထိုက်သင့်သောတန်ဖိုးဖြင့် ထောက်ပံ့ပေးရေး၊ ကျေးရွာချင်းဆက် လမ်းများ၊ ကျေးရွာတွင်းလမ်းများ ဖောက်လုပ်ပေးရာတွင် လမ်းနှင့်ဆက်စပ် အဆောက်အအုံများပါ ထည့်သွင်းဆောက်လုပ်ပေးရေး၊ ကျေးရွာသစ်များတွင် ရေရရှိရေး စီစဉ်ဆောင်ရွက်ပေးရေး၊ အထက်ပေါင်းလောင်းဓာတ်အားပေးစက်ရုံမှ ကျေးရွာသစ်များအရောက် လျှပ်စစ်ဓာတ်အား သွယ်တန်းပေးရေးနှင့်လျှပ်စစ်အိမ်သုံးမီတာများပါ ပံ့ပိုးပေးရေးစသော အစီအစဉ်များဖြင့်ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာနမှ လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **ထွန်းလင်း(ပင်လောင်း)**

ဗုဒ္ဓဘာသာယဉ်ကျေးမှု သင်တန်းဖွင့်လှစ်

တန့်ဆည် မတ် ၉

ကျောင်းသားလူငယ်များ လိမ္မာယဉ်ကျေးစေရန်နှင့် ဘာသာရေး အခြေခံ ဗဟုသုတရရှိရန်အတွက် တန့်ဆည်မြို့ ပင်စောက်ကျောင်းတိုက် ဆရာတော် ဦးဉာဏဝရ ကြီးမှူး၍ ဗုဒ္ဓဘာသာယဉ်ကျေးမှု သင်တန်းကို မတ် ၇ ရက် နံနက် ၈ နာရီက ပင်စောက်ကျောင်းတိုက် ဓမ္မာရုံ၌ ဖွင့်လှစ်ခဲ့သည်။ သင်တန်းသား သင်တန်းသူ ၁၁၆ ဦးရှိပြီး နံနက်ပိုင်းတွင် ပထမအဆင့်၊ ညနေပိုင်းတွင် ဒုတိယအဆင့်နှင့် တတိယအဆင့် သင်တန်းများကို ပို့ချသည်။ ဆရာတော် ဦးပညာတိက္ခ၊ ဦးဝဇီရာဝုဓတို့က သင်ခန်းစာများကို ပို့ချပြီး အင်္ဂလိပ်စာ အခြေခံသင်ခန်းစာများကို ဆရာ ဦးဗိုလ်တင့်က ပို့ချသည်။

နှစ်စဉ်ဖွင့်လှစ်

"နွေရာသီ အားနေတဲ့ အချိန်ကလေးတွေအတွက် ဘာသာရေး အခြေခံ ကောင်းလေးတွေ ရစေချင်တယ်။ ကိုယ်ကလည်း စားဝတ်နေရေး လုပ်ကိုင်နေရပြီး ကလေးတွေအတွက် အချိန်မပေးနိုင်ဘူး။ အခုလို သင်တန်းလေး ဖွင့်တဲ့အတွက် အားလုံးက ဝမ်းသာနေကြတယ်"ဟု သင်တန်းသား လာအပ်သော ဒေါ်ဝင်းရွှေကပြောကြားသည်။ သင်တန်းကာလသည် တစ်လကြာမြင့်မည်ဖြစ်ပြီး နှစ်စဉ်ဖွင့်လှစ်ခဲ့သည်မှာ သုံးကြိမ်ရှိပြီဖြစ်ကြောင်း သတင်းရရှိသည်။ **(ညိုထွန်း)**

ကျိုင်းတုံမြို့တွင် အကြိုအခြေခံမီးသတ်သင်တန်းဖွင့်လှစ်

ကျိုင်းတုံ မတ် ၉

ရှမ်းပြည်နယ်(အရှေ့ပိုင်း)ကျိုင်းတုံမြို့တွင် မမျှော်လင့်ထားသော သဘာဝ မီးဘေးအန္တရာယ်များနှင့် ပူပြင်းခြောက်သွေ့သော နွေရာသီသို့ ရောက်ရှိပါက မလွဲမသွေ ကြုံတွေ့ရသော မီးဘေးအန္တရာယ်များကို ထိရောက်လျင်မြန်စွာ ငြိမ်းသတ်နိုင်စေရေးအတွက် မြို့နယ်မီးဘေးကြိုတင်ကာကွယ်တားဆီးရေးအဖွဲ့မှ ကြီးမှူးသော အကြိုအခြေခံမီးသတ် သင်တန်းအမှတ်စဉ် (၁/၂၀၁၃) ဖွင့်ပွဲအခမ်းအနားကို မတ် ၆ ရက် မွန်းလွဲ ၂ နာရီက မြို့နယ်စည်ပင်သာယာခန်းမ၌ ကျင်းပရာ အခမ်းအနားသို့ ခရိုင်အုပ်ချုပ်ရေးမှူး ဦးခင်ဝင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဦးနှင့်မီးသတ်ဦးစီးဌာနမှ ပြည်နယ်/ခရိုင်/ မြို့နယ်မီးသတ်ဦးစီးမှူးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ NGO အဖွဲ့အစည်းများ၊ လုပ်ငန်းရှင်များ၊ သန္ဓေနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များ စုစုပေါင်း ၁၂၀ တက်ရောက်သည်။

ရှေးဦးစွာ ခရိုင်မီးဘေးကြိုတင်ကာကွယ်တားဆီးရေးအဖွဲ့ ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးခင်ဝင်းက အမှာစကားပြောကြားကာ ရှမ်းပြည်နယ် (အရှေ့ပိုင်း)တွဲဖက် ပြည်နယ်မီးသတ်ဦးစီးဌာနမှူး ဦးကြည်သိန်းက သင်တန်းဖွင့်လှစ် သင်ကြားပို့ချရခြင်းနှင့်စပ်လျဉ်း၍အကျယ်တဝင့် ရှင်းလင်းပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အဆိုပါ သင်တန်းသို့ ရပ်ကွက်/ကျေးရွာများမှ စိတ်ပါဝင်စားသူ သင်တန်းသား ၅၀ တက်ရောက်ကာ နေ့စဉ် နံနက် ၇ နာရီခွဲမှ ညနေ ၃ နာရီခွဲအထိ နှစ်ပတ်ကြာ သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

(အောက်ပုံ) ရန်နိုင်(သီလဝ)



မီးကိုသတိ မြဲထားရှိ

စောင့်ကြည့်နေပါ

သင့်တာဝန်

အကောက်ခွန်မဲ့ ကုန်ပစ္စည်းများတင်ဆောင်သည့်ကား တိမ်းမှောက်

ဝေါ မတ် ၉

ပဲခူးတိုင်းဒေသကြီး ဝေါမြို့နယ် စစ်တောင်းတံတားအဟောင်းအသစ်ဆုံရာလမ်းမှ မလာဘဲ ဆပ်သွားခြုံ ကျေးရွာရှောင်ကွင်းလမ်းမှ မောင်းနှင်သွားသည့် မော်တော်ယာဉ်တစ်စီး ပုဂံကျေးရွာအနီးတွင် တိမ်းမှောက်နေကြောင်း ဒေသခံပြည်သူများ၏ လာရောက် သတင်းပေးချက်အရ (Mobile Team)အဖွဲ့(၂)မှ တာဝန်ရှိသူများ သွားရောက်ကြည့်ရှုရာ ကရင်ပြည်နယ် ဘားအံမြို့နယ်မှ ယာဉ်မောင်း ကိုလှရှိန်မောင်းနှင်လာသည့် ၇ခ/ . . ယာဉ်ပေါ်တွင် လိုင်စင်မဲ့၊ အကောက်ခွန်မဲ့ ကန့်သတ်ကုန်ပစ္စည်းများဖြစ်သည့် ထိုင်းနိုင်ငံထုတ်သစ်ခွပန်းများ အပါအဝင်သစ်သီးစုံ ၁၁ မျိုး၊ စုစုပေါင်း ၂၅၇၃ ဒသမ ၄၅ ကီလိုကို တွေ့ရှိသိမ်းဆည်းခဲ့သည်။

အဆိုပါ ပစ္စည်းများမှာ ပုပ်သိုးနွမ်းခြောက်လွယ်ကူသဖြင့် သက်ဆိုင်ရာသို့ တင်ပြ၍ ခွင့်ပြုချက်ရယူပြီး (Mobile Team)အဖွဲ့ (၂) တည်ရာ ညောင်ခါးရှည်-ဒိုက်ဦးသွား မဟာဗျူဟာလမ်းဆုံတွင် မတ် ၇ ရက် နံနက် ၁၀ နာရီက လေလံတင်ရောင်းချခဲ့ရာ မောင်ဝင်းကိုကို(ဘ) ဦးညွန့်လှိုင်ဆိုသူက ကြမ်းခင်းဈေးထက်ပိုပေး၍ ငွေကျပ် ၁၇ သိန်းဖြင့် ဝယ်ယူသွားကြောင်း သိရှိရသည်။

(ဝေါဝင်းမောင်)

မူဆယ်၌ ညှော်စည်ကား

မူဆယ် မတ် ၉

ယခုရက်ပိုင်းအတွင်း မှုတသော ရာသီဥတုဖြစ်လာပြီး နွေရာသီ ကျောင်းပိတ်ရက်လည်းဖြစ်ခြင်း၊ ခရီးသွားဧည့်သည်များ၊ ဘုရားဖူးယာဉ်များဝင်လာခြင်း၊ ရာသီပေါ် အသီးအနှံနှင့် ကုန်ရောင်းကုန်ဝယ်များဖြင့် မူဆယ်မြို့မှာ စည်ကားလျက်ရှိပြီး တရုတ်နိုင်ငံဘက်သို့ နေ့ချင်းပြန် အလည်အပတ်သွားကြသည့် ခရီးသွားများမှာ လူဝင်လူထွက် နယ်စပ်ဂိတ်တစ်ခုဖြစ်သော ရွှေနန်းတော်ဂိတ်တွင် လူတန်းကြီးတွေ့နေရသည်။ ယခုရက်ပိုင်းတွင် တစ်နေ့လျှင် လူဧည့်သည် ၃၀၀၀ ဝန်းကျင်ခန့် အဝင်အထွက်ရှိကြောင်းလည်း သိရှိရသည်။ **သိန်းဇော်(ရွှေလီဦး)**

ပြည်ထဲရေးဝန်ကြီးဌာန
မြန်မာနိုင်ငံရဲတပ်ဖွဲ့
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ မြန်မာနိုင်ငံရဲတပ်ဖွဲ့တွင် အသုံးပြုရန်လိုအပ်သော စက်ဆီ/ချောဆီများကို မြန်မာကျပ်ငွေဖြင့် ပြည်တွင်း၌ဝယ်ယူရန် ဈေးနှုန်းတင်သွင်းလွှာ ဖိတ်ခေါ်အပ်ပါသည်။
၂။ အိတ်ဖွင့်တင်ဒါတင်သွင်းရက်မှာ ၁၉-၃-၂၀၁၃ရက် နံနက် ၁၀:၀၀နာရီ ဖြစ်ပါသည်။
၃။ ပေးသွင်းလိုသူများအနေဖြင့် တင်ဒါပုံစံတစ်စုံလျှင် ၁၀၀၀၀ိ/နှုန်းဖြင့် ၁၁-၃-၂၀၁၃ ရက်မှ ၁၈-၃-၂၀၁၃ ရက်အထိ ၀၉:၃၀နာရီမှ ၁၆:၀၀နာရီအတွင်း ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်အချက်အလက်များသိရှိလိုပါက ပစ္စည်းများဈေးပြိုင်ဝယ်ယူရေးအဖွဲ့၊ အမှတ်(၂)ရဲတပ်ရင်းများကွပ်ကဲမှုအဖွဲ့မှူးရုံး၊ စက်မှု(၁)လမ်းနှင့် ဆရာစံလမ်းထောင့် (ယခင်ပြည်ထဲရေးရုံးဟောင်း)ဗဟန်းမြို့နယ်၊ ဖုန်း-၀၁-၅၄၉၃၀၃၊ ၀၁-၅၄၉၄၃၃ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

ဈေးပြိုင်ဝယ်ယူရေးအဖွဲ့
မြန်မာနိုင်ငံရဲတပ်ဖွဲ့

ယာဉ်မှတ်ပုံတင်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၉ယ/၂၈၄၂၆၊ New ANBO 125 ဆိုင်ကယ် လက်ဝယ်ရှိသူ ဦးတင်ယုမင်း ၉/မတရ(နိုင်)၁၆၆၃၇၅က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ယ/၆၁၄၉၇၊ Honda အမျိုးအစား M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်မော်လီမြင့် ၉/မဟမ(နိုင်)၀၃၂၄၈၃က (ကမ-၃)ပျောက်ဆုံး၍မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် န/၈၄၁၂၊ နီဆန်းဒီဇယ်ထရပ်၊ (၈×၂)T/S ၊ ယာဉ်လက်ဝယ်ရှိသူ ဦးအောင်မြင့်+ဦးအောင်ညွန့် ၁၃/လရန(နိုင်)၁၂၂၇၆၀+ ၁၃/လရန(နိုင်)၀၉၀၀၉၅က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ပြည်နယ်ရုံး (လားရှိုး)

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၆ယ/၅၂၁၄၂ ရင်ဇင်း 110၊ မော်တော်ဆိုင်ကယ် ယာဉ်လက်ဝယ်ရှိသူ ဦးချန်ဟုန် ၁၃/လရန(နိုင်)၀၅၃၄၀၆က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ပြည်နယ်ရုံး (လားရှိုး)

သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

တောင်ကြီးမြို့၊ ကျောင်းကြီးစုရပ်ကွက်၊ နယ်မြေ(၇)၊ ဝါးပြားလမ်း၊ အိမ်အမှတ်(၁၅)နေ ဒေါ်နန်းနု၏သမီး ဒေါ်နန်းကြည်ကြည်(ခ)အေးကီ ၁၃/တကန(နိုင်)၀၁၃၇၇၃သည် မိခင်ဖြစ်သူအား အကြိမ်ကြိမ်စိတ်ဆင်းရဲအောင် ပြုလုပ်သဖြင့် ယနေ့မှစ၍ သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်သည်။ နောက်နောင် ၄င်းနှင့်ပတ်သက်သောကိစ္စအဝဝကို တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ပါကြောင်း။

ဒေါ်နန်းနု ၁၃/တကန(နိုင်)၀၁၄၀၉၅

တစ်ဦးတည်းဖြစ်ကြောင်း

ပခုက္ကူမြို့နယ်၊ အလက(ခွဲ) ကိုင်းကျေးရွာကျောင်းမှ ဦးထော်၏သမီး ဒေါ်ခင်သင်း ၈/ပခက(နိုင်)၀၀၃၁၅၄နှင့် ဒေါ်သန်းဆွေမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

ဒေါ်ခင်သင်း(ခ)ဒေါ်သန်းဆွေ

ယာဉ်မှတ်ပုံတင်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂ယ/၅၆၄၃၁၊ Honda Dream M/C ဆိုင်ကယ်လက်ဝယ်ရှိသူ ဦးမြင့်နိုင် ၃/ဘအန(နိုင်)၀၅၈၈၁၀က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ပြည်နယ်ရုံး(ဘားအံ)

သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မကွေးတိုင်းဒေသကြီး၊ ဂန့်ဂေါခရိုင်၊ ဂန့်ဂေါမြို့ အမှတ်(၁) မြောက်ကုန်းရပ်ကွက်နေ ဦးခင်မောင်ကြည် (၈/ဂဂန(နိုင်)၀၀၃၁၀၅)-ဒေါ်ခင်ကြူ ၈/ဂဂန(နိုင်)၀၀၃၁၀၆ တို့၏ သမီး မမြတ်ဆုဝေ ၈/ဂဂန(နိုင်)၀၆၆၁၇၉သည် မိမိသဘောဆန္ဒဖြင့် ၁၆-၁၂-၂၀၁၂ ရက်တွင် နေအိမ်မှ ထွက်ခွာသွားပါ၍ ယနေ့မှစ၍ သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၄င်းနှင့်ပတ်သက်သည့် ကိစ္စမှန်သမျှကို လုံးဝတာဝန်ယူဖြေရှင်းပေးမည် မဟုတ်ပါ။ (စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)

ဦးခင်မောင်ကြည်-ဒေါ်ခင်ကြူ

သားအဖြစ်မှ စွန့်လွှတ်ခြင်း

ကျွန်တော် ဦးမောင်ထွန်းလှ ၁၁/ဘသတ(နိုင်)၀၀၆၅၀၉နှင့် ကျွန်မ ဒေါ်စိန်နုသာ ၁၁/ဘသတ(နိုင်)၀၀၇၇၄၆တို့၏သား မနှင်းနုဖနှင့် မနှင်းသူဖ တို့၏မောင်၊ မနှင်းငြိမ်းဖ၏အစ်ကိုဖြစ်သူ မောင်ရန်လင်းကျော် ၁၁/မပန(နိုင်) ၁၇၈၅၁၀သည် မိဘများအား စိတ်ဆင်းရဲအောင်ပြုလုပ်သွားပါသဖြင့် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ ၄င်းနှင့်ပတ်သက်၍ မည်သည့်ကိစ္စမျှ မိသားစုနှင့် မသက်ဆိုင်တော့ပါ။

ဦးမောင်ထွန်းလှ-ဒေါ်စိန်နုသာ

ကြော်ငြာ

မဟာသင်္ကြန်အထူးလျှော့ဈေး

ကလေး လူကြီးဝတ်၊ ရှပ်၊ စပို့ရှပ်၊ တီရှပ်နှင့် အထည်အမျိုးမျိုးကို အောက်ပါဆိုင်များတွင် (၁၃-၃-၂၀၁၃) မှ (၀၂-၄-၂၀၁၃) အထိ မဟာသင်္ကြန်အမှီ အရှုံးခံ အလွန်လျှော့ဈေးဖြင့် ရောင်းချပါမည်။

(မှတ်ချက် ။ ။ သင်္ကြန်ကာလအတွင်း ပျော်ပါးကြမည့်အဖွဲ့များ၊ မဏ္ဍပ်များအတွက် ဂိုဒေါင်ရှင်း၊ တူညီဝတ်စုံများကို ရန်ကုန်မြို့တွင် မည်သည့်ဆိုင်မှ မရောင်းနိုင်သည့် ဈေးနှုန်းဖြင့် ရောင်းချပေးပါမည်။)

Paris Fashion Shop 1. အမှတ်(၅/က)၊ သစ္စာလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။ (ရန်ကင်းကလေးဆေးရုံ မျက်နှာချင်းဆိုင်ဘက်) ဖုန်း ၀၉ - ၇၃၀၄၃၂၉၉/၀၉ - ၅၁၃၇၂၇၁

2. အခန်း(၁) တိုက် (၂၁၉)၊ ၁၂ လုံးတန်း မီးပွိုင့်ထောင့်၊ ရန်ကင်းလမ်းနှင့် ရန်ရှင်းလမ်းထောင့်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။ (မီးသတ်ဘက်မျက်နှာချင်းဆိုင်ဘက်) ဖုန်း - ၀၁-၅၇၉၄၃၇

3. အမှတ် (၁၇၆) ဦးချစ်မောင်လမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။ (ဈေးဌေ့မှတ်တိုင်အနီး) ၀၉- ၇၃၀ ၉၅၉၃၈

London Fashion 1. အမှတ် (၃၉၀) စော်မူ(၁)လမ်းမကြီး၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း ၀၉-၅၁၃ ၉၇၅၇

Happy Thingyan

• ကုမ္ပဏီများ၊ အသင်းအဖွဲ့များ၊ ဌာနဆိုင်ရာများ ကြော်ငြာအထည် များအတွက် "တီရှပ်၊ စပို့ရှပ်" များကို စိတ်တိုင်းကျ ဒေါ်ဒါလက်ခံ ပြုလုပ်ပေးပါသည်။

စက်မှုဝန်ကြီးဌာန၊ စက်မှုညွှန်ကြားရေးဦးစီးဌာန
မြေနေရာနှင့်အဆောက်အအုံများအား နှစ်ရှည်ငှားရမ်းရန်အတွက်
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စက်မှုဝန်ကြီးဌာန၊ စက်မှုညွှန်ကြားရေးဦးစီးဌာနပိုင် အကွက်(၉၀၂)၊ သီတာအေးရပ်ကွက် (ရတနာပုံရုပ်ပြတိုက်အနီး)၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့၊ ရန်ကုန်-မန္တလေးကားလမ်းမကြီးဘေးရှိ ယခင်ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းစက်ရုံ(မန္တလေး)၏ မြေနေရာနှင့် အဆောက်အအုံများအား နှစ်ရှည်ငှားရမ်းဆောင်ရွက်လိုပါသဖြင့် လုပ်ငန်းရှင်များအား အိတ်ဖွင့်တင်ဒါ တင်သွင်းကြရန် ဖိတ်ခေါ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါအဆိုပြုလွှာပုံစံနှင့် စည်းကမ်းချက်များအား ဝယ်ယူရောင်းချမှုကြီးကြပ်ရေးဌာန၊ စက်မှုညွှန်ကြားရေးဦးစီးဌာန၊ ရုံးအမှတ် (၃၇)၊ နေပြည်တော်တွင် ရုံးချိန်အတွင်း ၁၁-၃-၂၀၁၃ရက်မှ စတင်ရောင်းချမည်ဖြစ်ပြီး အိတ်ဖွင့်အဆိုပြုလွှာများအား ဒုတိယဝန်ကြီး၊ စက်မှုဝန်ကြီးဌာန၊ ရုံးအမှတ်(၃၇)၊နေပြည်တော်သို့ ၂၂-၃-၂၀၁၃ရက် ၁၆း၀၀နာရီ နောက်ဆုံးထားတင်သွင်းရမည် ဖြစ်ပါသည်။

၃။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက စက်မှုညွှန်ကြားရေးဦးစီးဌာန၊ ဖုန်းအမှတ်-၀၆၇-၄၀၈၁၀၉၆၊၀၆၇-၄၀၈၁၉၁၊ ၀၆၇-၄၀၈၀၈၁ တို့သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

စက်မှုညွှန်ကြားရေးဦးစီးဌာန၊ စက်မှုဝန်ကြီးဌာန
ရုံးအမှတ်(၃၇)၊ နေပြည်တော်

လိုင်စင်အင်ဂျင်နီယာစာမေးပွဲကျင်းပရန် ကြေညာခြင်း

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၊ အင်ဂျင်နီယာဌာန (အဆောက်အအုံ)မှ ကြီးမှူး၍ လိုင်စင်အင်ဂျင်နီယာ စာမေးပွဲများကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ပါ၍ ဖြေဆိုခွင့်လျှောက်ထားသူများသည် စာမေးပွဲဖြေဆိုခွင့်ကတ်များကို ၁၁-၃-၂၀၁၃ရက်မှ ၁၅-၃-၂၀၁၃ရက်အထိ အင်ဂျင်နီယာဌာန(အဆောက်အအုံ)၌ ရုံးချိန်အတွင်း လာရောက်ထုတ်ယူနိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ကျင်းပမည့်နေ့ရက်	- ၁၆-၃-၂၀၁၃ရက် (စနေနေ့)
ကျင်းပမည့်အချိန်	- အကြီးတန်းလိုင်စင်အင်ဂျင်နီယာ ဖြေဆိုခွင့်လျှောက်ထားသူများသည် ၉း၀၀ နာရီမှ ၁၁း၀၀နာရီ၊ အဆောက်အအုံလိုင်စင်အင်ဂျင်နီယာ(SEC)နှင့် အငယ်တန်း လိုင်စင်အင်ဂျင်နီယာ လျှောက်ထားသူများသည် ၁၃း၀၀ နာရီမှ ၁၅း၀၀နာရီ
ကျင်းပမည့်နေရာ	- သင်တန်းခန်းမ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ ဝန်ထမ်းသင်တန်းကျောင်း၊ စက်ရုံလမ်း၊မင်္ဂလာတောင်ညွန့်မြို့နယ်

ဌာနမှူး
အင်ဂျင်နီယာဌာန(အဆောက်အအုံ)

ဖခင်အမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူမြို့နယ်(ဇင်း) အလက သတ္တမတန်းမှ မအေးအေးနု၏ ဖခင်အမည်မှန်မှာ ဦးစိုးဝင်း ၅/ကဘလ(နိုင်)၀၂၀၃၂၇ ဖြစ်ပါကြောင်း။

ဖခင်အမည်မှန်

မြိတ်တက္ကသိုလ်၊ဒုတိယနှစ်၊မဟာသင်တန်း၊ ခုံအမှတ် ၂/မဟာ ဒ-၂ (ဒဿနိကဗေဒ)ဖြင့် အောင်မြင်ခဲ့သော မဇင်မာဦး၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုစာရင်းအရ ဦးအေးစိုးဖြစ်ပါကြောင်း။ **ဦးအေးစိုး**
၁၂/မဂဒ(နိုင်)၀၂၃၅၃၁

ကန့်ကွက်နိုင်ပါကြောင်း

ယခုအမှုတွင် ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ တရားရုံးတော်က ချပေးသည့် ဒီကရီကို အယူခံတရားလို ဦးဝင်းသိန်း(၎င်း၏အထွေထွေကိုယ်စားလှယ်စာရသူ ဒေါ်အေးတင့်)က အယူတော်ခံရာ ဤရုံးတော်တွင် မှတ်ပုံတင်စာရင်းတင်သွင်း၊ ထိုအယူခံမှုကို ၂၀၁၃ ခုနှစ် မတ် ၁၅ ရက် (၁၃၇၄ ခုနှစ် တပေါင်းလဆန်း ၄ရက်)တွင် ဆိုင်ရန် ဤရုံးတော်က ချိန်းဆိုလိုက်သည်။ သင်ကိုယ်တိုင်ဖြစ်စေ၊ သင့်ရှေ့နေဖြစ်စေ ဤအယူခံမှုတွင် သင့်အတွက် ဆောင်ရွက်ရန် တရားဥပဒေအရ ခွင့်ပြုထားသူကိုယ်စားလှယ်ဖြစ်စေ မလာမရောက်ရှိခဲ့လျှင် ၎င်းအယူခံမှုကို သင်မရှိသည့်အခါတွင် တစ်ဖက်သတ်ပြုလုပ်၍ စီရင်ဆုံးဖြတ်လိမ့်မည်။

ထို့ပြင် သင်က အယူခံနိုင်ခွင့်ရှိသော ဤအမှုတွင် ဒီကရီကို အမိန့် ၄၁၊ နည်းဥပဒေ ၂၂အရ ကန့်ကွက်လိုလျှင် အမိန့်၄၁၊ နည်းဥပဒေ ၂၂ အရ ချိန်းဆိုသည့်အချိန်အတွင်း ဤကဲ့သို့ သင်က ကန့်ကွက်လိုကြောင်း ဤအယူခံရုံး၌ အကြောင်းကြား အစီရင်ခံစာတင်သွင်းရမည်။

၂၀၁၃ခုနှစ် မတ် ၁ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ် ရေးထိုး ထုတ်ပေးလိုက်သည်။

(ဝီလ်မာထွန်းခင်)
ဒုတိယခရိုင်တရားသူကြီး(၃)
ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး

အမွေဆက်ခံရန်သက်သေခံလက်မှတ်ရစေခြင်းငှာ လျှောက်ထားကြောင်း

အကြောင်းကြားစာ

(အမွေဆက်ခံရန်သက်သေခံလက်မှတ်စာအက်ဥပဒေပုဒ်မ-၃၇၃)

ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး၌

၂၀၁၃ ခုနှစ် တရားမအသေးအဖွဲ့မှုအမှတ်-၄၆

ကွယ်လွန်သူ ဒေါ်နီနီတိုး၌ ကျန်ရှိရစ်သောပစ္စည်းအကြောင်း။

ဒေါ်ချောစု(ခ)ထည်ဝါကျော် လျှောက်သူ

အမှတ် ၁၅၁ (ဒုတိယထပ်)၊ ၄၆ လမ်း၊ (၁၀)ရပ်ကွက်၊ ဗိုလ်တထောင်မြို့နယ်နေ ဒေါ်ချောစု(ခ)ထည်ဝါကျော်က ကွယ်လွန်သူ ဒေါ်နီနီတိုး၏သမီးဖြစ်သည်ဟူ၍ အထက်ပါလိပ်စာနေ ကွယ်လွန်သူ ၎င်းဒေါ်နီနီတိုးမှာ ကျန်ရှိရစ်သော ပစ္စည်းပိုင်နက်ရရန်ရှိသော ကြွေးမြီများကိုကောက်ခံရန် အမွေဆက်ခံရန် သက်သေခံလက်မှတ်စာ အက်ဥပဒေအရလက်မှတ်စာရလိုကြောင်း ဤရုံး၌ လျှောက်ထားချက်ရှိသည်ဖြစ်၍ ထိုသို့သောလျှောက်ထားကြောင်းကို အများလူတို့သိကြားစေခြင်းငှာ ကြော်ငြာသည်မှာ ၎င်းကွယ်လွန်သူ ဒေါ်နီနီတိုးမှာ ကျန်ရစ်သောပစ္စည်းများအပေါ်၌ ရရန်ရှိသူလူဟူသမျှတို့သည် ဤရုံးသို့ ၂၀၁၃ ခုနှစ် မတ် ၂၂ ရက် (၁၃၇၄ ခုနှစ် တပေါင်းလဆန်း ၁၁ ရက်)တွင် လာရောက်ကြရမည်။ ၎င်းရက်တွင် လျှောက်သူဒေါ်ချောစု(ခ) ထည်ဝါကျော်၏ လျှောက်ချက်ကိုနာကြား၍ လက်မှတ်ရသင့် မရသင့်သည်အကြောင်းကို စီရင်ဆုံးဖြတ်လိမ့်မည်။

၂၀၁၃ ခုနှစ် ဖေဖော်ဝါရီ ၂၈ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ် ရေးထိုး ထုတ်ပေးလိုက်သည်။

(လှသိမ်း)
ဒုတိယခရိုင်တရားသူကြီး(၁)
ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-ကြီးပွားရေး(တ)၊ မြေကွက်အမှတ်-၄၃၇/ခ၊ အောင်သစ္စာလမ်း၊ အကျယ်အဝန်း စတုရန်းပေ၁၂၀၀ရှိ နှစ် ၆၀ဂရန်မြေကွက်နှင့်နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား အမည်ပေါက်ပိုင်ရှင် ဒေါ်ကြာဘော ၁၂/မရက(နိုင်)၀၁၂၅၆၂ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေများပေးချေထားပြီးဖြစ်ရာ အရောင်းအဝယ်ကို ကန့်ကွက်လိုပါက ယနေ့မှစ၍ ၁၄ရက်အတွင်း ပိုင်ဆိုင်သောအထောက်အထားများဖြင့် ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိုပြီးဆုံးအောင် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးနောင်နောင် LL.B
အထက်တန်းရှေ့နေ(စဉ်-၃၀၁၃၂)
အခန်း ၅၊ အမှတ် ၅၅၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၉-၇၃၁၅၈၂၇၃

ကြော်ငြာ

BCB Centre

Confidence Building Program

သဘာဝသုခ

TEL : 09-730 71133, 09-730 81817

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ရန်ကင်းလမ်း၊ အမှတ် ၂၆၊ လေးလွှာ(ယာ)၊အကျယ်အဝန်း (၁၂၃/၄×၅၀)ပေရှိ တိုက်ခန်းတစ်ခန်းနှင့် ယင်းတိုက်ခန်းနှင့်ပတ်သက်သော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရောက်ပိုင်ဆိုင်သူ ဒေါ်ဖြူဖြူမင်း ၉/မနမ(နိုင်)၁၁၁၆၃၀ထံမှ ကျွန်ုပ်မိတ်ဆွေက ဝယ်ယူရန်ရောင်းဖိုးငွေများအနက်မှ စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ခိုင်လုံသော သက်သေခံအထောက်အထားစာရွက်စာတမ်းများနှင့်တကွ လာရောက်ပြသကန့်ကွက်နိုင်ပါကြောင်း၊ ကန့်ကွက်ရက်ကျော်လွန်ပါက ဥပဒေအရ တရားဝင်အပြီးအပိုင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်မြတ်မြတ်စိုး

တရားလွှတ်တော်ရှေ့နေ (စဉ်-၇၄၆၇)

အမှတ် ၇၁/၃ခ၊ ဌာနာလမ်း၊ အလုံ၊ ရန်ကုန်၊ ဖုန်း-၀၉-၄၉၃၀၅၅၀၃၊ ၀၉-၇၃၀၄၃၁၅၂

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

[illegible]

ကန့်ကွက်နိုင်ကြောင်းကြေညာချက်

[illegible]

ဈေးမည်

09-5401011, 09-73095677

ပညာတံခွန်

(Teaching/ Guide)

Ph: 09 - 73112799 ,

01- 542608

သင်္ချာဒိုင်ခံဆရာ

09-381615, 09-8586399, 09-43066226, 09-5114911, 09-73030623

[illegible]

[illegible]

ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၈၄၊ မြေကွက်အမှတ် ၅၈၊ ဧရိယာ ပေ ၄၀×ပေ ၆၀၊ အကျယ်အဝန်း ၀ ဒသမ ၀၅၅၉ဧကရှိ ပါမစ်မြေကွက်ဟုခေါ်တွင်သော ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၈၄)ရပ်ကွက်၊ အမှတ် ၅၈ မြေကွက် အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို ဒေါ်မြမြငွေးမှ အမည်ပေါက်ပြီး ဦးကျော်စိုးတင့် ၁၂/စခန(နိုင်)၀၀၀၀၁၆က အရပ်စာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသောမြေကွက်ဖြစ်ပါသည်။ အထက်ဖော်ပြပါမြေကွက်ကို ၎င်းမှပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသောကြောင့် ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများသည် ကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသောအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်၍ စာချုပ်ပြုလုပ်ချုပ်ဆိုသွားမည်ဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်ခင်မာနွယ် (LL.B, D.B.L) ဦးမိုးမင်းဆွေ (LL.B, D.B.L)

ဒေါ်ငွေးငွေးဝင်း (LL.B, D.I.L) ဒေါ်ဟန်သီစိုး (LL.B, DICS, DIACS)

(Gloary Success Law Firm)

အထက်တန်းရှေ့နေများ

အမှတ် ၁၃၆/၁၃၈၊ ၃၉ လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊

ဖုန်း-၀၉-၄၂၀၂၂၁၁၂၊ ၀၉-၄၃၁၆၇၂၉၆

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၅၃၊ မြေကွက်အမှတ် ၁၃၆၄၊ မြေကွက်တည်နေရာအမှတ်၁၃၆၄၊ (၁၅၃) ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ဦးအေးကျော် ၁၂/မရက(နိုင်) ၀၅၅၉၉၈ အမည်ပေါက် မြေချပါမစ်မြေအား အမည်ပေါက် ဦးအေးကျော်မှ မြေချပါမစ်ပျောက်ဆုံးကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးနှင့် ရဲစခန်းထောက်ခံချက်၊ ကျမ်းကျိန်လွှာ ဝန်ခံချက်များတင်ပြပြီး ပါမစ်ပျောက်ဖြင့် နှစ် ၆၀ မြေငှားစာချုပ် (ဂရန်)လျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

အင်းစိန်မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်-၄၀၀/B၊ မြေကွက်အမှတ် ၆၄/က[၁]၊ ၆၄/ခ[၂]၊မြေကွက်တည်နေရာအမှတ်-၅၂၇၊ ၆၄၊ ဇေယျာသီရိလမ်း၊ စဥ့်ကူရပ်ကွက်၊ အင်းစိန်မြို့နယ် မြေကွက်အမည်ပေါက် ဒေါ်သာဆက်၊ ဒေါ်သာထက်မြေ အမျိုးအစား B-လ/န ၃(ခ)ရပြီးမြေအားအမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်-၄၁၇/၈၀(၂-၈-၁၉၈၀)ဖြင့်ပိုင်ဆိုင်လာသူ ဒေါ်ကြည်ကြည်ခင်ထံမှ ကိုယ်စားလှယ်လွှဲစာအမှတ် ၂၂၃/၁၃(၃-၁-၁၃)ဖြင့်GPရသူဒေါ်ဟောင်းစေး ၁၃/ကခန(နိုင်)၀၆၀၄၄၇က စာချုပ်မိတ္တူမှန်တင်ပြ၍ အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၉/A၊ မြေကွက်အမှတ် ၄၆၀၊ မြေကွက်တည်နေရာအမှတ် ၄၆၀၊ တပင်ရွှေထီးလမ်း၊ ၃၉/Aရပ်ကွက်၊ ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ် ဦးထွန်းရင် အမည်ပေါက် နှစ် ၆၀ ဂရန်မြေအားအမည်ပေါက် ဦးထွန်းရင် ကွယ်လွန်သဖြင့် ဒေါ်ဘေဘီ ၁၂/လမန(နိုင်)၀၆၄၈၀၈၈ တစ်ဦးတည်းသောဇနီး တော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ဗိုလ်တထောင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၀ H[၁]၊ မြေကွက်အမှတ် II.၁၉၊ မြေကွက်တည်နေရာအမှတ် ၄၄/၄၂၊ ၄၆ လမ်း၊ ၉ ရပ်ကွက်၊ ဗိုလ်တထောင်မြို့နယ် မစ္စတာချွန်ဒရာမော်ဂန်နှင့် ဒေါက်တာမာယာဒေဝီ အမည်ပေါက် နှစ်၉၀ဂရန် (သက်ကုန်)မြေအား အမည်ပေါက်တစ်ဦးဖြစ်သူ မစ္စတာချွန်ဒရာမော်ဂန်သည် လူပျိုကြီးဘဝဖြင့် (၁-၁၂-၂၀၀၉) ကွယ်လွန်သဖြင့် ကျန်အမည်ပေါက် ဒေါက်တာမာယာဒေဝီ ၁၂/ဗတထ(နိုင်)၀၃၁၉၈၇မှ အမွေဆက်ခံသူ ၎င်းတစ်ဦးတည်းသာ ကျန်ရှိပြီး ညီမတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(အယ်လ်-၁၇/၆၀)မြေကွက်အမှတ် ၁၆၇၅ အမည်ပေါက် ဦးတင်အေး ၁၂/ရကန(နိုင်)၀၁၉၁၅၇ မြေကွက်အတွက် ပါမစ်ပြုလုပ်ပေးပါရန် သား/သမီးများဖြစ်သော ဒေါ်မြမြအေး ၁၂/ရကန (နိုင်) ၀၂၀၅၁၆၊ ဒေါ်သီတာအေး၁၂/ရကန(နိုင်) ၀၁၉၅၄၄၊ ဒေါ်ဆွေဆွေတင်အေးလှိုင် ၁၂/ရကန(နိုင်)၀၁၉၂၁၀၊ ဦးသန့်ဇင်ဦး ၁၂/ရကန(နိုင်)၀၂၀၀၈၀၊ ဦးကျော်ဆန်းဝင်း ၁၂/ရကန(နိုင်)၀၀၀၆၄၃တို့မှ မြေချပါမစ်ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း ဤဦးစီးဌာနသို့ လာရောက်၍သက်ဆိုင်ရာစာရွက်စာတမ်းအထောက်အထားများ တင်ပြ၍ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေချပါမစ်ထုတ်ပေးရန် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။ **မြေနှင့်အခွန်ဌာနခွဲ**

မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ် ဆိပ်ကမ်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(အယ်လ်-၁၈/၆၁)၊ မြေကွက်အမှတ် (၁၄၈၉) ဒေါ်အိုင်ရင်းလင်း ဂျီ/အာဂျီအန်-၀၀၂၀၅၇အမည်ပေါက်မြေကွက်သည် နိုင်ငံတော် စီမံကိန်းမြေအတွင်းပါဝင်သွားသဖြင့် မြေတိုင်းရပ်ကွက်အမှတ် (ဒဂုံတောင် ၁၄၃/၂) မြေကွက် အမှတ်(၁၆၇)အား အစားထိုးချထားပေးခဲ့ပါသည်။ ပြန်လည်အပ်နှံရမည့် မြေကွက်အမှတ် (၆၁/၁၄၈၉)ပါမစ်မူရင်းသည်လည်းကောင်း၊ အစားထိုးပြန်လည်ရရှိသည့်မြေကွက်အမှတ် (၁၄၃/၂-၁၆၇)၏ မြေချစလစ်သည်လည်းကောင်း ပျောက်ဆုံးသွားပါသဖြင့် ဝယ်ယူထားသူ ဒေါ်ဆွေဆွေတင် ၁၂/ဗဟန(နိုင်) ၀၅၂၇၀၉အမည်ဖြင့် မြေချပါမစ်ပြုလုပ်ပေးပါရန် တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်ရန်ရှိပါက ကြော်ငြာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း ဤဦးစီးဌာနသို့လာရောက်၍ သက်ဆိုင်ရာစာရွက်စာတမ်းအထောက်အထားများ တင်ပြ၍ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေချပါမစ်ပြုလုပ်ပေးရန်အတွက် ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။ **မြေနှင့်အခွန်ဌာနခွဲ**

မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

ကန့်ကွက်နိုင်ပါသည်။

[illegible]

၁၈-၂-၂၀၁၃ရက်စွဲပါ မြန်မာ့အလင်းသတင်းစာ စာမျက်နှာ(၁၇)ပါ အထက်တန်းရှေ့နေ ဦးဟန်တင်၏ သတိပေးကြေညာချက်ကို ပြန်လည်ရှင်းလင်းခြင်း

ကျွန်ုပ်၏မှုသည်ဖြစ်သူ ဦးဂျေအက်စ်လမေ့ချ် ၁၂/ဆကခ(နိုင်)၀၀၆၁၅၃၊ ပဲခူးတိုင်းဒေသကြီး၊ ဇေယျာဝတီမြို့၊ အမှတ် (၄၃)နေသူ၏ လွှဲအပ်ညွှန်ကြားချက်အရ ပြန်လည်ရှင်းလင်းကြေညာလိုက်ပါသည်။

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၅၃)၊ မြေကွက်အမှတ် (၂၁)၊ ဧရိယာ ၀ဒသမ၁၁၅ဧက မြေပိုင်မြေကွက်နှင့် ထိုမြေကွက်ပေါ်ရှိ အမှတ်(၄၇)၊ နှင်းဆီကုန်းလမ်းနှင့် ဇကားဝါလမ်းထိပ်၊ (က)ရပ်ကွက်၊ မြေအကျိုးခံစားခွင့်အားလုံးမှ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြေရာဌာနရှိ မြေစာရင်းတွင် စရီမာတီစီရာဒနီဒေဗျာ အမည်ပေါက်ပြီး ၎င်းကွယ်လွန်၍ မြေးတော်သူ ဦးဂျေအက်စ်လမေ့ချ်က ဥပဒေနှင့်အညီ အမွေဆက်ခံပိုင်ဆိုင်ခွင့်ရှိသည်ကို လူကြီးမင်း၏ သတိပေးကြေညာချက်ဖြင့် ငြင်းဆိုနိုင်မည်မဟုတ်ပါ။ ယင်းမြေကွက်၏ အမည်ပေါက်ပိုင်ရှင်နှင့် ၎င်းအမွေဆက်ခံသူများထံမှ အရောင်းအဝယ်မှတ်ပုံတင်စာချုပ်စာတမ်းများဖြင့် ဝယ်ယူပိုင်ဆိုင်ထားခြင်းမရှိဘဲ ထိုမြေပေါ်တွင် လက်ရှိဖြင့်ရုံမျှဖြင့် ပိုင်ဆိုင်မှုမရရှိနိုင်ပါ။ အကယ်၍လူကြီးမင်း၏အမှုသည် ဒေါ်လှလှရီနှင့် မိသားစုက ထိုမြေပေါ်တွင် တရားဝင်ပိုင်ဆိုင်ခွင့် မရှိသူများထံမှ အရပ်ကတိစာချုပ်အဆင့်ဆင့်ဖြင့် လွှဲပြောင်းရယူခြင်းသာဖြစ်ပါသည်။ ကျွန်ုပ်အမှုသည်က အမွေဆက်ခံပိုင်ဆိုင်ကြောင်း သိရှိနေပါလျက် ဒေါ်လှလှရီနှင့် မိသားစုတို့က မိမိတို့သဘောအလျောက်အလိုအလျောက်ဝင်ရောက်နေထိုင်နေကြသူများဖြစ်ပါသည်။

ကျွန်ုပ်အမှုသည်၏ ဥပဒေပါအခွင့်အရေးကို ထိခိုက်သော လူကြီးမင်းအမှုသည် ဆောင်ရွက်မှုမှန်သမျှအပေါ်တာဝန်ရှိကာ ဥပဒေအရအရေးယူဆောင်ရွက်မည်ဖြစ်ကြောင်း ပြန်လည်ရှင်းလင်းလိုက်သည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးအောင်ကျော်ဖိုး LL.B, DBL,DML, DIL,DA; PSY,DIR

တရားလွှတ်တော်ရှေ့နေ(စဉ်-၄၆၉၂)

ကြော်ငြာ

Travel For Moments Co., Ltd.

Travel 4 moments

Moments of your lifetime

Email : travel4moments@gmail.com Website : www.travel4moments.com

ဒိုးဇုံဝဠုံစိုက်ပျိုးခြင်း (လေးဆီလေးဆီလေးဆီလေး)

ဦးလှဝေ + ဒေါ်ဝင်းမြင့်လွင်

ရိုလုံ (၁) - အမှတ် (S-7) ... ရန်ကုန် ☎- ၂၀၀၇၄၇ (Ext.) ...

ရိုလုံ (၂) - ကိုနိုင်နိုင်ဦး + မလဲ့ရည်မွှား အမှတ် (F-1) ... ရန်ကုန်

... ၂၀၀၇၄၇ (Ext.) ၂၁၀၀

ရိုလုံ (၃) - (...) ကိုနိုင်နိုင်ဦး + မလဲ့ရည်မွှား

(C-5) ... ရန်ကုန်

ချမ်းလုံ - ...

ရွှေဆိုင် အမှတ် (C-7) ... ရန်ကုန်

☎ ... ၀၁- ၂၀၀၇၄၇ (Ext.) ...

ချမ်းလုံ - ... H - 10 ...

ရွှေဆိုင် ☎ ... ၀၁- ၂၀၀၇၄၇ (Ext.) ...

ရောင်းရန်ရှိသည်

မြေအမှတ်(၁၄)၊ နဝရတ်ဥယျာဉ်အိမ်ရာ၊ ပေ(၆၀×၇၂)၊ RC နှစ်ထပ်တိုက် (အသင့်နေနိုင်)၊ သာကေတမြို့နယ်၊ တိုင်းရင်းသားကျေးရွာအနီး။

ဆက်သွယ်ရန် -

ဖုန်း-၀၉-၄၉၂၅၆၅၉၂၊

၀၉-၄၂၀၀၆၇၂၂၈၊ ၀၉-၄၂၀၀၄၁၅၀၇

ဝန်ထမ်းအလိုရှိသည်

(ပြည်တွင်း၌သာခန့်ထားရန်)

(၁) **လက်ထောက်အင်ဂျင်နီယာ(မြို့ပြ)** **ကျား(၃)ဦး**
BE/B Tech/A.G.T.I(Civil) (လုပ်သက် ၅ နှစ်)

(၂) **စာရင်းစစ်** **မ(၄)ဦး**
LCCI Level(III) နှင့် Myob(3) အောင်မြင်ပြီးသူ၊ ဘွဲ့ရဖြစ်ရမည်။
Miscrosoft Excel/Word နှင့် Page Maker ကျွမ်းကျင်ရမည်။
Final Balance များ ရေးဆွဲနိုင်ရမည်။ သက်ဆိုင်ရာ လုပ်ငန်းအတွေ့အကြုံ(၃)နှစ်ရှိရမည်။

(၃) **စာရင်းကိုင်** **မ(၄)ဦး**
LCCI Level(III) နှင့် Myob(3) အောင်မြင်ပြီးသူ၊ ဘွဲ့ရဖြစ်ရမည်။
သက်ဆိုင်ရာ လုပ်ငန်းအတွေ့အကြုံနှစ်နှစ်ရှိရမည်။

(၄) **Cashier** **ကျား/မ(၄)ဦး**
LCCI Level(II) အောင်မြင်ပြီးသူ၊
သက်ဆိုင်ရာလုပ်ငန်းအတွေ့အကြုံနှစ်နှစ်ရှိရမည်။

(၅) **Driver** **ကျား(၄)ဦး**
အသက် ၃၅ နှစ်မှ ၅၅ နှစ်အကြားဖြစ်ရမည်။ ယာဉ်မောင်းသက်တမ်း အနည်းဆုံး (၅)နှစ်ရှိရမည်။

အထက်ပါရာထူး စိတ်ဝင်စားသူများသည် နယ်ခရီးသွားနိုင်ရမည်။ ကိုယ်ရေးရာဇဝင်၊ အလုပ်သမားမှတ်ပုံတင်၊ ပညာအရည်အချင်းထောက်ခံစာ၊ နိုင်ငံသားစိစစ်ရေးအမှတ်၊ ခြောက်လအတွင်း ဓာတ်ပုံသုံးပုံ၊ သန်းခေါင်စာရင်း၊ ရဲစခန်းထောက်ခံစာမိတ္တူများနှင့်တကွ အောက်ပါလိပ်စာသို့ ၂၅-၃-၂၀၁၃ ရက် နောက်ဆုံးထား၍ လာရောက်လျှောက်ထားနိုင်ပါသည်။

Viking Myanmar Construction Co.,Ltd
No.35, Tharthana Yeik Thar Lane, Bahan Township, Yangon, Myanmar.
Tel:01-8603152, 01-8603154, Fax:01-554993

ကန့်ကွက်ရန်ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့နယ်၊ စံချိန်မီအဆင့်(၂)၊ မြေကွက်အမှတ် ၇၇၅ အမည်ပေါက် ဦးမြအောင်၏ မြေကွက်ကိုလက်ရှိဝယ်ယူပိုင်ဆိုင်သူဒေါ်ထားထားရီ ၁၂/ရကန(နိုင်)၀၀၄၉၇၂ ကိုင်ဆောင်သူက ငွေသွင်းချလန်(မူရင်း) တင်ပြပြီး မြေကွက်စလစ် (မူရင်း)ပျောက်ဆုံးသွားပါ၍ မြေပါမစ်ထုတ်ပေးပါရန် လျှောက်ထားလာသဖြင့် ကန့်ကွက်ရန်ရှိပါက ကြော်ငြာပါသည့် ရက်မှစ၍ ၁၄ရက်အတွင်း အထောက်အထားမူရင်းများတင်ပြ၍ ကန့်ကွက်လွှာတင်သွင်းနိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေပါမစ်ထုတ်ပေးရန် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းအသိပေးကြေညာအပ်ပါသည်။**မြေယာရုံးခွဲ(၂)၊မြေနှင့်အခွန်ဌာနခွဲ**
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကိုဒ့်ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)

စစ်ကိုင်းမြို့နယ်တရားမရုံး၌

၂၀၁၃ခုနှစ် တရားမကြီးအမှုအမှတ်-၅

မသန်းသန်းမိုး(ခ)မမိုး **နှင့်** ၁။ ဦးမျိုးထွန်း
၂။ ဒေါ်သန်းသန်းမြင့်

တရားလို **တရားခံများ**

စစ်ကိုင်းမြို့၊ ပန်းဘဲတန်းရပ်နေ ဦးမျိုးထွန်း(ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုကအပ်နှံငွေကျပ် သိန်း၃၀ ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၄င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၃ခုနှစ် မတ် ၁၄ရက် (၁၃၇၄ခုနှစ် တပို့တွဲလပြည့်ကျော်) မွန်းမတည့်မီအချိန်တွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၄င်းပြင်သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၄င်းပြင်တရားလိုက ကြည့်ရှုလိုသည်များနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၃ခုနှစ် ဖေဖော်ဝါရီ ၂၀ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(နီလာညွန့်)
တွဲဖက်မြို့နယ်တရားသူကြီး
စစ်ကိုင်းမြို့နယ်တရားရုံး

(ပြည်တွင်း၌သာခန့်ထားရန်)

အောင်ထိပ်တန်းတိုင်းရင်းဆေးကုမ္ပဏီတွင် တာဝန်ထမ်းဆောင်ရန် အောက်ပါဝန်ထမ်းများ အလိုရှိသည်။

၁။ လုံခြုံရေး ကျား (၅) ဦး

၂။ အကူဝန်ထမ်း မ (၃၀) ဦး

၃။ ထမင်းချက် မ (၁) ဦး

လျှောက်ထားလိုသူများ ...

ဆက်သွယ်ရန် ဖုန်း - ...

Pretty Passages Textile Co., Ltd.

(ရန်ကုန်မြို့တွင် တာဝန်ထမ်းဆောင်ရန်)

၁။ Sales & Marketing Manager ကျား/မ (၂)ဦး

၂။ ကုန်ထုတ်ကြီးကြပ် ကျား/မ (၄)ဦး

၃။ လက်ထောက်စာရင်းကိုင် ကျား/မ (၂)ဦး

၄။ ပန်းချီကျွမ်းကျင် ကျား/မ (၄)ဦး

အမှတ်စဉ်(၁)အတွက် - Sales & Marketing ...

အမှတ်စဉ်(၂)အတွက် - Industrial Chemistry ...

အမှတ်စဉ်(၃)အတွက် - LCCI (III) (or) B.Com (or) B.Act ... Microsoft Excel & Word ...

အမှတ်စဉ်(၄)အတွက် - B.A (Art) ...

အများသိစေရန်ကြေညာခြင်း

လှိုင်ကော်မြို့၊ ဒေါနိုးကူးရပ်ကွက်၊ အမှတ် ဒ/၁၈၀ နေ ဒေါ်လေးလေးသန်း ၂/လကန(နိုင်)၀၁၁၄၁၃ ၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် ကြေညာအပ်သည်မှာ-

လှိုင်ကော်မြို့၊ ဒေါနိုးကူးရပ်ကွက်၊ မနော်ဟရီလမ်း၊ အမှတ်-ဒ/၁၈၀၊ အလျားပေ ၁၀၀ ၊ အနံပေ ၉၀ ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို တရားဝင်ပိုင်ဆိုင်ခွင့်ရှိသူ ဒေါ်လေးလေးသန်းနှင့် ညီအစ်ကိုမောင်နှမတို့က ဦးသိန်းမြင့် ၂/ဖဆန(နိုင်)၀၀၂၇၂၈ သို့ လွှဲပြောင်းရောင်းချပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်ပြုလုပ်သည့်ပစ္စည်းအား ဝယ်ယူသူ ဦးသိန်းမြင့်အမည်ပေါက်လုပ်ငန်းဆောင်ရွက်ခြင်းကို ဆက်လက်ပြုလုပ်သွားမည်ဖြစ်ပါသဖြင့် ယင်းပစ္စည်းနှင့်စပ်လျဉ်းပြီး ကန့်ကွက်အရေးဆိုလိုပါက ခိုင်လုံသော စာရွက်စာတမ်းများနှင့်အတူ ဤကြော်ငြာချက်ပါရှိသည့်ရက်မှ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ ကန့်ကွက်အရေးဆိုနိုင်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးထူးရှိန်(စဥ်-၃၅၂၃၄)
(အထက်တန်းရှေ့နေ)
မင်း/၂၅၈၊ မြို့ပတ်လမ်း
မင်းစုရပ်ကွက်၊ လှိုင်ကော်မြို့

ကားရောင်းမည်

- SURF ,SSR-X-Limited, 96 အလုံးချိန်း၊ RTA , အနက်၊ ၁ဂ/-- (၁၇၅ သိန်း)
- FIT GE.6,2008,OR-TV.ယာယီ (၁၇၇ သိန်း)

ဖုန်း- ၅၇၃၈၈၂၊ ၀၉-၅၁၀၀၈၆၇

ဖခင်အမည်မှန်

ကွတ်ခိုင်မြို့၊ မြို့မ အထက(ခွဲ) ပဥ္စမတန်း(B)မှ မယွန်းအောင်၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုစာရင်း/ မှတ်ပုံတင်အရ ဦးဘရန်အောင် ဖြစ်ပါသည်။

ဦးဘရန်အောင်

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

အင်းစိန်မြို့နယ်၊ မြေတိုင်းရပ်ကွက်-မြို့သစ်(က)၊မြေကွက်အမှတ် ၇၁၊ မြေကွက်တည်နေရာအမှတ် ၇၁၊ မြို့သစ်(က)၊ အင်းစိန် ဒေါ်ခင်တင့် အမည်ပေါက် နှစ် ၆၀ဂရန်မြေအားအမည်ပေါက် ဒေါ်ခင်တင့် (ကွယ်လွန်)၊ ခင်ပွန်းဖြစ်သူ ဦးမြသန်း(ကွယ်လွန်)သဖြင့်(၁)ဒေါ်ခင်လှဖော် ၁၂/အစန(နိုင်) ၀၃၉၇၃၉၊(၂)ဒေါ်ခင်ခင်ဌေး ၁၂/အစန(နိုင်) ၀၃၅၅၉၅၊(၃)ဒေါ်အေးအေးသန်း ၁၂/အစန (နိုင်)၀၃၈၄၁၅၊(၄)ဒေါ်ခင်စန်းဝင်း ၁၂/အစန (နိုင်)၀၃၈၄၀၉၊ (၅)ဒေါ်ခင်သန်းနွယ် ၁၂/အစန (နိုင်)၀၃၈၄၁၈၊ (၆)ဦးထွန်းအောင်ကျော် ၁၂/အစန(နိုင်)၀၃၈၄၂၆တို့က သားသမီးများတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန

ကန့်ကွက်ရန်ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့နယ်၊ ဖလမ်းကွက်သစ်၊ မြေကွက်အမှတ် ၃၈၃ အမည်ပေါက်ဦးလှအောင်၏ မြေကွက်ကို လက်ရှိဝယ်ယူပိုင်ဆိုင်သူ ဦးကျော်မြင့် ၁/မကန(နိုင်)၁၀၆၉၁၅က မြေကွက်စလစ်(မူရင်း)တင်ပြ၍ မြေပါမစ်ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်ရန်ရှိပါက ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း အထောက်အထားမူရင်းများ တင်ပြ၍ ကန့်ကွက်လွှာတင်သွင်းနိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိကန့်ကွက်ခြင်းမရှိပါကမြေပါမစ်ထုတ်ပေးရန်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

မြေယာရုံးခွဲ(၂)၊မြေနှင့်အခွန်ဌာနခွဲ
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

ကန့်ကွက်ရန်ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့နယ်၊ မြိုင်သာယာကွက်သစ်၊ မြေကွက်အမှတ် ၃၈၆ အမည်ပေါက် ဒေါ်မြင့်သန်း KTN -၀၈၂၈၂၈၏ မြေကွက်ကို လက်ရှိဝယ်ယူပိုင်ဆိုင်သူ ဦးသန်းထွန်း ၁၂/လသန(နိုင်)၀၇၀၈၆၁က ငွေသွင်းချလန်(မူရင်း) တင်ပြပြီး မြေကွက်စလစ်(မူရင်း)ပျောက်ဆုံးသွားပါ၍ မြေပါမစ်ထုတ်ပေးပါရန် လျှောက်ထားလာသဖြင့်ကန့်ကွက်ရန်ရှိပါကကြော်ငြာပါသည့်ရက်မှစ၍၁၄ရက်အတွင်း အထောက်အထားမူရင်းများတင်ပြ၍ ကန့်ကွက်လွှာတင်သွင်းနိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေပါမစ်ထုတ်ပေးရန် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းအသိပေးကြေညာအပ်ပါသည်။**မြေယာရုံးခွဲ(၂)၊မြေနှင့်အခွန်ဌာနခွဲ**
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

ကြော်ငြာ

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၁၃၇၅ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၃ ရက် (အဖိတ်နေ့)
၁၀-၃-၂၀၁၄ (တနင်္လာနေ့)

နံနက်ပိုင်း
- ၇း၀၀ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ပရိတ်တရားတော်
- ၇း၃၀ နံနက်ခင်းသတင်း
- ၇း၄၀ International News
- ၈း၀၀ SEA Games (Go for Gold) (ဘီလီယက်)
- ၈း၅၀ စည်းကမ်းလိုက်နာဘေးကင်းမှာ

နေ့လယ်ပိုင်း
- ၁၁း၀၀ စစ်သည်တေး
- ၁၁း၂၀ တစ်ပတ်အတွင်း နိုင်ငံတကာသတင်းစဉ်
- ၁၁း၃၀ International News
- ၁၁း၃၅ မြန်မာဗီဒီယိုဇာတ်လမ်း **မေမေ့လပြည့်ဝန်း** စွမ်း၊ ထွန်းထွန်းဝင်း၊ ထွန်းအိန္ဒြာဗို၊ ချစ်စနိုးဦး (ဒါရိုက်တာ-ဇမ္ဗူထွန်းသက်လွင်)
- ၁၃း၂၀ မင်းဘူးကရွှေစက်တော်ဖူးကြစို့ တူပျော်ပျော်
- ၁၄း၀၀ လူမှန်နေရာမှန် (အပိုင်း-၂)

ညပိုင်း
- ၄း၀၀ ရုပ်မြင်သံကြားအဖွင့်တေး
- ၄း၃၀ ၂၀၁၃ခုနှစ် တက္ကသိုလ်ဝင်စားမေးပွဲ အထောက်အကူပြု ဘာသာရပ်ဆိုင်ရာ သင်ခန်းစာ (သမိုင်းဘာသာရပ်)
- ၅း၀၅ Road to 27th SEA GAMES (ကြက်တောင်)
- ၆း၀၀ ညနေခင်းသတင်း
- ၆း၁၅ မိုးလေဝသအခြေအနေ
- ၆း၄၅ နိုင်ငံခြားဇာတ်လမ်းတွဲ **ရင်ဆိုင်မယ်နေ့ရက်များ** (ဒုတိယတွဲ) (အပိုင်း-၂၉)
- ၈း၀၀ ပြည်တွင်းသတင်း
  - နိုင်ငံတကာသတင်းများ
  - မိုးလေဝသအခြေအနေ
  - **တစ်မျက်နှာ၊ တစ်ကွက်စာ ထိုက်သူစံ** စွမ်းရည်၊ ကောင်းဆက်ထူး၊ မရီနာ **ဒါရိုက်တာ-မေတင်(MMG)**
- ၁၀း၀၀ ပြည်တွင်းသတင်း

ပြည်သူလူထုထံအသိပေးအကြောင်းကြားခြင်း

၁။ မွေးရာပါနိုင်ငံသားများအတွက် မိုးပွင့်စီမံချက်များဖြင့် နိုင်ငံသားစိစစ်ရေးကတ်များအား ဖြေလျှော့ခြင်းများပြုလုပ်၍ နိုင်ငံတစ်ဝန်း ကွင်းဆင်းဆောင်ရွက်ပေးနေပါသည်။

၂။ (၁-၇-၂၀၁၁)မှစ၍(၁၅-၁-၂၀၁၃) နေ့အထိ နိုင်ငံသားစိစစ်ရေးကတ်ပေါင်း (၃၀၇၉၀၉၄)ထုတ်ပေးပြီး ဖြစ်ပါသည်။

၃။ မိုးပွင့်အဆင့်(၅)အား (၁-၄-၂၀၁၃)တွင် ပြန်လည်စတင်မည်ဖြစ်ပြီး (၂)လကွင်းဆင်း၊ (၂)လ မြို့နယ်ရုံး တွင် ဆောင်ရွက်ပေးမည့်စနစ်ဖြင့် စဉ်ဆက်မပြတ်ဆောင်ရွက်သွားပါမည်။

၄။ သွေးနှောပြည်သူများအတွက် အခြေခံမှတ်တမ်းများဖြင့် တိုက်ဆိုင်စိစစ်ရန်လိုအပ်ချက်အရ မြို့နယ်ရုံးများတွင်သာ ဆောင်ရွက်ပေးနေပါသည်။

၅။ နိုင်ငံသားစိစစ်ရေးကတ်အတွက် အများဆုံး ၂၈ ရက်ကတ်အသစ်ပြုလုပ်မှု ၆ကျပ်၊ လဲလှယ်မှု ၃ ကျပ်၊ မိတ္တူပြုလုပ်မှု ၁၀ ကျပ်နှင့် အိမ်ထောင်စုလူဦးရေစာရင်း **(နေ့ချင်းပြီးအခမဲ့)** ဆောင်ရွက်ပေးနေပါသည်။

၆။ ပြည်သူများဘက်မှလိုအပ်ချက်မှာ ဓာတ်ပုံ (၃)ပုံ၊ သွေးစစ်ချက်၊ အိမ်ထောင်စုစာရင်းမိတ္တူ၊ မိဘနှစ်ပါး၏ ကိုင်ဆောင်လက်မှတ်မိတ္တူ၊ ရဲစခန်းနှင့် ရပ်ကွက်/ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးထောက်ခံချက်တို့ ဖြစ်ပြီး ၎င်းတို့အတွက် ကုန်ကျစရိတ်များသည် ဌာနသို့ပေးသွင်းရခြင်းမဟုတ်ဘဲ ပြင်ပသို့ပေးချေရသည့် ကုန်ကျစရိတ်များသာဖြစ်၍ ရောထွေးမမှတ်ယူစေလိုပါ။

၇။ နိုင်ငံတကာအလှူရှင်များ၏ ပူးပေါင်းကူညီမှုဖြင့် (၁၁-၆-၂၀၁၂) နေ့မှစ၍ ကရင်ပြည်နယ်တစ်ခုလုံး အတွက် ကိုယ်စီလိုအပ်ချက်အပါအဝင် ကတ်ပြားထုတ်ပေးပြီးသည်အထိ One Stop Service ဖြင့် **(အခမဲ့)** ကွင်းဆင်းဆောင်ရွက်ပေးနေပါသည်။

၈။ ၂၀၁၃ ခုနှစ် မတ်လ ၁ ရက်နေ့မှစ၍ နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုဖြင့် ကယားပြည်နယ်(၈)မြို့နယ်၊ တနင်္သာရီတိုင်းဒေသကြီး (၁၀) မြို့နယ်၊ ပဲခူးတိုင်းဒေသကြီး (ကျောက်ကြီးမြို့နယ်၊ MPSI စီမံကိန်းနယ်မြေ) ပအိုးဝ်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ (၃)မြို့နယ်နှင့် မြို့နယ်ခွဲ (၂) ခု၊ မွန်ပြည်နယ် (၇) မြို့နယ်တို့တွင်လည်း One Stop Service ဖြင့် အခမဲ့ ကွင်းဆင်းဆောင်ရွက်ပေးသွားပါမည်။

၉။ ကြားပွဲစားလုံးဝမလို (မလိုပါ)။ ဝိုင်းဝန်းသတင်းပေးဖော်ထုတ်ပေးစေလိုပါသည်။

၁၀။ အသေးစိတ်သိရှိလိုပါက သက်ဆိုင်ရာမြို့နယ်ရုံးများတွင် စုံစမ်းမေးမြန်းနိုင်ပါသည်။

၁၁။ ကျေနပ်မှုမရှိက နေပြည်တော်ဦးစီး (ရုံးချုပ်)သို့ လူကိုယ်တိုင်ဖြစ်စေ၊ပြန်လည်ရှင်းလင်းပေးနိုင်ရန် တိုင်ကြားသူ၏ လိပ်စာအပြည့်အစုံဖြင့် ဖုန်းနံပါတ် ၀၆၇-၄၃၁၀၁၆ နှင့် ၀၆၇-၄၃၁၀၄၄ သို့ဖြစ်စေ တိုက်ရိုက်တိုင်ကြားနိုင်ပါသည်။ အကြံပြုချက်များကိုလည်း လေးစားစွာ လက်ခံပါမည်။

၁၂။ နိုင်ငံသားဖြစ်မှုသည် နိုင်ငံတော်အချုပ်အခြာအာဏာ၏ အစိတ်အပိုင်းတစ်ရပ်ဖြစ်ပါသည်။ သို့ပါ၍ အချက်အလက်မပြည့်စုံပါက လိုအပ်သည့်အချိန်ရယူရပါကြောင်း ကြိုတင်အသိပေးအပ်ပါသည်။

လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန
လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

ဒေါ်ခင်လှ (ချောင်းဆုံမြို့၊ မူနိုင်းရွာ)

အသက်(၈၃)နှစ်

ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ ၃၇လမ်း၊ အမှတ် ၂၁၄၊ ဒုတိယထပ်(ဝဲ)ခန်းနေ (ဦးကျော်လှိုင်-ဒေါ်အုန်းငွေ)တို့၏သမီး၊ (ဦးစံရွှေ)၏ဇနီး၊ ဒုတိယဗိုလ်မှူးကြီးခင်မောင်ကျော်(လေ-ငြိမ်း)Air KBZ Ltd.-ဒေါ်ခင်အေးမြင့်၊ ဦးစန်းမြင့်ဦး(ဦးဆောင်ညွှန်ကြားရေးမှူး၊ ကပရ)-ဒေါ်ခင်မြဝင်း(လ/ထညွှန်မှူး၊ ငြိမ်း၊ ထွေ/အုပ်)-(ဦးမင်းစိုး)၊ ဒေါက်တာတင်ဖြူဝင်း၊ ဒေါ်အေးအေးမော်(ကထိက၊ အင်္ဂလိပ်စာဌာန၊ တောင်ငူတက္ကသိုလ်)၊ (ဗိုလ်မှူးသောင်းနိုင်)တို့၏မိခင်၊ ဗိုလ်ကြီးကျော်ထက်လင်း(နမခ)၊ မောင်မြတ်ထွဋ်လင်း(ခေတ္တ-ဖိလစ်ပိုင်)၊ ဒေါက်တာကောင်းမြတ်၊ မောင်ဘုန်းပြည့်ကျော်(ဆေးတက္ကသိုလ်-၁)တို့၏အဘွားသည် ၉-၃-၂၀၁၄ရက် (စနေနေ့) နံနက် ၈း၂၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၁-၃-၂၀၁၄ရက် (တနင်္လာနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၁၅-၃-၂၀၁၄ရက်(သောကြာနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဦးကျော်ငွေးဝင်း

အသက်(၇၆)နှစ်

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ တာချီလိတ်မြို့၊ တာလေမြို့နယ်၊ မိုင်းလင်းကျေးရွာနေ (ဦးကျော်ဝင်း-ဒေါ်နုခင်)၊ ဦးနန်ထမ်းရှန်-(ဒေါ်နန်းပန်)တို့၏သားသမက်၊ ဒေါ်နန်းခမ်းဖေ၏ခင်ပွန်း၊ ဦးကျော်ခင်ဝင်း-ဒေါ်ရှယ်ရိလ်ဝင်း၊ (ဦးမောင်ကြီး)-ဒေါ်ခင်ညွန့်၊ (ဦးစံသိန်း-ဒေါ်သန်းစိန်)၊ ဦးမောင်အေး-(ဒေါ်လှဝင်း)၊ ဦးလုံးတစ်-ဒေါ်ပန်အန်တစ်တို့၏ညီ/မောင်၊ (ဦးသိန်းအေး)-ဒေါ်လီလီဒီး၊ ဒေါ်မြမြဝင်း၊ ဦးဆမ်နွဲ့-ဒေါ်နန်းကမ်၊ (ဦးဟိုက်မှုတ်)-ဒေါ်နန်းကောင်ခမ်း၊ ဦးစိုင်းကောင်-ဒေါ်နန်းမွေး၊ ဦးစိုင်းလုံ-ဒေါ်နန်းပိုးကျန်တို့၏အစ်ကို၊ ဦးဝင်းမော်-ဒေါ်နော်အေးမွန်း၊ ဦးစောအေးထွန်း-ဒေါ်နန်းခမ်းလျှန်း၊ ဦးစောအေးသန်း-ဒေါ်နန်းခမ်း၊ Chen Min.SHENG-ဒေါ်နော်ဝင်းမာ၊ ဒေါ်နော်သီတာဝင်း(အထက်တန်းသူနာပြု၊ ရန်ကင်းကလေးဆေးရုံ)တို့၏ဖခင်၊ မြေးရှစ်ယောက်တို့၏အဘိုးသည် ၈-၃-၂၀၁၄ရက် နံနက် ၁၀း၂၀နာရီတွင် အမှတ် ၁၇၈၊ ရတနာမဥ္ဇူလမ်း၊ ဆ/ကရပ်ကွက်၊ သဃ်ာန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့နေအိမ်၌ ကွယ်လွန်သွားပါ၍ ၁၀-၃-၂၀၁၄ရက် နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

ဝမ်းနည်းကြေကွဲခြင်း

ဦးဆွေတင် (ခရမ်း)

B.Econ (Eco)

(၁၉၇၄-၇၈) ရန်ကုန်စီးပွားရေးတက္ကသိုလ်

အသက်(၅၈)နှစ်

သူငယ်ချင်း ကိုဆွေတင် ၆-၃-၂၀၁၄ရက် ည ၇း၄၅နာရီတွင် ကွယ်လွန်ကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ရွှေဘိုဆောင်မှ ချစ်သူငယ်ချင်းများ
(၁၉၇၄-၇၈)

ရဟန်း၊ ကျောင်း ဒါယိကာမကြီး

ဒေါ်ကြွယ်

အသက်(၇၉)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၁၂)ရပ်ကွက်၊ ဗညားဦး ၂ လမ်း၊ အိမ်အမှတ် ၃၄၈၊ အမှတ် ၅၆၊ ဩဘာလမ်း(လေးလွှာ)နေ ဦးကျော်စိန်-ဒေါ်စိန်ရင်တို့၏သမီး၊ ဒေါ်အေးအေးမြင့်၊ ဒေါ်ကြည်ကြည်မြင့်(အမက-၆၊တာမွေ)၊ ဒေါ်ရီရီမြင့်၊ ဦးထွန်းထွန်းဦး (ခေတ္တ-စင်ကာပူ)၊ ဒေါ်အေးအေးရီ(ဖြည့်တင်းရေး၊ ပြည်တွင်း၊ ဆည်မြောင်း)-ဦးမြင့်သန်းထွန်း၊ ဦးသက်နိုင်-ဒေါ်မေမြတ်သူ (အထက-၂၊ ဒဂုံမြောက်)တို့၏မိခင်၊ ဦးကြင်၏ဇနီး၊ မဖူးပွင့်ပြည့်စုံ၊ မကြော့မှူးခင်၊ မောင်ပြေညီသစ်တို့၏အဘွားသည် ၈-၃-၂၀၁၄ရက် ည ၈း၅၅နာရီတွင် ကွယ်လွန်သွားပါ၍ ၁၂-၃-၂၀၁၄ ရက် နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ရဟန်း၊သိမ်၊ကျောင်းဒါယကာကြီး

ဒုရဲမှူး သိမ်းကိုလေး

(ရဲသူရိန်)(ငြိမ်း)

ဖောင်ကြီးအပတ်စဉ်(၃)

အသက်(၇၀)

ကသာမြို့နေ(ဦးလှဘော်-ဒေါ်စိန်စိန်)တို့၏တစ်ဦးတည်းသောသား၊ ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်နေ (ဦးမြမောင် - ဒေါ်အမာ)တို့၏သားသမက်၊ ရန်ကုန်မြို့၊ အမှတ် ၆၀၊ ခနသိဒ္ဓိလမ်း၊ ဖော့ကန်၊ အင်းစိန်မြို့နယ်နေ ဒေါ်စမ်းစမ်းဝင်း၏ခင်ပွန်း၊ ဒုရဲမှူးစုဝင်းသိန်း (မှူးယစ်ဗဟိုရုံး၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဌာနချုပ်၊ နေပြည်တော်)၊ မအိဝင်းသိန်း၊ မသဥ္ဇာဝင်းသိန်း၊ ကိုကျော်သီဟ(အောင်သိန်းသန်းကုမ္ပဏီ)၊ ဗိုလ်ကြီးမျိုးဝင်းထွန်း-မဇင်မာဝင်းသိန်း၊ ကိုသိမ်းဝင်းဆွေတို့၏ဖခင်၊ မဖူးသစ်ဝင်းထွန်းတို့၏အဘိုးသည် ၈-၃-၂၀၁၄ရက်(သောကြာနေ့) နံနက် ၁၁း၃၀နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါ၍ ၁၀-၃-၂၀၁၄ရက် (တနင်္လာနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း။ (ဖော့ကန် အင်းစိန်မြို့နယ်နေအိမ်မှကားများ နံနက် ၁၀း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

သတိပေးနှိုးဆော်ချက်

ယာဉ်မတော်တဆ ဖြစ်ပွားမှုများအား လေ့လာရာတွင် ယာဉ်မောင်းသူတို့၏ ပေါ့ဆမှုတို့ကြောင့် ဖြစ်ပွားသကဲ့သို့ လမ်းအသုံးပြုသူ(ခြေကျင်သွားလာသူ)များ၏ စည်းကမ်းမလိုက်နာမှုများကြောင့်လည်း ဖြစ်ပွားခဲ့သည်ကို တွေ့ရှိရပါသည်။

လမ်းဆုံ၊ မီးပွိုင့်နှင့် လူကူးမျဉ်းကျားတို့တွင် ယာဉ်များအတွက် မီးစိမ်းထားချိန်တွင် လမ်းသွားလမ်းလာများအနေဖြင့် လမ်းဖြတ်ကူးခြင်း မပြုဘဲ စောင့်ဆိုင်းရန်နှင့် ယာဉ်များမှလည်း လမ်းဆုံ၊ မီးပွိုင့်နှင့် လူကူးမျဉ်းကျားတို့တွင် အရှိန်လျှော့မောင်းနှင်ရန် လိုအပ်ပါသည်။

လမ်းအသုံးပြုသူ (ခြေကျင်သွားလာသူ)များအနေဖြင့်လည်း လူကူးမျဉ်းကျားမှသာ အချက်ပြထိန်းသိမ်းမှုအတိုင်း စနစ်တကျ လမ်းဖြတ်ကူးကြရန်နှင့် အချက်ပြ ထိန်းသိမ်းမှုမရှိသောနေရာများမှ လမ်းကူးပါက **"ဘယ်ကြည့်၊ ညာကြည့်၊ ဘယ်ပြန်ကြည့်၊ ညာပြန်ကြည့် လမ်းရှင်းမှကူး"** စနစ်ဖြင့် သွားလာကြပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

ယာဉ်စည်းကမ်းထိန်းသိမ်းရေး
ကြီးကြပ်မှုကော်မတီ

ဦးရိုးတင့်

(တွင်းစားရိုး၊ ရေနံချောင်း)

အထက(၂)

ပထမကျောင်းအုပ်ကြီး(ငြိမ်း)

အသက်(၈၈)နှစ်

ရေနံချောင်းမြို့နေ (ရေနံတွင်းစားရိုး ဦးရိုးကွန့် - ရေနံတွင်းစားရိုး ဒေါ်ခင်မကြီး)တို့၏သားကြီး၊ (အရေးပိုင် ရေနံတွင်းစား ဦးဘသင်-ရေနံတွင်းစားဒေါ်မမကြီး)တို့၏သားသမက်၊ (ရေနံတွင်းစား ဒေါ်ခင်နွဲ့လှိုင်)၏ ခင်ပွန်းသည် ၈-၃-၂၀၁၄ရက် နံနက် ၁၁း၂၀နာရီတွင် အမှတ် ၆၁/၁၂၊ ဘုရင့်နောင် ၃လမ်း၊ (၂)ရပ်ကွက်၊ လှိုင်မြို့နယ် နေအိမ်၌ ကွယ်လွန်သွားပါ၍ ၁၀-၃-၂၀၁၄ရက် (တနင်္လာနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းနှင့် တပည့်ဟောင်းများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ခွာပါမည်။)

ရေနံချောင်း အထက(၂)
ကျောင်းသားကျောင်းသူဟောင်းများ

ဘုရား၊ သိမ်၊ ကျောင်း၊ ဇရပ် ဒါယိကာမကြီး

ဒေါ်ကျင်ရွှေ (မုဒုံ)

အသက်(၈၈)နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ရှင်စောပုရပ်ကွက်၊ရှင်စောပုဘုရားလမ်း၊ အမှတ် ၂၁နေ (ဦးလှဖေ-ဒေါ်သန်းတင်)တို့၏ချွေးမ၊ (ဦးကိုကိုအောင်)၏ဇနီး၊ မုဒုံမြို့နယ်၊ ဘလောက်၊ ညောင်ပိုင်းရွာ (ဦးချို-ဒေါ်အုံးဖြူ)တို့၏သမီး၊ ဗိုလ်မှူးစိုးသိန်း(ငြိမ်း)၊ ဦးမျိုးမြင့်-ဒေါ်ခင်သိန်းကြည်တို့၏မရီး၊ ဦးခင်မောင်ကို-(ဘောလုံးအကယ်ဒမီသင်တန်းကျောင်း၊ မန္တလေး)-ဒေါ်စုစုရီ၊ ဦးမြင့်သူ-ဒေါ်မာမာမြင့်၊ ဦးမြကြိုင်-ဒေါ်မြင့်မြင့်စိန်၊ ဦးချစ်ကိုကို-ဒေါ်တင်ငွေးဝင်း၊(ဦးကိုကိုထွေး)-ဒေါ်မိုးမိုးခိုင်၊ဦးဝင်းမောင်(တပ်/ဆေးဝါး၊ မော်ဘီ)-ဒေါ်ခင်လှမွန်၊ ဒေါ်ခင်မြတ်မွန်(လယ်/ပြ၊အမက-၁၇၊ လှိုင်သာယာ)၊ ဦးဂျော်နီ (နိုဝင်ဘာဟိုတယ်၊ ညောင်ရွှေ)-ဒေါ်မြတ်မွန်၊ (ဦးစိုးနိုင်)-ဒေါ်ခင်လေးမွန် (လယ်/ပြ၊ အမက-၂၊ မူလွန်၊ လှိုင်)၊ ဒေါ်ခင်ထွေးမွန်(ဆောက်လုပ်ရေး)၊ ဒေါ်စန္ဒာမွန်၊ ဦးယဉ်ထွေး၊ ဒေါ်ခင်လေးငယ် (ကြီးကြပ်ရေးမှူး၊ စီ/ခန့် စက်မှုဝန်ကြီးဌာန၊ နေပြည်တော်)တို့၏မိခင်၊ မြေး ၂၅ယောက်၊ မြစ်ကိုးယောက်တို့၏အဘွားသည် ၉-၃-၂၀၁၄ ရက် နံနက် ၁၀း၀၅နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါ၍ ၁၁-၃-၂၀၁၄ရက် နံနက် ၁၁နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉း၃၀ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး

ဒေါ်မြသိန်း

အသက်(၇၅)နှစ်

ဧရာဝတီတိုင်းဒေသကြီး၊ ဝါးခယ်မမြို့၊ ပါးရိုက်သောင်တန်းကျေးရွာနေ (ဦးဘသိန်း - ဒေါ်ပန်လန်)တို့၏သမီး၊ (ဦးလှစိန်-ဒေါ်မေရီ)တို့၏မွေးစားသမီး၊ ဒေါ်မြငြိမ်း၏ညီမ၊ ဒေါ်တင်မိုးဆွေ၊ ဦးမောင်မြဝင်းတို့၏အစ်မ၊ဒေါ်ခင်ရွှေ၏အဒေါ်၊ဦးကိုကိုအောင်-ဒေါ်ခင်ငွေးငြိမ်း၊ ဦးကိုကိုသူ-ဒေါ်ခင်ခင်ရီ၊ မမျိုးမမင်းတို့၏မိခင်၊ မောင်သက်ထွန်းအောင်-မယမင်းဦး၊ မောင်ဝိုင်းချစ်တို့၏အဘွားသည် ၈-၃-၂၀၁၄ရက် (သောကြာနေ့) နံနက် ၂နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၀-၃-၂၀၁၄ရက် (တနင်္လာနေ့)မွန်းလွဲ ၂း၃၀ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအားအသိပေးအကြောင်းကြားအပ်ပါသည်။ [တိုက် ၁၂၉၊ အခန်း ၆၊(၄)ရပ်ကွက်၊ရန်ကင်းမြို့နယ်နေအိမ်မှကားများ မွန်းလွဲ ၁း၄၅နာရီတွင် ထွက်ခွာပါမည်။]

ကျန်ရစ်သူမိသားစု

ဘဝနတ်ထံပျံလွန်တော်မူခြင်း

ဘဒ္ဒန္တဉာဏဝံသ

ရှင်သာမဏေအကျော်၊ ဝိနယဝိသာရဒအကျော်၊ သာသနဓဇဓမ္မာစရိယ၊ ဝိနယာဓိကသီရိပဝရ ဓမ္မာစရိယ၊ သာသနဓဇသီရိပဝရ ဓမ္မာစရိယ၊ ဗုဒ္ဓသာသန ဝိသိဋ္ဌ ဒီဃဘာဏက၊ ဒီဃနိကာယဘာဏက ဂမ္ဘီရဉာဏ၊ ဗုဒ္ဓသာသနဒီဃနိကာယ ကောဝိဒ၊ ရွှေကျင်ဂိုဏ်းလုံးဝန်ဆောင်

နာယကဆရာတော်

သက်တော်(၈၁)နှစ်၊ သိက္ခာတော်(၆၁)ဝါ

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (၂)ရပ်ကွက်၊ ပဏ္ဍိစ္စာရာမပရိယတ္တိကျောင်းတိုက်၏ ရတ္တညူမဟာနာယက၊ ရန်ကင်းမြို့နယ်၊ ကျောက်ကုန်းတောရမေဒိနီကျောင်းတိုက်၏ နာယကဆရာတော်သည် ကရင်ပြည်နယ်၊ ကော့ကရိတ်မြို့နယ်၊ နဘူးကျေးရွာ အောင်သိဒ္ဓိကျောင်း၌ (၁၃၇၅ခုနှစ် တပို့တွဲလပြည့်ကျော် ၁၂ရက်) ၉-၃-၂၀၁၄ရက် (စနေနေ့) ညနေ ၄း၄၁နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် တပည့်သံဃာ၊ ဒါယကာ၊ ဒါယိကာမများအား သိစေအပ်ပါသည်။ (အန္တိမအဂ္ဂိစျာပနရက်ကို ထပ်မံကြေညာပါမည်။)

ပဏ္ဍိစ္စာရာမပရိယတ္တိကျောင်းတိုက် သံဃာတော်များ

ခရစ်တော်၌အိပ်ပျော်ခြင်း

ဆရာမကြီး ဒေါ်ဟန်အေး

ပါမောက္ခ(ငြိမ်း)၊ ပညာရေးတက္ကသိုလ်

အသက်(၇၂)နှစ်

အမှတ် ၆၀၊ ဗားကရာလမ်း၊ ကြည့်မြင်တိုင်မြို့နယ်နေ (ဒေါက်တာဦးဘမောင်-ဒေါ်သုံး)တို့၏သမီး၊(Victor)၊ ဦးတင်ထွန်းမောင်-ဒေါ်မြသန်း၊ (Leslie)၊ (ဦးဂျိုဘမောင်)-ဒေါ်ခင်ခင်စိန်၊ ဒေါ်တင်အေး၊ Ronnie တို့၏ညီမ၊ Robert၊ (ဦးတင်မောင်အေး)-ဒေါ်မေလေးဆွေတို့၏အစ်မ၊ တူ၊တူမ၁၄ယောက်တို့၏အဒေါ်သည် ၉-၃-၂၀၁၄ရက် နံနက် ၂နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၁၀-၃-၂၀၁၄ရက် (တနင်္လာနေ့) ညနေ ၃နာရီတွင် ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံဘုရားကျောင်း၌ ဝတ်ပြုဆုတောင်းပြီး ဂူသွင်းသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဦးသက်နိုင်ကျော်(ခ)ဦးတိုနီ

B.Com

အသက်(၅၄)နှစ်

ရန်ကုန်မြို့၊ သာယာဝတီလမ်းသွယ်နေ (ဦးမြစ်ကျော်-ဒေါ်သောင်း)တို့၏သား၊ ဒေါ်ဒေါ်သန်း၏တူ၊ ဦးသန်းထွန်းအောင်-ဒေါ်တင်တင်နွယ်၊ ဒေါ်အေးအေးလှ၊ ဒေါ်ညွန့်ညွန့်တင်၊ ဒေါ်ကြူကြူမေတို့၏မောင်၊ ဦးချိုမောင်- ဒေါက်တာကြည်ကြည်ဝေတို့၏အစ်ကို၊ ဒေါက်တာခိုင်အောင်ထွန်း-မနန်းနွမ်ဆိုင်၊ ဟိန်းထက်ဇော်၊ ထက်သုတလင်းတို့၏ဦးလေးသည် ၈-၃-၂၀၁၄ရက် ည ၇း၃၀နာရီတွင် ကွယ်လွန်သွားပါ၍ ၉-၃-၂၀၁၄ရက်တွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။

ကွယ်လွန်သူအားရည်စူး၍ ၁၄-၃-၂၀၁၄ရက် (ကြာသပတေးနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ(၁၅-A)၊ ဥတ္တလစ်လမ်းနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူခြင်း

ဆရာကြီး ဟဇရသ်ဆယဒ် အလီကာကာ

နာယကကြီး

အိဆ္ဆလာဟုလ်မုစ်လိမီးန်၊ ဓမ္မရိပ်သာ

အသက်(၉၁)နှစ်

ဆရာကြီးသည် ၇-၃-၂၀၁၄ရက် (ကြာသပတေးနေ့) ည ၇း၅၅နာရီတွင် အလ္လာဟ်သျှင်မြတ်အမိန့်တော် ခံယူသွားပါ၍ ၈-၃-၂၀၁၄ရက် (သောကြာနေ့) ဂျုမုအဟ်ဆွလာသ်အပြီး အမှတ် ၄၂၊ မပိုလမ်းနှင့်သုခလမ်းထောင့်၊မြေနီကုန်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့ ဓမ္မရိပ်သာမှ မွတ်စလင်မ်ဥယျာဉ်တော်သို့ ပို့ဆောင်ဒါဖနာပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစုနှင့်အဖွဲ့သားများ

ဒေါ်စန်းမြင့်

အသက်(၆၃)နှစ်

ဧရာဝတီတိုင်းဒေသကြီး၊ ကျုံပျော်မြို့နယ်၊ သရက်သုံးပင်ကျေးရွာနေ (ဦးမောင်စိန်-ဒေါ်အေးတင်)တို့၏သမီး၊ မောင်မျိုးဝင်း၏မိခင်သည် ၉-၃-၂၀၁၄ ရက် (စနေနေ့) နံနက် ၁၀း၅၀နာရီတွင် ကွယ်လွန်သွားပါ၍ ၁၁-၃-၂၀၁၄ရက် (တနင်္လာနေ့)နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။[အမှတ် ၆၀/က၊ ဝေဇယန္တာလမ်း၊ (၃)ရပ်ကွက်၊ ၅လမ်း၊ တောင်ဥက္ကလာပမြို့နယ်နေအိမ်မှကားများနံနက် ၉း၃၀နာရီတွင် ထွက်ခွာပါမည်။]

ကျန်ရစ်သူမိသားစု

ဒေါ်အေးရီ (ပုလော)

ကြီးကြပ်ရေးမှူး၊ ဆသရ(ငြိမ်း)

အသက်(၇၀)

ပုလောမြို့နေ (ဦးအောင်လှ-ဒေါ်စိန်)တို့၏သမီး၊ မြိတ်မြို့နေ (ဦးလူခိုင်-ဒေါ်ယွေ)တို့၏ချွေးမ၊ ရန်ကုန်မြို့၊ ရွှေပေါက်ကံမြို့သစ်၊ (၁၃)ရပ်ကွက်၊ (၂၃၊ခ) သာစည်လမ်းနေ ဦးမြင့်ဆွေ (စာရင်းစစ်မှူး၊ ငြိမ်း)၏ဇနီး၊ ဦးညီဝင်း၊ ဒေါ်ကြည်မာဆွေ(လ/ထကထိက၊သင်္ချာဌာန၊ ဒဂုံတက္ကသိုလ်)၊မဝင်းမာဆွေတို့၏မိခင်သည် ၉-၃-၂၀၁၄ရက် (စနေနေ့) နံနက် ၁၀း၃၀နာရီတွင် ကွယ်လွန်သွားပါ၍ ၁၁-၃-၂၀၁၄ရက် (တနင်္လာနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ရဟန်း၊ ကျောင်း ဒါယိကာမ

ဒေါ်လုံး

အသက်(၅၄)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ အမှတ် ၂၄၊ ဗဟိုလမ်း၊ သမ္မတရုံး (မော်တော်ယာဉ်ဝင်း)နေ (ဦးသန်းမောင်)-ဒေါ်ပိန်သေးတို့၏သမီး၊ ဦးဝင်းရှိန်(သမ္မတရုံး၊ မော်တော်ယာဉ်ဌာန)၏ဇနီး၊(ဦးသိန်းမောင်)-ဒေါ်သန်းသန်းချစ်တို့၏ညီမ၊ ဦးတင်ဆင့်-ဒေါ်ညွန့်၊ ဒေါ်သန်းသန်းနု၊ ဦးချစ်တင်တို့၏အစ်မ၊ မောင်စိုးမိုးနိုင် (ထွေ/အုပ်)၊ မလွင်လွင်နိုင်(လျှပ်စစ်စွမ်းအား)၊ မောင်ထက်ကိုကိုတို့၏မိခင်သည် ၈-၃-၂၀၁၄ရက် (သောကြာနေ့) မွန်းလွဲ ၂း၂၀ နာရီတွင် ကွယ်လွန်သွားပါ၍ ၁၀-၃-၂၀၁၄ရက် (တနင်္လာနေ့)မွန်းလွဲ ၂နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ မြန်မာ့အလင်းသတင်းစာတိုက်၊ ရန်ကုန်-မန္တလေးလမ်းဟောင်း၊ ခရေပင်လမ်းခွဲ၊ ဇေယျာသီရိမြို့နယ်၊ နေပြည်တော်တွင် ထုတ်ဝေသည်။ နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ မေးလ် mmalin.npt@gmail.com၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ ကြော်ငြာ ၀၁-၅၄၅၈၃၄။ R/488

အမှာစကားပြောကြား

ပြည်ထောင်စုဝန်ကြီး ဦးသန်းဌေး စာချုပ်လက်မှတ်ရေးထိုးပွဲ အခမ်းအနား တက်ရောက်အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

လက်ပံတိုရေနံမြေရှိ ထုတ်လုပ်မှုလျော့နည်းနေသော ရေနံတွင်းများ၌ ရေနံအထွက်တိုးလုပ်ငန်းများ ပူးတွဲဆောင်ရွက်ရန် စာချုပ်ချုပ်ဆို

နေပြည်တော် မတ် ၉

စွမ်းအင်ဝန်ကြီးဌာနသည်နိုင်ငံတော်၏ စွမ်းအင်လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရေးအတွက်လည်းကောင်း၊ အမျိုးသားစွမ်းအင်ထုတ်လုပ်မှုကို တိုးမြှင့်ရန် အတွက်လည်းကောင်း၊ လူသားအရင်းအမြစ် ဖွံ့ဖြိုးလာစေရန်အတွက်လည်းကောင်း၊ နိုင်ငံသားများ၏ အလုပ်အကိုင်အခွင့်အလမ်းများ ပေါ်ပေါက်ပေါများလာစေရန်အတွက် လည်းကောင်း ပြည်တွင်း/ပြည်ပမှ နည်းပညာနှင့် ရင်းနှီးမြှုပ်နှံမှုများ ဖိတ်ခေါ်ဆောင်ရွက်လျက်ရှိသည်။

စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် Global Intergrated Service Limited (GIS) တို့အကြား လက်ပံတိုရေနံမြေရှိ ထုတ်လုပ်မှုလျော့နည်းသော ရေနံတွင်းများ၌ အဆင့်မြင့်တွင်းကောက်တူးဖော်ခြင်းနည်းလမ်းဖြစ်သည့် Ultra Short Radius Horizontal Drilling Method ဖြင့် ရေနံအထွက်တိုးလုပ်ငန်းများ ပူးတွဲဆောင်ရွက်ရန် ပူးတွဲလုပ်ငန်းဆောင်ရွက်မှုစာချုပ် (Joint Operating Agreement) လက်မှတ်ရေးထိုးပွဲကို ယမန်နေ့ ညနေပိုင်းတွင် နေပြည်တော်ရှိ စွမ်းအင်ဝန်ကြီးဌာန ရတနာခန်းမ၌ လက်မှတ်ရေးထိုးချုပ်ဆိုကြသည်။

အဆိုပါ လက်မှတ်ရေးထိုးပွဲ အခမ်းအနားသို့ စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဌေး၊ သတ္တုတွင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်အောင်၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ဦးဇေယျာအောင်၊ ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာထွန်းရှင်၊ စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီးများဖြစ်ကြသော ဦးထင်အောင်နှင့် ဦးအောင်ထူး၊ ဒုတိယရှေ့နေချုပ် ဦးထွန်းထွန်းဦး၊ Global Integrated Service Limited (GIS) အုပ်ချုပ်မှုဒါရိုက်တာ ဦးအောင်သန်း၊ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

လက်မှတ်ရေးထိုးပွဲတွင် ပူးတွဲလုပ်ငန်းဆောင်ရွက်မှု စာချုပ်ကို မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးမျိုးမြင့်ဦးနှင့် Global Integrated Service Limited (GIS) အုပ်ချုပ်မှုဒါရိုက်တာ ဦးအောင်သန်းကလည်းကောင်း၊ အသိသက်သေများအဖြစ် စွမ်းအင်စီမံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဖေဇင်ထွန်း၊ Global

စာမျက်နှာ ၃ ကော်လံ ၁ ▲

ယူ-၁၄၊ ယူ-၁၆ နှင့် ယူ-၁၉ လူငယ်ဘောလုံးပြိုင်ပွဲများ ကျင်းပခွင့်ပြုနိုင်ရေးအတွက် AFC တာဝန်ရှိသူများ ဘောလုံးကွင်းများကို လာရောက်စစ်ဆေး

ရန်ကုန် မတ် ၉

အာရှဘောလုံးအဖွဲ့ချုပ်(AFC)မှ မစ္စတာပါဗယ်လ် ဦးဆောင်သော တာဝန်ရှိသူများသည် မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် ကျင်းပခွင့်ရရန် အဆိုပြုတင်ပြထားသော AFC ယူ-၁၄၊ ယူ-၁၆ နှင့် ယူ-၁၉ လူငယ်ဘောလုံးပြိုင်ပွဲများနှင့်စပ်လျဉ်း၍ နေပြည်တော်နယ်မြေရှိ ဘောလုံးကွင်းများကို မတ် ၇ ရက်က လာရောက်စစ်ဆေးခဲ့ကြောင်း သိရသည်။

မစ္စတာ ပါဗယ်လ် (Compettion Manager)၊ မစ္စတာကော်နာ (Logistics & Event Manager)၊ မစ္စတာလီ (Media Manager)၊ မစ္စတာချွန် (Marketing Manager) တို့ ပါဝင်သော အာရှဘောလုံးအဖွဲ့ချုပ်မှ တာဝန်ရှိသူများသည် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးတင်အောင်၊ ဦးကိုကိုသိန်း (Director of Logistics Department) တို့နှင့်အတူ နေပြည်တော် ကောင်စီနယ်မြေ ပျဉ်းမနားရှိ ပေါင်းလောင်းကွင်းနှင့် နေပြည်တော် ဇမ္ဗူသီရိမြို့နယ်ရှိ ဝဏ္ဏသိဒ္ဓိကွင်းတို့ကို ပြိုင်ပွဲသတ်မှတ်ချက်များနှင့် ညီမညီစစ်ဆေးပြီး မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။ **(ယာပုံ)**

"ဒီမှာ ဒီလို အဆင့်မီကွင်းတွေ ရှိပါလားဆိုပြီး သူတို့တော်တော်အံ့ဩသွားကြတယ်။ ယူ-၁၄ ပြိုင်ပွဲနဲ့ ဆိုရင် ဝဏ္ဏသိဒ္ဓိကွင်းက တော်တော်ကြီးနေတယ်လို့တောင် ပြောကြတယ်" ဟု ဦးကိုကိုသိန်းက AFC ၏ စစ်ဆေးမှုအခြေအနေကို ပြောပြသည်။

AFC ယူ -၁၄ လူငယ်ဘောလုံးပြိုင်ပွဲသည် AFC လူငယ်ပြိုင်ပွဲကျင်းပရေးကော်မတီဥက္ကဋ္ဌ အဖြစ် တာဝန်ယူလျက်ရှိသည်။ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်၏ တိုက်တွန်းနှိုးဆော်မှုကြောင့် ဖြစ်ပေါ်လာသော ပြိုင်ပွဲဖြစ်ပြီး AFC ၏ ပထမဆုံးအကြိမ်ပြိုင်ပွဲလည်း ဖြစ်သည်။ မြန်မာနိုင်ငံသည် ပထမဆုံး AFC ယူ-၁၄ လူငယ် ပြိုင်ပွဲကို ပထမဆုံးလက်ခံကျင်းပခွင့်ရသည့် နိုင်ငံဖြစ်လာမည်ဖြစ်ကြောင်း သိရသည်။

သတင်း-ဖေမြင့်ဦး

ယနေ့ မာတိကာ

နိုင်ငံ့ဝန်ထမ်း ဥပဒေပြဋ္ဌာန်း
စာ - ၈

တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့် ပုဂ္ဂိုလ်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေပြဋ္ဌာန်း
စာ - ၉

ကြော်ငြာအချပ်ပိုပါရှိ

ယနေ့ထုတ် မြန်မာ့အလင်း သတင်းစာတွင် ကြော်ငြာစာမျက်နှာ အချပ်ပို (က)မှ (ဃ)အထိ ပါရှိပါသည်။

သိန်းနီမြို့၌ လေပြင်းတိုက်

သိန်းနီ မတ် ၉

သိန်းနီမြို့၌ မတ် ၈ ရက် ညနေ ၃ နာရီ ၃၅ မိနစ်မှ ညနေ ၄ နာရီ အထိ လေပြင်းများ တိုက်ခတ်မှုကြောင့် ရပ်ကွက် (၁)နေ ဒေါ်မြသောင်း ၇၇ နှစ်၏ အရှည်ပေ ၄၀၊ အကျယ် ၂၅ ပေရှိ နံရံကပ် နှစ်ထပ်တိုက် အဆောက်အအုံ၏ အမိုး၊ ထုပ်၊ လျှောက်၊ ဒိုင်း၊ မြား၊ သွပ် တို့ ပြုတ်ထွက်ပြီး ကောင်းဟော် ကျေးရွာအုပ်စု တောင်မြို့ရွာ အခြေခံပညာမူလတန်းကျောင်းရှိ အရှည်ပေ ၁၀၀၊ အကျယ် ၂၅ ပေ ရှိ နံကပ်စာသင်ဆောင် အဆောက်အအုံ၏ ၁၀ပေ နှစ်ခန်း၏ အမိုးသွပ်ပြား ၂၄ချပ် ပြုတ်ထွက်ကာ အဆောက်အအုံ၏ ရှေ့တွင် ကျရောက်ခဲ့ပြီး ထိခိုက်ဒဏ်ရာရမှု မရှိကြောင်း သိရှိရသည်။

ချစ်လှ(ပြန်/ဆက်)

ငါးလုပ်ငန်းတက္ကသိုလ် ဖွင့်လှစ်နိုင်ရေးစီစဉ်နေ

သတင်း-မောင်သစ္စာ

နေပြည်တော် မတ် ၉

မြန်မာနိုင်ငံဘက်စုံဖွံ့ဖြိုးရေးအတွက် လူ့စွမ်းအားအရင်းအမြစ်များ ပိုမိုဖြစ်ထွန်းမွေးထုတ်ပေးရန်အတွက် ကြိုးစားလျက်ရှိရာ ယခုအခါ ငါးလုပ်ငန်းတက္ကသိုလ်တစ်ခုကိုဖွင့်လှစ်ရန် စီစဉ်လျက်ရှိကြောင်း မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

"ရေလုပ်ငန်းတွေမှာ နိုင်ငံတကာနဲ့ရင်ပေါင်တန်းနိုင်ပြီး အသိပညာ၊ အတတ်ပညာရှင်တွေ ဖြစ်ထွန်းမွေးထုတ်နိုင်ဖို့အတွက် ငါးလုပ်ငန်းတက္ကသိုလ်ကို ဖွင့်လှစ်နိုင်ဖို့ စီစဉ်နေတာဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံမှာ လိုအပ်နေတဲ့ တက္ကသိုလ်တစ်ခုလည်းဖြစ်နေပါတယ်" ဟု ၎င်းက ပြောကြားသည်။

အဆိုပါငါးလုပ်ငန်းတက္ကသိုလ်ကို နိုင်ငံတော်မှ ငွေကြေးအကုန်အကျခံ တည်ဆောက်ရန်နှင့် နိုင်ငံတကာမှ ငွေကြေးအထောက်အပံ့ အကူအညီများ ရရှိပါကလည်း အကောင်အထည်ဖော်တည်ဆောက်သွားရန် စီစဉ်လျက်ရှိသည်။

ထိုသို့ ငါးလုပ်ငန်းတက္ကသိုလ်ကို အကောင်အထည်ဖော်တည်ဆောက်မှု အမြန်ဆုံးဆောင်ရွက်နိုင်ပါက တက်ရောက်ပညာသင်ကြားမည့် ကျောင်းသားများကို လာမည့်နှစ်အနည်းငယ်အတွင်း လက်ခံသင်ကြားပေးနိုင်ရေး ကြိုးစားဆောင်ရွက်သွားမည်ဖြစ်သည်။

အဆိုပါ ငါးလုပ်ငန်းတက္ကသိုလ်သည် မြန်မာနိုင်ငံအတွက် ပထမဆုံး ငါးလုပ်ငန်းဆိုင်ရာ တက္ကသိုလ်ဖြစ်လာမည်ဖြစ်သည်။ ယင်းတက္ကသိုလ်တွင် တက်ရောက်သင်ကြားမည့် တက္ကသိုလ်ကျောင်းသား ကျောင်းသူများအနေဖြင့် ငါးလုပ်ငန်းဆိုင်ရာအသိပညာ အတတ်ပညာများ၊ ရေလုပ်ငန်းဆိုင်ရာများ၊ ငါးဖမ်းခြင်း၊ ငါးမွေးမြူခြင်းနှင့် ငါးအပါအဝင် ရေထွက်ကုန်ပစ္စည်းများ နိုင်ငံတကာအဆင့်မီ ထုတ်လုပ်နိုင်ရေးများ ဆောင်ရွက်နိုင်မည့် ပညာတတ်လူငယ် အများအပြားကို မွေးထုတ်ပေးနိုင်မည်ဖြစ်သည်။ **(မြန်မာ့အလင်း)**

အမြင့်အဆိုင်ဈေးလျော့ / အချိန်မကုန် / လူမပင်ပန်း / တစ်နေရာတည်းတွင် စိတ်ကြိုက်ရွေးချယ်ဝယ်ယူနိုင်မည့်ပြပွဲကြီး
သကြၤန်အကြိုကုန်စည်ပြပွဲကြီးနှင့်ကားပြပွဲကြီး (မြို့မကွင်း)
နေ့ရက် - (23.3.13 မှ 26.3.13) နေရာ - မြို့မကွင်း၊ ဦးဝိစာရလမ်း၊ ရန်ကုန်မြို့
ပြခန်းစုံစမ်းရန် - SMART BUSINESS GROUP. PH:01-656875,667473, 09-73014777,09-5099079